# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**အကြောင်းသုံးပါးဖြင့် နတ်ပြည်ရောက်**

မှန်သောစကားကို ပြောဆိုရာ၏။ အမျက်မထွက်ရာ။ တောင်းလာသည်ရှိသော် အနည်းငယ်မျှကိုသော်လည်း ပေးလှူရာ၏။ ဤအကြောင်းသုံးပါးတို့ဖြင့် နတ်ပြည်သို့ ရောက်ရ၏။ ကောဓဝဂ်(ဓမ္မပဒ-၂၂၄)


၁၃၈၆ ခုနှစ်၊ နယုန်လဆန်း ၁၃ ရက် | ၂၀၂၄ ခုနှစ်၊ ဇွန် ၁၉ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၃)၊ အမှတ်(၂၅၈)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်း ငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက်(NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ် ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



## နယ်စုံဒေသမှ ရေသွင်းစိုက်ပျိုးထွက်ရှိလာသည့် သီးထပ်မတ်ပဲအသစ်များ မန္တလေးဈေးကွက်အတွင်း ဈေးကောင်းများရရှိကာ အရောင်းသွက်

မန္တလေး ဇွန် ၁၈

၂၀၂၄ ခုနှစ် ပဲရာသီတွင် နယ်စုံဒေသမှ ရေသွင်းစိုက်ပျိုးပြီး ထွက်ရှိလာသည့် သီးထပ်မတ်ပဲအသစ်များ မန္တလေးဈေးကွက်အတွင်း ဈေးကောင်းများရရှိကာ အရောင်းအဝယ်များ သွက်လက်ကောင်းမွန်နေကြောင်း မန္တလေးပဲကုန်သည်များထံမှ သိရသည်။

*စာမျက်နှာ ၃ ကော်လံ ၁ ✳*



## မုံဒုံမြို့၌ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လက်ရက်ကန်းသင်တန်း ဒုတိယအကြိမ် ဖွင့်လှစ်မည်

မုံဒုံ ဇွန် ၁၈

မွန်ပြည်နယ် မုံဒုံမြို့နယ်တွင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ရက်ကန်းနှင့် အသက်မွေးပညာ သင်တန်းကျောင်း၌ လက်ရက်ကန်း ခြောက်လသင်တန်း ဒုတိယအကြိမ်ကို ဇူလိုင် ၁ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်သည်။

သဘာဝဆိုးဆေးကို အခြေခံ၍ အဝတ်အထည် အသုံးအဆောင်ပစ္စည်းများကို တန်ဖိုးမြှင့်ထုတ်ကုန် ထုတ်လုပ်နိုင်စေရန်၊ ရက်ကန်းပညာရပ်များ တိမ်ကောပပျောက်မှုမရှိစေရေး၊ ဒေသအတွင်း အသေးစား၊ အလတ်စား (MSME) လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ရက်ကန်းလုပ်ငန်းများ ကျွမ်းကျင်စွာ တတ်မြောက်၍ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့် အလမ်းရရှိစေပြီး တစ်ပိုင်တစ်နိုင် စီးပွားရေးလုပ်ငန်းတိုးပွားလာစေရန်၊ ယင်းလုပ်ငန်းများအတွက် လိုအပ်သော

*စာမျက်နှာ ၃ ကော်လံ ၁ ❂*


**ယနေ့ ဖတ်စရာ**

ခွေးရုပ် - ဆင်တောင် - ဟင်းခါးကုန်းမှသည် ကလောဆီသို့ . . . ဆောင်းပါး စာ ၆






မြန်မာနိုင်ငံ ရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာနနှင့် သင်တန်းကျောင်း (နေပြည်တော်) ဆောင်းပါး စာ ၁၀

နေတိုးမဟာမိတ် အဖွဲ့ဝင်နိုင်ငံများ ကာကွယ်ရေးအသုံးစရိတ်တိုးမြှင့် နိုင်ငံတကာသတင်း စာ ၁၃






အိန္ဒိယနိုင်ငံ၏ သမဝါယမစနစ်ဆောင်ရွက်ချက်များအား လေ့လာခြင်း ဆောင်းပါး စာ ၁၆

## မြန်မာ့အလင်း

# ပြည်သူအားလုံးပါဝင်လို့ သန်းခေါင်စာရင်းကောက်ကြစို့

၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး အသိပညာပေးဆိုင်းဘုတ်စိုက်ထူခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ကို အမြို့မြို့အနယ်နယ်တို့တွင် ကျင်းပလျက်ရှိသည်။ ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူသည့်လုပ်ငန်းကို လာမည့်အောက်တိုဘာလ ၁ ရက်နေ့မှ ၁၅ ရက်နေ့အထိ ဆောင်ရွက်သွားမည်ဖြစ်ပြီး ရှေ့ပြေးလူဦးရေစာရင်းကို ယခုနှစ် ဒီဇင်ဘာလကုန်ပိုင်းတွင် ထုတ်ပြန်နိုင်ရန် ကြိုးပမ်းသွားမည်ဖြစ်သည်။

၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရာတွင် မြန်မာနိုင်ငံ၏ တိကျမှန်ကန်သည့် လူဦးရေနှင့်လူမှုစီးပွားရေးဆိုင်ရာ စာရင်းအင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ စဉ်ဆက်မပြတ်ရရှိရန်၊ ၂၀၁၄ ခုနှစ်နှင့် ၂၀၂၄ ခုနှစ်အကြား မြန်မာနိုင်ငံ၏ လူဦးရေနှင့်လူမှုစီးပွားရေးဆိုင်ရာ ပြောင်းလဲမှုများကို နှိုင်းယှဉ်လေ့လာသုတေသနပြုလုပ်ပြီး လိုအပ်သည့် မူဝါဒများ၊ မဟာဗျူဟာနှင့် နည်းဗျူဟာများကို ချမှတ်နိုင်ရန်၊ ကဏ္ဍအလိုက် ချမှတ်ဆောင်ရွက်မည့် စီမံကိန်းများကို အထောက်အကူပြုနိုင်ရန်၊ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းနှင့် အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းတို့ကို အကောင်အထည်ဖော်ရာတွင် လိုအပ်သည့်အညွှန်းကိန်းများကို နောက်ဆုံးအခြေအနေနှင့်အညီ ပံ့ပိုးပေးနိုင်ရန်နှင့် အမျိုးသားစာရင်းအင်းစနစ်၏ စာရင်းအင်းကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အမျိုးသားအဆင့် မဟာဗျူဟာကို အထောက်အပံ့ပြုနိုင်ရန် စသည့်ရည်ရွယ်ချက်များ ပါဝင်သည်။

ထို့အပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အန္တိမရည်မှန်းချက်ဖြစ်သော လွတ်လပ်၍တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေးအတွက် တစ်နိုင်ငံလုံးအတိုင်းအတာနှင့် သန်းခေါင်စာရင်းကောက်ယူပြီး ထွက်လာသည့် လူဦးရေစာရင်းမှ မဲစာရင်းများမှန်ကန်စွာ ပြုစုနိုင်ရေးဖြစ်သည်။ "၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် မဲစာရင်းမှားယွင်းမှုကြောင့် နိုင်ငံသမိုင်းတွင် အလွန်ဆိုးရွားသည့် အမည်းစက်ဖြစ်ခဲ့ရသည့်အဖြစ်မျိုး ထပ်မံမဖြစ်စေရေး အဖြစ်နိုင်ဆုံး မဲစာရင်းမှန်ကန်အောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မဲစာရင်းများ မှန်ကန်မှုရှိစေရေးအတွက် လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်သွားမည်ဖြစ်ပြီး လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းကို အောက်တိုဘာလတွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အောင်မြင်စွာကောက်ယူနိုင်ရေးနှင့် စာရင်းကောက်ယူရာတွင် တွေ့ကြုံလာနိုင်သည့် အခက်အခဲများကို ကြိုတင်ပြင်ဆင်ဆောင်ရွက်သွားရမည်ဖြစ်ပြီး တစ်နိုင်ငံလုံးအတိုင်းအတာနှင့် သန်းခေါင်စာရင်းကောက်ယူပြီးမှသာ လူဦးရေစာရင်းထွက်လာမည်ဖြစ်က မဲစာရင်းများ ပြုစုနိုင်မည်ဖြစ်ပါကြောင်း" နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၃/၂၀၂၄) တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

လာမည့်အောက်တိုဘာလတွင် ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူခြင်း၊ ရွေးကောက်ပွဲကို စည်းစနစ်ကျနစွာဖြင့် အစောဆုံးကာလတွင် ကျင်းပခြင်း၊ ရွေးကောက်ပွဲမှ ထွက်ပေါ်လာသည့် အစိုးရကို နိုင်ငံတော်တာဝန်များလွှဲအပ်ခြင်းတို့မှာ တစ်ဆက်တစ်စပ်တည်းပင်ဖြစ်ရာ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းသည် မိမိတို့နိုင်ငံတွင် ဒီမိုကရေစီလမ်းကြောင်းကို ဆက်လက်လျှောက်လှမ်းနိုင်ရန်အတွက် အရေးပါသည့် အဓိကလုပ်ငန်းကြီးတစ်ရပ်ဖြစ်သည်။ လူဦးရေဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များ မှန်ကန်စွာရရှိခြင်းအားဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများလူမှုစီးပွားဘဝမြင့်မားရေးတို့ကိုလည်း ထိထိရောက်ရောက်ဆောင်ရွက်သွားနိုင်မည်ဖြစ်ရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းများတွင် ပြည်သူတစ်ရပ်လုံး တက်ကြွစွာပူးပေါင်းပါဝင်ခြင်း၊ စာရင်းကောက်သူများ မေးမြန်းသည့်မေးခွန်းများကို မှန်ကန်ပြည့်စုံစွာ ဖြေဆိုခြင်းဖြင့် နိုင်ငံသူနိုင်ငံသားတို့ တာဝန်ကျေပွန်နိုင်ကြပါစေကြောင်း။ ။

## မုတ်သုံလေ အားအသင့်အတင့်ရှိနေ

နေပြည်တော် ဇွန် ၁၈

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာမည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာမည်။ ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ရှစ်ပေခန့်ရှိနိုင်သည်။

မိုး/ဇလ

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| | အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (၁) | ဦးဇော်ထွန်းလွင်<br>အထွေထွေမန်နေဂျာ<br>မြန်မာ့ဆိပ်ကမ်းအာဏာပိုင်<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး<br>ဝန်ကြီးဌာန | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့ဆိပ်ကမ်းအာဏာပိုင်<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး<br>ဝန်ကြီးဌာန |
| (၂) | ဦးမျိုးသန်း<br>အထွေထွေမန်နေဂျာ<br>မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး<br>ဝန်ကြီးဌာန | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး<br>ဝန်ကြီးဌာန |

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်း ပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၁

( ခ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၂

( ဂ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၈

( င ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၉

( စ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု (SMS) ၀၉- ၂၅၅၀၀၂၅၁၁

( ဇ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၂

( ဈ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၄

( ဋ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၅

( ဌ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေး ဆက်သွယ်လာသည့်တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**



# ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာ အထူးကိုယ်စားလှယ် မစ္စတာတိန့်ရှီးကျွင်းအား လက်ခံတွေ့ဆုံ

## ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာ အထူးသဖြင့် အာဆီယံနှင့် ကုလသမဂ္ဂတွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေး ကိစ္စတို့အပေါ် ရင်းနှီးပွင့်လင်းစွာဆွေးနွေး



**နေပြည်တော် ဇွန် ၁၈**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာ အထူးကိုယ်စားလှယ် မစ္စတာတိန့်ရှီးကျွင်းအား ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေး ဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-တရုတ် နှစ်နိုင်ငံအကြား တည်ရှိပြီးဖြစ်သည့် ရှိရင်းစွဲ ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မာစေရေး၊ မြန်မာ-တရုတ် နယ်စပ်ဒေသတစ်လျှောက် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးပိုမိုမြှင့်တင်နိုင်ရန် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရေး၊ နှစ်နိုင်ငံဆက်ဆံရေးနှင့် နှစ်ဖက်အပြန်အလှန် အကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများ အရှိန်အဟုန် မြှင့်တင်ဆောင်ရွက်ရေး၊ ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာ အထူးသဖြင့် အာဆီယံနှင့် ကုလသမဂ္ဂတွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေး ကိစ္စတို့အပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် မအူပင်မြို့ရှိ နည်းပညာတက္ကသိုလ်(မအူပင်)နှင့် ကွန်ပျူတာတက္ကသိုလ်(မအူပင်)များသို့ သွားရောက်စစ်ဆေး



**နေပြည်တော် ဇွန် ၁၈**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်သည် တာဝန်ရှိသူများနှင့်အတူ ဇွန် ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့ရှိ နည်းပညာတက္ကသိုလ်(မအူပင်)နှင့် ကွန်ပျူတာတက္ကသိုလ် (မအူပင်) သို့ သွားရောက် ကြည့်ရှုစစ်ဆေးသည်။

**အမှာစကားပြောကြား**

ဇွန် ၁၇ ရက် မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဧရာဝတီတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးခင်မောင်ကြည်၊ တာဝန်ရှိသူများနှင့်အတူ ကွန်ပျူတာတက္ကသိုလ် (မအူပင်) အစည်းအဝေးခန်းမ၌ ကျင်းပသည့် နိုင်ငံတကာ Polytechnic University များအကြောင်း ရှင်းလင်းဆွေးနွေးပွဲသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

ထို့နောက် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာ စိုင်းကျော်နိုင်ဦးက Polytechnic University ၏ သဘောသဘာဝနှင့် ဖြစ်ပေါ်လာမည့်အားသာချက်များကို ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာကြသော ပါမောက္ခချုပ်၊ ဌာနမှူးများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို ဆွေးနွေးမေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြသည်။

**ဖြည့်ဆည်းဆောင်ရွက်ပေး**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဌာနခန်းများ၊ စာသင်ခန်းများ၊ Lab ခန်းများ၊ စာကြည့်တိုက်၊ ကွန်ပျူတာခန်း၊ ကျောင်းသား ကျောင်းသူ အိပ်ဆောင် တည်ဆောက်ပြီးစီးမှု၊ တက္ကသိုလ်ဝင်း အတွင်း သန့်ရှင်းသာယာရေးနှင့် ဥပစာရပ်ကောင်းမွန်ရေး ဆောင်ရွက်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဇွန် ၁၈ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် အဖွဲ့ဝင်များနှင့်အတူ နည်းပညာတက္ကသိုလ် (မအူပင်) အစည်းအဝေးခန်းမ၌ ကျင်းပသည့် နိုင်ငံတကာ Polytechnic University များအကြောင်း ရှင်းလင်းဆွေးနွေးပွဲသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

**ပြန်လည်ဖြေကြား**

ထို့နောက် အမြဲတမ်းအတွင်းဝန်က Polytechnic University ၏ သဘောသဘာဝနှင့် ဖြစ်ပေါ်လာမည့် အားသာချက်များကို ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာကြသော ပါမောက္ခချုပ်၊ ဌာနမှူးများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို ဆွေးနွေးမေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် စာသင်ခန်းများ၊ လက်တွေ့ခန်းများ၊ ကွန်ပျူတာခန်း၊ စက်ပစ္စည်းများ၊ စာကြည့်တိုက်၊ အလုပ်ရုံများ၊ အားကစားရုံနှင့်အားကစားကွင်းများ၊ ကျောင်းသား ကျောင်းသူများ၏ အိပ်ဆောင်နှင့် တက္ကသိုလ်ဝင်း အတွင်း သန့်ရှင်းသာယာရေးနှင့် ဥပစာရပ်ကောင်းမွန်ရေး ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းတို့သည် Polytechnic University တွင် ထည့်သွင်းတိုးချဲ့ တည်ဆောက်မည့် ကျောင်းသားကျောင်းသူအဆောင်၊ Recreation Centre၊ ဆရာမအပျိုဆောင်၊ ပါမောက္ခအိမ်ရာ၊ ဒုတိယပါမောက္ခအိမ်ရာ၊ အရာရှိအိမ်ရာများ၏ ဒီဇိုင်းပုံစံများကို ကြည့်ရှုပြီး အနာဂတ်ဖြစ်ပေါ်လာမည့် လိုအပ်ချက်များနှင့်အညီ တင်ပြဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

* ***ရွှေဖုံးမှ***

အဆိုပါ သီးထပ်မတ်ပဲများသည် ဈေးကွက်အတွင်းသို့ ယခု ဇွန်လမှစ၍ လှိုင်လှိုင်ဝင်ရောက်လာပြီး အထွက်နှုန်းနှင့် အရည်အသွေးပိုင်းများလည်း ကောင်းမွန်လျက်ရှိသည့်အပြင် ဈေးကောင်းများလည်းရရှိနေကြောင်း၊ ယနေ့တွင် သီးထပ်မတ်ပဲ ဈေးနှုန်းမှာ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၃၁၀၀၀၀ ဈေးနှုန်းအထိ မြင့်တက်ကာ ဈေးကောင်းရရှိနေကြောင်း မန္တလေးမြို့မှ စိုးဝင်းမြင့်ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်က ပြောသည်။

"တပေါင်း လပြည့်ကျော်က စိုက်ခဲ့တဲ့ရေသွင်း မတ်ပဲတွေ မန္တလေးဈေးကွက်ကို ဝင်ရောက်လာပြီး ဈေးကောင်းရရှိနေပါတယ်။ ရေသွင်းစိုက်ပျိုးခဲ့တဲ့ သီးနှံဖြစ်ပါတယ်။ တောင်သူတွေ မတ်ပဲကို သီးထပ်စိုက်ပျိုးလို့ အောင်မြင်တဲ့နှစ်လည်းဖြစ်တယ်။ အိန္ဒိယနိုင်ငံနဲ့ ဥရောပနိုင်ငံတွေက ဝယ်လိုအား ကောင်းကောင်းနဲ့ ဝယ်ယူလာတာကြောင့် ဈေးကောင်းရနေတာပါ။ အဲဒါကြောင့် မတ်ပဲဟာ အခါတိုင်းနှစ်ထက်မတူဘဲ ဝယ်လိုအား များပြားနေပြီး ဈေးနှုန်းမြင့်တက်လာနေတာ ဖြစ်တယ်။ သီးထပ်အနေနဲ့ စိုက်ပျိုးတာ အောင်မြင်ဖြစ်ထွန်း ဈေးကောင်းရရှိနေတာကြောင့် တောင်သူတွေ အကျိုးအမြတ်ရရှိတဲ့ နှစ်လို့ပြောလို့ရပါတယ်။ အပိုဝင်ငွေလည်း ရရှိနေပါတယ်။ ဒါကြောင့်လာမယ့်နှစ်မှာ တောင်သူတွေ တိုးချဲ့စိုက်ပျိုးသင့်ပါတယ်" ဟု ၎င်းက ပြောသည်။

လက်ရှိ မန္တလေးပဲဈေးကွက်သို့ ရေသွင်းစိုက်ပျိုးသည့် သီးထပ်မတ်ပဲများ စတင်ဝင်ရောက်လာသည့် ဒေသများမှာ ပခုက္ကူ၊ ရေစကြို၊ မြောင်၊ မတ္တရာစသည့် နယ်များနှင့် စဥ့်ကူးနယ်များမှဝင်ရောက်နေကြောင်း၊ မတ်ပဲကို မြန်မာနိုင်ငံ အထက်အညာဒေသများတွင်သာမက မြန်မာနိုင်ငံအောက်ပိုင်းဒေသများဖြစ်သည့် ဧရာဝတီ၊ ရန်ကုန်နှင့် ပဲခူးတိုင်းဒေသကြီးတို့တွင်လည်း စိုက်ပျိုးထွက်ရှိကြောင်း၊ သီးထပ်အနေဖြင့် အထက်အညာဒေသများတွင်သာ စိုက်ပျိုးကြပြီး အဆိုပါ မတ်ပဲသည် မြန်မာပြည်၏ ပဲသီးနှံတင်ပို့မှုတွင် အများဆုံးဖြစ်ကာ နိုင်ငံခြားဝင်ငွေရှာဖွေပေးသည့် နေရာတွင် နံပါတ်တစ်နေရာ၌ ရပ်တည်လျက်ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

◎ ***ရွှေဖုံးမှ***

နည်းပညာ အထောက်အပံ့များ ဆောင်ရွက်ပေးနိုင်ရေးအတွက် လက်ရက်ကန်းသင်တန်းကို တစ်နှစ်လျှင် နှစ်ကြိမ် ဖွင့်လှစ်ပေးလျက်ရှိကြောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်မြတ်ဇာခြည်ကျော်က ပြောသည်။

အဆိုပါသင်တန်းကို ဇူလိုင် ၁ ရက်မှ ဒီဇင်ဘာ ၃၁ ရက်အထိ လက်ရက်ကန်းပညာရပ်များကို သင်ကြားပေးမည်ဖြစ်ရာ သင်တန်းသူတစ်ဦးလျှင် လစဉ်ငွေကျပ် ၃၀၀၀၀ ထောက်ပံ့ပေးမည်ဖြစ်ပြီး ၁၀ ဦး လက်ခံမည်ဖြစ်ကြောင်း သိရသည်။

**အောင်မျိုးသူ (ပြန်/ဆက်)**



ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်တွင် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေး အသိပညာပေး ဆိုင်းဘုတ်စိုက်ထူခြင်း အခမ်းအနားကို ဇွန် ၁၄ ရက်က ရန်ကုန်-ပြည် ကားလမ်းမပေါ်ရှိ စုပေါင်းရုံး လမ်းဆုံထောင့်နှင့် တောင်ပေါ်လမ်းဆုံထောင့်တို့၌ကျင်းပရာ အသိပညာပေး ဆိုင်းဘုတ်ကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အေးအေး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး စုပေါင်းဓာတ်ပုံရိုက်စဉ်။ မြို့နယ်(ပြန်/ဆက်)

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း တရုတ်နိုင်ငံ ကူမင်းမြို့ရှိ အထင်ကရနေရာများသို့ သွားရောက်လေ့လာ



**နေပြည်တော် ဇွန် ၁၈**

ပဉ္စမအကြိမ်မြောက် လန်ချန်း – မဲခေါင် ရုပ်သံအစီအစဉ် သီတင်းပတ် (5th Lancang – Mekong Audiovisual Week) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့သော ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် အခမ်းအနားသို့ တက်ရောက်ခဲ့ကြသည့် လန်ချန်း – မဲခေါင်အဖွဲ့ဝင်နိုင်ငံများနှင့် တောင်အာရှနိုင်ငံများမှ ကိုယ်စားလှယ်များနှင့်အတူ ယမန်နေ့ မွန်းလွဲပိုင်းက တရုတ်နိုင်ငံ ယူနန်ပြည်နယ် မြို့တော်ကူမင်းမြို့ရှိ အထင်ကရနေရာများသို့ သွားရောက်လေ့လာကြသည်။

**လှည့်လည်ကြည့်ရှုလေ့လာ**

ဦးစွာ ကူမင်း နိုင်ငံတကာပန်းရောင်းဝယ်ရေး လက်ကားဈေးနှင့် ကုန်သွယ်ရေးစင်တာ (Kunmin International FlORA Auction Trading Center Co.lLtd) သို့ ရောက်ရှိပြီး ပန်းများတင်သွင်းမှု၊ မှာယူမှု၊ ထုပ်ပိုးပို့ဆောင်မှုလုပ်ငန်းစဉ်ကိုလည်းကောင်း၊ ယူနန်ဒစ်ဂျစ်တယ် ပန်းထုတ်လုပ်ရေး (Yunnan Digital Flower Industry) ပြခန်းများနှင့် ပန်းများ နမူနာခင်းကျင်းပြသထားမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုလေ့လာသည်။

အဆိုပါ ပန်းရောင်းဝယ်ရေးစင်တာကို တရုတ်အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြုပြင်ပြောင်းလဲရေးကော်မရှင်၊ ယူနန်ပြည်နယ် ပြည်သူ့အစိုးရတို့က ၂၀၀၁ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ယင်းစင်တာအနေဖြင့် ပန်းများအရည်အသွေးတိုးတက်ရေး၊ ပန်းမျိုးစိတ်အသစ်များ သုတေသနပြုလုပ်ရေးနှင့် ပန်းမျိုးစိတ်များ တိုးမြှင့်ရေး၊ ပန်းဈေးကွက်ဆိုင်ရာ သတင်းအချက်အလက်ဝန်ဆောင်မှုများ ပံ့ပိုးပေးရေး၊ နည်းပညာထောက်ပံ့ရေး၊ငွေကြေးနှင့် ပို့ဆောင်ရေး စသည့် ဝန်ဆောင်မှုများ ထောက်ပံ့ကူညီဆောင်ရွက်လျက်ရှိရာ ယခုအခါ ကမ္ဘာတွင် ဒုတိယအကြီးမားဆုံးနှင့် အာရှတွင်အကြီးမားဆုံး ပန်းကုန်သွယ်ရေးစင်တာဖြစ်လာပြီး နေ့စဉ်နိုင်ငံပေါင်း ၄၀ ကျော်သို့ ပန်းများတင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

ဆက်လက်၍ ယူနန်တိုင်းရင်းဆေးထုတ်လုပ်ရေး (Yunnan Baiyao Group Co., Ltd) သို့ ရောက်ရှိကြပြီး ယူနန် မျိုးရင်းအပင်များမှ ထုတ်ယူအသုံးပြုမှု နည်းလမ်းများ၊ သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများတိုးတက်ရေး၊ ပြည်တွင်းလုပ်ငန်းများနှင့် ယူနန်၏ ဇီဝဆေးပညာဆိုင်ရာ တိုင်းရင်းဆေးများ ထုတ်လုပ်ရေး၊ ဈေးကွက်ဖြန့်ချိရေး၊ တိုင်းရင်းရိုးရာဆေးဝါးများဖြင့် ထုတ်လုပ်သော သွားတိုက်ဆေးနှင့် တီထွင်ဆန်းသစ်မှု ပြခန်းများနှင့် တိုင်းရင်းဆေးအရောင်းဆိုင်များကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

ညပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် WANDA REALM ဟိုတယ်၌ ယူနန်နေ့စဉ်သတင်းစာ (Yunnan Daily) ဥက္ကဋ္ဌ မစ္စတာ ဟွန်းဂျူကွမ်းဦးဆောင်သည့်အဖွဲ့မှ ဧည့်ခံသည့် အလုပ်သဘော ညစာစားပွဲသို့တက်ရောက်ပြီး အကြောင်းအမျိုးမျိုးကြောင့် ရပ်တန့်ခဲ့ရသည့် Twin City Forum ကို ယူနန်–မြန်မာ Forum နှင့်ပူးပေါင်း၍ တရုတ်နိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့တွင် မကြာမီပြန်လည် ကျင်းပနိုင်ရန်နှင့် မြန်မာနိုင်ငံမှ မီဒီယာကဏ္ဍအပြင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု စသည့်ကဏ္ဍစုံမှ ပြည်သူများ ပါဝင်တက်ရောက်နိုင်ရေး၊ ကြိုတင်ညှိနှိုင်းပြင်ဆင်ဆောင်ရွက်ရမည့် ကိစ္စရပ်များအတွက် မြန်မာနိုင်ငံသို့ လာရောက်၍ အသေးစိတ်ထပ်မံဆွေးနွေးရေးတို့ကို အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

**တာဝန်ရှိသူများနှင့်တွေ့ဆုံ**

ထို့ပြင် ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ်လိုက်ပါလာသော မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်သည် ညပိုင်းတွင် ယူနန်မီဒီယာအုပ်စု (Yunnan Media Group) မှ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး MeKong Look Application တွင် မြန်မာနိုင်ငံသတင်းများအား ဓာတ်ပုံ၊ ဗီဒီယိုများနှင့်အတူ လွှင့်တင်နိုင်ရေး၊ MRTV နှင့် YMG တို့ မီဒီယာ ပူးပေါင်းဖလှယ်ရေး နားလည်မှုစာချွန်လွှာ (MoU) ရေးထိုးနိုင်ရေးတို့အတွက် ဖြည့်စွက်ဆွေးနွေးခြင်းများ ပြုလုပ်ကာ YMG မှ ထုတ်လုပ်ထားသော Applications နမူနာဖိုင်များနှင့် Video Footage များ လက်ခံရယူခဲ့သည်။

**သတင်းစဉ်**

# စိုက်ပျိုး၊ မွေးမြူရေးအခြေခံ အသေးစား၊ အငယ်စား၊ အလတ်စား MSME လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေး ပံ့ပိုးကူညီ

**နေပြည်တော် ဇွန် ၁၈**



စိုက်ပျိုး၊ မွေးမြူရေးအခြေခံ အသေးစား၊ အငယ်စား၊ အလတ်စား MSME လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက် လာစေရေးအတွက် လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးရန် ရှမ်းပြည်နယ်၌ ရောက်ရှိနေသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးသည် ယမန်နေ့ နံနက်ပိုင်းက နမ့်စန်မြို့နယ် တောင်သူ ဦးဝင်းဇော်၏ မက္ကာဒေးမီးယားကုန်ချောထုတ်စက်ရုံ၌ ကုန်ချောထုတ်လုပ်မှု အဆင့်ဆင့်ဆောင်ရွက်နေမှု၊ အချိုးကျ ငါးအစာဖော်စပ်ခြင်းနှင့် ငါးမွေးမြူရေးလုပ်ငန်း ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှု အားပေးပြီး လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များကို အကြံပြုဆွေးနွေး ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် လွိုင်လင်ခရိုင် ပဲပုပ်စိုက်တောင်သူများနှင့်တွေ့ဆုံ၍ ရှမ်းပြည်နယ်၏ ရေမြေရာသီဥတုတွင် အောင်မြင်ဖြစ်ထွန်းသည့် ဆီထွက်ပဲပုပ်သီးနှံ တိုးချဲ့စိုက်ပျိုးရန် လိုအပ်ချက်များ၊ ပြည်တွင်းစားသုံးဆီဖူလုံစေရေးကို အထောက်အကူပြုနိုင်မှုနှင့် ပဲပုပ်ကြိတ်ဖတ်များကို တိရစ္ဆာန်အစာအဖြစ် သွင်းကုန်အစားထိုးအသုံးပြုနိုင်မှု၊ တောင်သူအကျိုးစီးပွား ဖြစ်ထွန်းနိုင်မှုတို့ကို ဆွေးနွေးပြောကြားပြီး တောင်သူများကို ဆီထွက်ပဲပုပ်မျိုးစေ့များနှင့် မျိုးစေ့ချကိရိယာများ ထောက်ပံ့ပေးအပ်သည်။ (အပေါ်ပုံ)

ယင်းနောက် ဒုတိယဝန်ကြီးသည် လွိုင်လင်ခရိုင် အမှတ်(၁) အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းသို့ရောက်ရှိပြီး ဘာသာရပ်အလိုက် စာပေသင်ကြား ပို့ချနေမှုကို လှည့်လည်ကြည့်ရှု စစ်ဆေးပြီး ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့် တွေ့ဆုံ အားပေးစကား ပြောကြားကာ ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

ညနေပိုင်းတွင် ဒုတိယဝန်ကြီးသည် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ် ဖက်ရမ်းကျေးရွာအုပ်စုအနီးရှိ မွေးမြူရေးဇုန်လျာထားမြေနေရာကို သွားရောက် ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ဆောင်ရွက်ပြီးစီးသည့် လုပ်ငန်းများနှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ပေါင်လင်းကျေးရွာအုပ်စု လုံးတန်ကျေးရွာရှိ ရွှေထွန်းဥစားကြက်မွေးမြူရေးခြံ၌ ဥစားကြက်ကောင်ရေ ၁၀၀၀၀ မွေးမြူလုပ်ကိုင်နေမှုနှင့် ဟိုပုံးမြို့နယ်နှင့် တောင်ကြီးမြို့နယ်တို့သို့ ကြက်ဥ ဖြန့်ဖြူးရောင်းချပေးနေမှုကို သွားရောက်ကြည့်ရှု စစ်ဆေးပြီး တာဝန်ရှိသူများကို ဇီဝလုံခြုံမှုရှိစေရန်နှင့် စားသုံးသူ ဘေးကင်းလုံခြုံရေး ပူးပေါင်းဆောင်ရွက်ရန်မှာကြားကာ မွေးမြူရေးလုပ်ငန်းသုံး ဆက်စပ်ပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ပြည်မြို့နယ်၌ ကျေးရွာပိုင်ထင်းစိုက်ခင်း တစ်ရွာ နှစ်ဧက စိုက်ပျိုးပွဲကျင်းပ

**ပြည် ဇွန် ၁၈**

ပြည်မြို့နယ် မြောက်နဝင်းရွာသစ်ကြီးကျေးရွာအတွက် ကျေးရွာထင်းစိုက်ခင်း တစ်ရွာနှစ်ဧက စိုက်ပျိုးပွဲ အခမ်းအနားကို တုံးရေသစ်တောကြိုးဝိုင်း အကွက်အမှတ် (၁၆) ၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ ပြည်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသိန်းအောင်နှင့် တာဝန်ရှိသူများက ဒေသခံပြည်သူများထံ ပျိုးပင်များ စိုက်ပျိုးရန် ပေးအပ်သည်။ ယင်းနောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက တက်ရောက်လာသော ခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာများနှင့် ဝန်ထမ်းများ၊ အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းအဖွဲ့ဝင်များ၊ ပညာရေးဒီဂရီကောလိပ် (ပြည်) ဆရာ/ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ဒေသခံပြည်သူများ စုစုပေါင်း အင်အား ၃၀၀ ခန့်နှင့်အတူ မန်ကျည်းရှား၊ မဲဇလီ အပါအဝင်အရိပ်ရပင်မျိုးစုံ ပျိုးပင်ပေါင်း ၂၄၂၀ ကို စုပေါင်းစိုက်ပျိုးကြပြီး သစ်ပင်စိုက်ပျိုးနေမှုများကို လိုက်လံကြည့်ရှုအားပေးသည်။ (ဝဲပုံ)

ထို့နောက် ပြည်မြို့နယ် မွေးမြူရေးဇုန်အတွင်းတွင် သီးပင်စားပင်နှင့် အရိပ်ရပင် ၁၅၀၀ ကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ကိုစိုး(ပြန်/ဆက်)**

# သစ်ပင်များစိုက်ပျိုးရာတွင် စိုက်ပျိုးရုံနှင့်မပြီးဘဲ စိုက်ပျိုးပြီးသောသစ်ပင်များ ရှင်သန်ကြီးထွားရေးကို ဝိုင်းဝန်းပြုစု ထိန်းသိမ်းစောင့်ရှောက်

**နေပြည်တော် ဇွန် ၁၈**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် တပ်ကုန်းမြို့နယ် အေးချမ်းသာစံပြကျေးရွာ၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက မိမိတို့ ဝန်ကြီးဌာနအနေဖြင့် တပ်ကုန်းမြို့နယ် အေးချမ်းသာစံပြကျေးရွာရှိ အများပိုင်မြေနေရာ၌ ကျွန်းပင် ၃၀၀၊ ပျဉ်းကတိုး ၁၅ ပင်၊ ပိတောက်ပင် ၁၀၀၊ တမာပင် ၁၀၀၊ ကုက္ကိုပင် ၂၅၀၊ မန်ကျည်းပင် ၁၅၀၊ ကြိမ်ရိုး ၁၅ ပင်၊ မဲဇလီပင် ၁၀၀ ၊ ကံ့ကော် ၁၀ ပင်၊ ခရေပင် သုံးပင် စသည့်အရိပ်ရနှစ်ရှည်ပင် ၅၁၃ ပင်ကို စုပေါင်းစိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ ထို့အတူ မိမိတို့ဝန်ကြီးဌာနအောက်ရှိ သမဝါယမဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနရုံးများနှင့် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ခရိုင်နှင့် မြို့နယ်များတွင် တစ်ပြိုင်တည်း စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ သစ်ပင်များစိုက်ပျိုးရာတွင် စိုက်ပျိုးရုံနှင့်မပြီးဘဲ စိုက်ပျိုးပြီးသောသစ်ပင်များ ရှင်သန်ကြီးထွားရေးကို သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းပြုစုထိန်းသိမ်းစောင့်ရှောက်ရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော်၊ ညွှန်ကြားရေးမှူးချုပ်များက ကံ့ကော်ပင်များကို စိုက်ပျိုးပေးကြပြီး **(ယာပုံ)** ဌာနဆိုင်ရာဝန်ထမ်းများနှင့် ကျေးရွာသူကျေးရွာသားများ၊ ကျောင်းသား ကျောင်းသူများက ကျွန်း၊ ပိတောက်၊ တမာ၊ ကုက္ကို၊ မဲဇလီ စသည့် အရိပ်ရ နှစ်ရှည်ပင်များ စုပေါင်းစိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အေးချမ်းသာစံပြကျေးရွာရှိ မွေးမြူရေးအစုအဖွဲ့များမှ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း RBF ရန်ပုံငွေ၊ ကျေးရွာအဆင့်ဆင်းရဲမှု လျှော့ချရေးစီမံကိန်း(IPRCC)ရန်ပုံငွေတို့ဖြင့် အသားတိုးဝက်များ မွေးမြူထားရှိမှုလည်းကောင်း၊ ပုဂ္ဂလိကလုပ်ငန်းရှင်၊ ကျေးရွာကော်မတီတို့ ပူးပေါင်း၍ စက်ရက်ကန်းဖြင့် ပိတ်စများစမ်းသပ်ထုတ်လုပ်နေမှုကိုလည်းကောင်း ကြည့်ရှုအားပေးကာ လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထို့နောက် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားများကို ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၌လည်းကောင်း၊ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ခရိုင်အဆင့်နှင့် မြို့နယ်အဆင့်ရုံးများ၌လည်းကောင်း ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဝန်ထမ်းများက ပျိုးပင်များကို စုပေါင်းစိုက်ပျိုးပေးကြသည်။



သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအနေဖြင့် ၂၀၂၄ ခုနှစ်၊ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲများတွင် ကျွန်းပင် ၃၀၀၊ ပျဉ်းကတိုး ၁၅ ပင်၊ ပိတောက် ၁၀၀၊ ရေတမာ ၁၂၅ ပင်၊ ကုက္ကို ၂၅၀၊ ခရေ ၂၃ ပင်၊ ကံ့ကော် ၁၀ ပင်၊ မန်ကျည်း ၁၅၀၊ ကြိမ်ရိုး ၁၅ ပင်၊ မဲဇလီ ၁၂၀၊ မဟော်ဂနီ ၄၅ ပင်၊ စက္ကူပန်းပင် ၄၀၊ နွယ်သာကီ ၁၅၀၊ ပန်းအိပင် ၄၀၊ ငုဝါ ၄၅ ပင်၊ စိန်ပန်း ၄၅ ပင်နှင့် ပျဉ်းမပင် ၂၀ စသည့် အရိပ်ရနှစ်ရှည်ပင် အမျိုးအစား ၁၇ မျိုး စုစုပေါင်း ၁၄၈၃ ပင်ကို စိုက်ပျိုးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအစဉ်ဖြင့် မိုးစပါးစိုက်ကေများ ပန်းတိုင်အထွက်နှုန်းရရှိရေး တန်ဖိုးသင့် လက်ဆွဲကောက်စိုက်စက် ၄၈ လုံး လွှဲပြောင်းထောက်ပံ့ပေးအပ်



**သာယာဝတီ ဇွန် ၁၈**

ပဲခူးတိုင်းဒေသကြီး (အနောက်ခြမ်း) ပြည်ခရိုင်၊ နတ်တလင်းခရိုင်နှင့် သာယာဝတီခရိုင်တို့အတွက်ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့အစီအစဉ်ဖြင့် မိုးစပါးစိုက်ကေများ ပန်းတိုင်အထွက်နှုန်းရရှိရေးတွက် တန်ဖိုးသင့်လက်ဆွဲကောက်စိုက်စက်များ ဖြန့်ဝေထောက်ပံ့ခြင်း အခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက သာယာဝတီမြို့ ဆရာစံခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီးအတွင်း မျိုးကောင်းမျိုးသန့် ပြောင်းလဲပေးနိုင်ခဲ့ခြင်း၊ စနစ်ကျလယ်ယာမြေပြုပြင်ပေးနိုင်ခြင်း၊ စိုက်ပျိုးရေရရှိရေး နည်းလမ်းပေါင်းစုံဖြင့် ဆောင်ရွက်ပေးနိုင်ခဲ့ခြင်း၊ စိုက်ပျိုးနည်းစနစ်များ ပြုပြင်ပေးနိုင်ခဲ့ခြင်းတို့ကြောင့် အဓိကသီးနှံ ၁၀ မျိုးအနက် အဓိကသီးနှံ ခြောက်မျိုးအပြင် နွေစပါးလည်း ပန်းတိုင်အထွက်နှုန်း ကျော်လွန်ရရှိနိုင်ခဲ့ပြီဖြစ်ကြောင်း၊ ယခုနှစ် မိုးစပါးစိုက်ရာသီတွင် မိုးစပါးစိုက်ကေများ ပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် တန်ဖိုးသင့် လက်ဆွဲကောက်စိုက်စက်များ ဖြန့်ဝေထောက်ပံ့ပေးရခြင်းဖြစ်ကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးသည် ပဲခူးတိုင်းဒေသကြီး၏ အဓိက စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်ကာ မဖြစ်မနေ စက်မှုလယ်ယာသို့ အလုံးစုံပြောင်းလဲသွားရတော့မည် ဖြစ်၍ ယခုကဲ့သို့ တောင်သူများ လက်လှမ်းမီနိုင်သည့် ဈေးနှုန်းဖြင့် တန်ဖိုးသင့်လက်ဆွဲ ကောက်စိုက်စက်များ ထုတ်လုပ်ရောင်းချပေးလျက်ရှိသကဲ့သို့ ခရိုင်များအလိုက်လည်း တန်ဖိုးသင့် လက်ဆွဲကောက်စိုက်စက်များ ဖြန့်ဝေထောက်ပံ့ပေးလျက် ရှိကြောင်း၊ တောင်သူများအတွက် စိုက်ပျိုးသီးနှံအလိုက် စက်မှုလယ်ယာစနစ်ဖြင့် မြေပြုပြင်ချိန်၊ စိုက်ပျိုးချိန်၊ သွင်းအားစုထည့်သွင်းချိန်နှင့် ရိတ်သိမ်းချိန်တို့တွင် သက်ဆိုင်ရာလယ်ယာသုံး စက်ကိရိယာများ သုံးစွဲနိုင်ရေး အထူးအလေးထားပြီး တီထွင်ဖန်တီးပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးမှူးက သီးနှံအလိုက် ကျရောက်တတ်သည့် ပိုးမွှားနှင့် ဖြစ်ပွားတတ်သည့် ရောဂါပိုးများ ကာကွယ်နှိမ်နင်းခြင်းဆိုင်ရာ အသိပညာပေးပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြည်ခရိုင်၊ နတ်တလင်းခရိုင်နှင့် သာယာဝတီခရိုင်တို့အတွက် လက်ဆွဲကောက်စိုက်စက် ၄၈ လုံးအား လွှဲပြောင်းထောက်ပံ့ ပေးအပ်သည်။ **(အပေါ်ပုံ)**

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးစကားပြောကြားပြီး တန်ဖိုးသင့်လက်ဆွဲ ကောက်စိုက်စက်များကို လှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ပေါင်းတည်မြို့နယ် ကြူတောကန်ကျေးရွာအုပ်စု၌ တစ်ကွင်းတစ်ဆက်တည်း နွေစပါးကေ ၈၀ ရိတ်သိမ်းခြွေလှေ့စက်ဖြင့် ရိတ်သိမ်းနေမှုကို သွားရောက် ကြည့်ရှုအားပေးခဲ့ရာ အစိုတင်း ၁၅၈ တင်း ထွက်ရှိကြောင်း သိရသည်။ ယင်းနောက် ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ စပါးနှင့်ပဲ အလှည့်ကျစိုက်ပျိုးမှုသာ မြေဩဇာ ပိုမိုကောင်းမွန်မည်ဖြစ်ပြီး ဒေသရာသီဥတုနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးနိုင်ရေး အသိပညာပေးရန်နှင့် တောင်သူများ ကိုယ်တိုင်လက်တွေ့ သိမြင်လုပ်ကိုင်နိုင်ရေး စံပြကွက်များ ဖော်ဆောင်ပေးရန်နှင့် သီးနှံအမျိုးအစားအလိုက် မျိုးယှဉ်ပြိုင်စမ်းသပ်ကွက်များဖြင့် စိုက်ပျိုးပြသရန် တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဇီးကုန်းမြို့နယ် ဝက်စာဖိုးကျေးရွာအုပ်စု၌ တစ်ကွင်းတစ်ဆက်တည်း မြေဧရိယာကေ ၁၅၀ ကို လက်ဆွဲကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးပြီး ဒေသခံတောင်သူများအတွက် သွင်းအားစုများထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်ဦးဗိုလ်ဒွေး ဇွန် ၁၈ ရက် နံနက်က သန်လျင်ကျိုက်ခေါက်စေတီအနောက်ဘက် ဝတ္တကမြေ၌ ကျင်းပသော စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတွင် မဟော်ဂနီပင်အမှတ်တရ စိုက်ပျိုးပေးစဉ်။ သန်းဝင်း(သန်လျင်)

# ရွှေတောင်မြို့နယ်အတွင်း ကျေးရွာချင်းဆက် လမ်းများ၌ မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုး

**ရွှေတောင် ဇွန် ၁၈**

ရွှေတောင်မြို့နယ်အတွင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စိမ်းလန်းစိုပြည်ရေးအတွက် မြို့နယ်သစ်တောဦးစီးဌာနနှင့် ကျေးရွာမီးလင်းရေးကော်မတီတို့ ပူးပေါင်း၍ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ကျီးသဲကျေးရွာအုပ်စုတွင် ယနေ့ နံနက်ပိုင်းက ကျင်းပသည်။**(အောက်ပုံ)**

အဆိုပါစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဟံဝင်းအောင်၏ ကြီးကြပ်မှုဖြင့် မြို့နယ်သစ်တောဦးစီးမှူး ဦးဇာနည်ဝင်းနှင့် ဝန်ထမ်းများ၊ ကျေးရွာမီးလင်းရေးကော်မတီဝင်များနှင့် ကျေးရွာနေပြည်သူများက လျှပ်စစ်မီးရရှိပြီး ကျေးရွာများဖြစ်သည့် ကျီးသဲကျေးရွာ၊ အိုးဘိုကုန်းကျေးရွာ၊ ကြပ်ကြီးကုန်းကျေးရွာနှင့် မင်းရပ်ကုန်းကျေးရွာများ၏ ကျေးရွာချင်းဆက်လမ်းများတွင် ပျိုးပင်ပေါင်း ၇၅၈ ပင်ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**



သစ်ပင်စိုက်မှ အရိပ်ရ၏။ ရိပ်ခိုနားနေ အပန်းဖြေ၏

# ခွေးရုပ် - ဆင်တောင် - ဟင်းခါးကုန်းမှသည် ကလောဆီသို့ . . .

ဝထကလသ (နတလ)




ကလောဘူတာနှင့် ပန်းရထား (ရှမ်းရထား)။



ခွေးရုပ်ဘူတာအား တွေ့မြင်ရစဉ်။

**❛အများစုက ကလောဟုဆိုလျှင် ဖွံ့ဖြိုးပြီး မြို့ပြဒေသတစ်ခု၊ ပြည့်စုံပြီးသော ဒေသတစ်ခုဟု သတ်မှတ်ကြ၏။ မှန်ပါသည်။ သို့သော် လမ်းမကြီးများ၊ မြို့ပြများနှင့် အလှမ်းဝေးပြီး အတွင်းပိုင်းကျသော ဒေသများတွင်မူ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးရန် များစွာလိုအပ်နေဆဲပင် . . .**

### ငါးရက်တစ်ဈေး

ငါးရက်တစ်ဈေးသည် ဒေသ၏ ထင်ရှားသော ဓလေ့ပုံရိပ်တစ်ခုဖြစ်၏။ ကလောဈေးနေ့တွင် ပတ်ဝန်းကျင်ရှိ တောင်လား၊ တောင်ကွဲ၊ ဝက်ဖြူရေ၊ ရွှေမင်းဖုန်း၊ ကမ်းပါးနီ၊ ရေချို၊ လွယ်အုံ၊ ဟင်းခါးကုန်း၊ ခွေးရုပ် စသည့်ကျေးရွာပေါင်း ၅၅ ရွာမှ ဒေသခံတိုင်းရင်းသားများက ၎င်းတို့၏ဒေသထွက် အသီးအနှံ၊ အစားအစာများ၊ ပန်းမန်များ လာရောက်ရောင်းချကြသည်။ ဒေသခံများကလည်း စားသောက်ဆိုင်များ၊ ကုန်မာဆိုင်များ၊ ကုန်စို၊ ကုန်ခြောက်ဆိုင်များ၊ အဝတ်အထည်ဆိုင်များ၊ ဒေသထွက် အမှတ်တရပစ္စည်း အရောင်းဆိုင်များဖြင့် စုံလင်စွာရောင်းချကြ၏။

အသီးအနှံ ရောင်းချရရှိသောငွေများဖြင့် မိမိတို့လိုအပ်သောကုန်ပစ္စည်းများကို ဝယ်ယူကြ၏။ လာရောက်ရောင်းချသူအချင်းချင်းလည်း ကုန်ပစ္စည်းဖလှယ်တတ်ကြပြန်သေးသည်။ ထို့ကြောင့် ဈေးနေ့ဆိုလျှင် ပုံမှန်ရက်များထက် ပို၍စည်ကားလှ၏။ ဈေးနေ့တွင် ဒေသခံတိုင်းရင်းသားများ၏ စကားသံများ၊ ဝတ်စားဆင်ယင်မှု၊ ဓလေ့စရိုက်များနှင့် ဒေသအစားအစာများကို စုံလင်စွာ ကြားရမြင်ရနိုင်ပါသည်။

### ပလောင်တောင်ရွာများ

ဟင်းခါးကုန်း အပါအဝင် တောင်ပေါ်ရွာလေးများကို ဒေသခံများက "ပလောင်တောင်"ဟု ခေါ်ကြသည်။ ဟင်းခါးကုန်းကျေးရွာသည် တောင်ထိပ်ပေါ်တွင် တည်ရှိနေသည်။ ဟင်းခါးကုန်းမှ ဆက်သွားလျှင် ဆင်တောင်သို့ ရောက်၏။ ဆင်တောင်ရွာကား အိမ်ခြေ လေးရာကျော်သော ရွာကြီးဖြစ်၏။ ပအိုဝ်း၊ တောင်ရိုး၊ ဓနုတိုင်းရင်းသားများနှင့် ဂေါ်ရခါးလူမျိုးများ နေထိုင်ကြသည်။ ဗမာတိုင်းရင်းသား အနည်းငယ်သာ ရှိပါသည်။ ထို့အပြင် ဟင်းခါးကုန်းရွာသည် လမ်းဆုံဟုလည်း ဆိုရပေမည်။ ထိုရွာမှ ဆင်တောင်၊ ခွေးရုပ်သို့လည်း သွားနိုင်၏။ မြင်းစိုင်းကုန်း၊ မြင်းတိုက်ကျေးရွာများသို့လည်း ဆင်းနိုင်ပါသည်။

ဆင်တောင်နှင့် ခွေးရုပ်ဘူတာ၊ ရထားလမ်းဘေးက ကမ်းပါးနီ၊ ဟင်းခါးကုန်းကျေးရွာများသည် ရှမ်းပြည်နယ် ကလောမြို့နယ်အပိုင်တော့မဟုတ်။ မန္တလေးတိုင်း သာစည်မြို့နယ်အပိုင်။ မြင်းတိုက်ရွာက သာစည်မြို့နယ်တွင် ပါဝင်သော်လည်း မြင်းတိုက်ဘူတာက ကလောမြို့နယ်မှာ ပါဝင်ပါသည်။

ဆင်တောင်နှင့် ခွေးရုပ်ကျေးရွာများသည် ချင်း၊ နန္ဒင်းကို အဓိကထား စိုက်ပျိုးကြ၏။ ထွက်ကုန်များအား ကလောမြို့သို့ တင်ပို့ရောင်းချကြသည်။ ထို ခွေးရုပ်၊ ဆင်တောင်ကျေးရွာများသည် သာစည်-ရွှေညောင် မီးရထားလမ်းပေါ်တွင် တည်ရှိ၏။ ယခင်အချိန်များက အစုန်-အဆန် ရထားများ နေ့စဉ်ပုံမှန်ပြေးဆွဲခဲ့၍ သွားလာရေး အဆင်ပြေခဲ့၏။ သို့သော် ယခုကာလတွင် သီတင်းတစ်ပတ်လျှင် တစ်ကြိမ်ခန့်သာ မီးရထားပြေးဆွဲတော့သဖြင့် ဒေသခံများအတွက် သွားရေးလာရေး များစွာအခက်အခဲဖြစ်နေရလေသည်။ ထို့ကြောင့် ဟင်းခါးကုန်း-ဆင်တောင်- ခွေးရုပ်- မြင်းတိုက်မှ ဒေသခံများသည် ကလောမြို့သို့သွားရန် တစ်ကြောင်းတည်းသာရှိသည့် မြေလမ်းကို အဓိကအားကိုးအားထားပြုနေကြရသည်။ ဒေသခံများအတွက် မရှိမဖြစ်လမ်းဟုသာ ဆိုရပါမည်။

ဒေသခံတစ်ဦးက "အရင်ရထား ပုံမှန်ပြေးဆွဲချိန်ကတော့ ကလော၊ အောင်ပန်းကို ရထားနဲ့ ပို့တယ်။ အခုတော့ ကားနဲ့ပို့ရတယ်။ ရထားခရီးစဉ်ရှိရင်တော့ ကုန်ရော လူပါသွားရတဲ့ စရိတ်အများကြီး သက်သာသွားမှာ" ဟု ဆိုပါသည်။

ပထဝီအနေအထားအရ ခွေးရုပ်၊ ဆင်တောင်၊ ကမ်းပါးနီ၊ ဟင်းခါးကုန်းရွာများအတွက် လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးကိစ္စအဝဝအား ကလောနှင့် အောင်ပန်းမြို့များကို အမှီပြုရပါသည်။ ကလောနှင့် မြင်းတိုက်ဘူတာသွားလမ်းမှာ ကတ္တရာလမ်းဖြစ်၏။ ဟင်းခါးကုန်း - မြင်းတိုက်လမ်းကိုမူ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနက ကျောက်ခင်းလမ်းအဖြစ် ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါသည်။ ဟင်းခါးကုန်း-ဆင်တောင်-ခွေးရုပ် ဆက်သွယ်ထားသည့်မြေလမ်းအခြေအနေကား အတော်ဆိုးရွားခဲ့ပေသည်။ မိုးတွင်းကာလများဆိုလျှင် ဆိုင်ကယ်ဘီးကို ချိန်းကြိုးပတ်၍ မောင်းရသည်။



နယ်စပ်ရေးရာဝန်ကြီးဌာနက ကျောက်ခင်းလမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ပေးခဲ့သည့် ကလောမြို့နယ် တာယော- ရွာသစ်- ညောင်ကုန်း- ရွှေမင်းဖုန်းဘုရား- အလယ်ရွာ- ဆော်တောရွာ-တောင်ပွဲကျေးရွာချင်းဆက်လမ်းကို တွေ့မြင်ရစဉ်။

အများစုက ကလောဟုဆိုလျှင် ဖွံ့ဖြိုးပြီးမြို့ပြဒေသတစ်ခု၊ ပြည့်စုံပြီးသော ဒေသတစ်ခုဟု သတ်မှတ်ကြ၏။ မှန်ပါသည်။ သို့သော် လမ်းမကြီးများ၊ မြို့ပြများနှင့် အလှမ်းဝေးပြီး အတွင်းပိုင်းကျသောဒေသများတွင်မူ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးရန် များစွာလိုအပ်နေဆဲပင်။

### အတိတ်

လွန်ခဲ့သော အနှစ်လေးဆယ်ကျော်-

နိုင်ငံ့ဝန်ထမ်းတစ်ဦးအဖြစ် First Posting ဦးစွာတာဝန်ကျခဲ့သောဌာနမှာ ကလောနယ်မြေ၊ ဟဲဟိုးလွင်ပြင်ဒေသ၊ သီခေါင်တောင်တန်းများ၏အခြေ၊ အင်းခေါင်းဆည်အနီး ပေါ့ပဲရွာလေးအနီး၌ရှိ၏။ တာဝန်ကျရာဒေသသို့ ရန်ကုန်- သာစည်- ရွှေညောင်မီးရထားဖြင့် သွားခဲ့ရသည်။ ထိုရထားကို ရှမ်းရထား၊ ပန်းရထားဟုလည်း ခေါ်ကြသေး၏။ နောက်ပိုင်းတွင် ပန်းရထားကြီးအား အကြိမ်ကြိမ်စီးခဲ့ရပါသည်။

မြေပြန့်သားတစ်ဦးအဖို့ တောင်တန်းဒေသများ၏ အလှအပများကို စတင်ထိတွေ့ခွင့်ရခြင်းပင်။ ရထားပြတင်းပေါက်မှ မြင်တွေ့ရသည့် မြေပြန့်ဒေသနှင့် ကွဲပြားနေသည့် ပတ်ဝန်းကျင်အလှတရားများကို မှင်တက်အံ့သြစွာ ငေးမောခဲ့ရဖူးပါသည်။

မီးရထားကြီးသည် မြင်းတိုက်(Myindaik)၊ ဆင်တောင်(Sintaung)၊ ခွေးရုပ် (Khwayyoke) စသည့် တိရစ္ဆာန်လေးများအမည်ဖြင့် ဘူတာငယ်များကို ဖြတ်သန်းရသည်။ ရထားလမ်းသည် မြေပြန့်မှ ပင်လယ်ရေမျက်နှာပြင်အထက် ၁၄၀၆ မီတာရှိ ကလောမြို့သို့ တောင်တက်လမ်းပုံစံ ဖောက်လုပ်ထားခြင်းဖြစ်၏။ လွန်းထိုးလေးခုနှင့် ဥမင်များကို ကျော်ဖြတ်သွားရ၏။ အကွေ့အကောက်အတက်တရစပ်ကြမ်းလှသည်။ ပထမ လွန်းထိုးမှ ဒုတိယလွန်းထိုးအထိ ရထားကြီးသည် နောက်ဆုတ်တက်ရ၏။ ဒုတိယလွန်းထိုးမှ တတိယလွန်းထိုး၊ ခွေးရုပ်ဘူတာအထိ ရှေ့သို့တောက်လျှောက် အတက်ကြမ်းလွန်းလှပေသည်။ ဤသို့ဖြင့် မြင်းတိုက်ဘူတာကျော်လျှင်တော့ တောင်ပေါ်မြို့ ကလောသို့ ရောက်ပါပြီ။

ထိုအချိန်က ကလောမြို့ပတ်ဝန်းကျင်၌ ထင်းရှူးတောတို့ ပိန်းပိတ်ထူထပ်နေသည်ကို ပြန်လည်သတိရမိသည်။ "ကလော"က ဆက်ထွက်တော့ "အောင်ပန်း"ဘူတာ။

အောင်ပန်းမြို့သည်လည်း ထိုအချိန်က တိုင်းရင်းသားရိုးရာအိမ်လေးများနှင့် ကျေးရွာပုံစံမျိုးမျှသာ။ ရထားကြီးသည် အောင်ပန်းမှ ဆက်ထွက်သည်။ မီးရထားလမ်းသည် သီခေါင်တောင်တန်းကို ကွေ့ကောက်ဖြတ်သန်းသွား၏။ ကန်နား (Kann Narr)ရွာ ဘူတာအလွန်သည် ဟဲဟိုးဘက်သို့ အဆင်းဖြစ်၏။ ဟဲဟိုး(HeHo) မြို့လေးသည် တောင်လေးလုံးတောင်တန်း၏အခြေ၌ တည်ရှိသော လွင်ပြင်ဒေသဖြစ်လေသည်။

ရထားလမ်းဖြတ်သန်းရာ ကန်နားရွာအလွန်တောင်ထိပ်မှနေ၍ လှမ်းပြီးမြင်တွေ့နေရသည့် ရိုးရာအိမ်မည်းမည်းလေးများနှင့် ရွာအစုစုများ၊ ဝါးပင်တန်းစိမ်းစိမ်းများ၊ စိုက်ခင်းရောင်စုံများ၊ မြေနီနီလွင်ပြင်နှင့် လွင်ပြင်အဆုံးသတ်ရှိ နောက်ခံတောင်စဉ်တောင်တန်းညို့ညို့များ၏ ရှုခင်းများက ဆီးကြိုနေကြသည်။ ထိုမြင်ကွင်း အေးအေးချို့ချို့များက ယနေ့ထက်တိုင် ရင်သို့ထိခတ်နေဆဲပင်။

ဆယ်စုနှစ် လေးစုနီးပါး ဤဒေသနှင့် ခွဲခွာခဲ့ရသည်။ နောက်ပိုင်း မိသားစုနှင့် အပန်းဖြေခရီးစဉ်၊ ဌာန၏ ဖွံ့ဖြိုးရေးလုပ်ငန်းတာဝန်များနှင့် ပြန်ရောက်ဖြစ်ပါသည်။ သို့သော် ရထားလမ်းခရီးနှင့် မဟုတ်တော့။ ကားလမ်းခရီးနှင့်သာဖြစ်၏။ ရထားဖြင့်ဖြစ်စေ၊ ကားဖြင့်ဖြစ်စေ ဒေသကတော့ လှပအေးချမ်းစွာ ကြိုဆိုနေလျက်ပင်။

စာမျက်နှာ ၇ သို့

**ဤခရီး၊ ဤလမ်းများ ကောင်းမွန်စေရေး ဒေသခံများ မျှော်လင့်ခဲ့ရသည်မှာ ဆယ်စုနှစ်များစွာ ကြာခဲ့ပေပြီ။ နိုင်ငံတော်အကြီးအကဲများနှင့် မိမိတို့ဝန်ကြီးဌာနက ကွင်းဆင်းစိစစ်၍ လမ်းများအဆင့်မြှင့်တင်ပေးရန် လျာထားချိန်မှစ၍ ဒေသခံပြည်သူများ၏ ပျော်ရွှင်ဝမ်းမြောက်မှုများကား ဖော်ပြနိုင်စွမ်းမရှိခဲ့။ ယခုအခါ လမ်းများကောင်းမွန်သွားခဲ့ပေပြီ။ သူတို့ လိုလားတောင့်တခဲ့သည့်ဆန္ဒများ ပြည့်ဝခဲ့လေပြီ။ ကလောမြို့ဝန်းကျင် ပလောင်တောင်ဒေသ ကျေးရွာများ၏ အိပ်မက်ကို နယ်စပ်ရေးရာဝန်ကြီးဌာနက အကောင်အထည်ဖော်ပေးနိုင်ခဲ့လေပြီ**

*စာမျက်နှာ ၆ မှ*

**ပစ္စုပ္ပန်**

ယခုအခါ စာရေးသူသည် နယ်စပ်ရေးရာဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်ခွင့်ရခဲ့သည်မှာ ဆယ်စုနှစ် နှစ်စုနီးပါး ရှိခဲ့ပေပြီ။ “**အကြောင်းအမျိုးမျိုးကြောင့် ဖွံ့ဖြိုးမှုနောက်ကျကျန်ခဲ့ရသည့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုကို ပြည်နယ် ပြည်မ အကြားအလပ်မရှိစေရေး အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ပေးရန်**” ဟူသော ဝန်ကြီးဌာန၏ မဟာဗျူဟာသည် ရည်ရွယ်ချက်ကောင်းမွန်၍ အလွန်မွန်မြတ်လှပေသည်။

ဤကလောဒေသတွင် နယ်စပ်ရေးရာဝန်ကြီးဌာနက မြို့ပြနှင့်ကျေးလက်၊ ကျေးလက်အချင်းချင်း ဆက်သွယ်သော ဖွံ့ဖြိုးရေးလမ်း၊ တံတားတည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။ ထို့အပြင် ဒေသခံများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန် စက်မှုလက်မှုသင်တန်းကျောင်း (အောင်ပန်း) ကိုလည်း ဖွင့်လှစ်ပေးထားပြီး ဖြစ်ပါသည်။ ဒေသတည်ငြိမ်အေးချမ်းမှုနှင့်အတူ ဖွံ့ဖြိုးတိုးတက်သော ဒေသတစ်ခု ဖြစ်ခဲ့ပေပြီ။

ထင်းရှူးပင်တွေ ပါးရှားသွားသည်မှအပ လမ်းဘေးရွာလေးများ မြို့ဖြစ်လာသည်။ လူသွားလမ်းလေးများ/ လှည်းလမ်းများက ကျောက်ခင်းလမ်း/ ကတ္တရာလမ်းများ ဖြစ်ကုန်သည်။ ရွာလေးများသည် မီးထိန်ထိန်နှင့် ရေစနစ်၊ မီးစနစ်များ ခေတ်မီလာကြကုန်၏။ ခေတ်နှင့်အညီ တိုးတက်မြင့်မားနေပေပြီ။

သို့သော် ဒေသတွင်းဆက်သွယ်မှု လမ်းကွန်ရက်များ ကောင်းမွန်သည်ထက် ကောင်းမွန်အောင် ဆောင်ရွက်ပေးရန်အတွက် လိုအပ်နေဆဲပင်ဖြစ်သည်။

**ကလောမြို့**

ဤသို့သော “ကလော” သည်ကား ရှမ်းပြည်နယ်တောင်ပိုင်းနှင့် မြန်မာနိုင်ငံ အလယ်ပိုင်းတို့ ဆင်းရာ၊ တက်ရာ တံခါးပေါက်နေရာပင်။ ပြည်ထောင်စုလမ်းမကြီးသည် ကလောမြို့ကို ဖြတ်သန်းသွား၏။

ရှေးမြန်မာမင်းများ လက်ထက်ကတည်းက “ကလော”သည် ရှမ်းပြည်နယ်သို့ လာရာလမ်းတွင် ခရီးတစ်ထောက် နားခိုရာနေရာတစ်ခုလည်း ဖြစ်ခဲ့သည်။

“နွားများလွတ်ကျောင်းရာနေရာ” ဟု အဓိပ္ပာယ်ရသော ဓနုအမည် “ကလော” သည် ဒေသအတွင်း ကုန်သွယ်ရာနေရာတစ်ခုအဖြစ် ရည်ညွှန်းထားပါသည်။ အဆိုပါအမည်ကိုပင် ပလောင်ဘာသာဖြင့် “ဒယ်အိုးစောက်” ဟုအဓိပ္ပာယ်ရသော “ကလောင်” ဟုဆိုကြသည်။ ရှမ်းစော်ဘွားများ အုပ်ချုပ်စဉ်ကာလများက ဈေးနေ့သတ်မှတ်ပေးခဲ့ရာ ရွာများမှ ဈေးနေ့တွင် လှည်းများဖြင့် လာရောက်ရောင်းချကြသည်။ ထို့ကြောင့် မြန်မာအဓိပ္ပာယ် “လှည်းဈေး”၊ ရှမ်းဘာသာဖြင့် “ဂါတ်လေ့” ဟုခေါ်ပါသည်။ အချိန်ကြာလာသည်နှင့်အမျှ “ကလော”ဟု ပြောင်းလဲသွားခဲ့သည်ဟု ဆိုကြပါသည်။ ထို့ကြောင့် ကလောဒေသသည် ရှေးယခင်ကပင် လူမျိုးစုပေါင်းစုံ ချစ်ခင်ရင်းနှီးစွာ အေးအတူ၊ ပူအမျှ အတူတကွနေထိုင်ခဲ့ရာ နယ်မြေတစ်ခုဖြစ်ကြောင်း အဆိုပါရှင်းလင်းချက်များက ညွှန်ပြနေပါသည်။

ကလောမြို့ကို ဗဟိုပြု၍ မဂ္ဂဆင်စခန်း၊ အိုးစည်တောင်၊ မိုင်းလုံးတောင်၊ ရေယောင်းမ View Point၊ ပင်းတယ၊ ရွာငံ၊ ညောင်ရွှေ၊ အင်းလေး၊ တောင်ကြီး၊ ကျောက်တစ်လုံး(ကက္ကူ)၊ ဟိုပုံးမြို့၊ တီကျစ်ဒေသများသို့လည်း သွားရောက်လည်ပတ်နိုင်ပါသည်။ ထို့ကြောင့် ရပ်ရွာလူထုအခြေပြု ခရီးသွားလုပ်ငန်း (Community Based Tourism) အတွက် ကောင်းမွန်သည့် ဒေသတစ်ခုဟု သတ်မှတ်ထားပါသည်။

**အိပ်မက်များ နီးထစေခဲ့ပြီ**

နိုင်ငံတော်ဝန်ကြီးချုပ်သည် ၂၀၁၇ ခုနှစ်၊ မိုးအကုန်ဆောင်းအကူးကာလက ဤကလောဒေသသို့ ခရီးစဉ်ဖြင့် ရောက်ရှိခဲ့သည်။ ဒေသခံများနှင့် နွေးထွေးရင်းနှီးစွာ တွေ့ဆုံခဲ့ပါသည်။ ဒေသခံများက “**ကလောမြို့ နီးဘုရားလမ်းခွဲမှ တာယောကျေးရွာ-ညောင်ကုန်း - ရွှေမင်းဖုန်းဘုရားနှင့် တောင်ပဲ့ကျေးရွာချင်းဆက်လမ်းမှာ ရွာသူရွာသားများ ဒေသအစီအစဉ်ဖြင့် ဖောက်လုပ်ထားသည့် လမ်းသာဖြစ်သဖြင့် အဆင့်မြှင့်တင်ပေးပါရန်**”ဟု တင်ပြခဲ့ကြသည်။ တင်ပြချက်များအား နယ်စပ်ရေးရာဝန်ကြီးဌာနက အကောင်အထည်ဖော်ပေးရန် တာဝန်ပေးအပ်ခဲ့ပါသည်။

နယ်စပ်ရေးရာဝန်ကြီးဌာနသည် ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်မှစ၍ ဤလမ်းများအား အဆင့်မြှင့်တင်ခြင်းလုပ်ငန်း စတင်ဆောင်ရွက်ပေးခဲ့ပါသည်။

ကလောမြို့ ရပ်ကွက် (၈)မှ တာယော-ရွာသစ်-ညောင်ကုန်း - ရွှေမင်းဖုန်းဘုရား - အလယ်ရွာ-ဆော်တောရွာ- တောင်ပဲ့ ကျေးရွာချင်းဆက်လမ်းအား ၂၀၂၀-၂၀၂၂ ဘဏ္ဍာရေးနှစ်တွင် မြေလမ်းတာချဲ့ခြင်း ၁၀ မိုင် ၅ ဖာလုံ နှင့် ၅ ပေ မြောင်းကူးတံတား ၂၀ ကိုလည်းကောင်း၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်တွင် ၎င်းမြေလမ်း အဆင့်မြှင့်တင်ပေးရန် ၄ မိုင် ကျောက်ခင်းခြင်းနှင့် ၂၀၂၃ - ၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် ၄ မိုင်၊ စုစုပေါင်း ၈ မိုင် ကျောက်ခင်းလမ်း ဆောင်ရွက်ပေးခဲ့ပါသည်။ ထို့အပြင် အဆိုပါလမ်းမှ တစ်ဆင့် ရွှေမင်းဖုန်းကျေးရွာအုပ်စု ရှုခင်းသာမှ ဟင်းခါးကုန်းကျေးရွာသို့ ဆက်သွယ်သည့် မြေသားလမ်း ၂ မိုင် လမ်းတာချဲ့ခြင်းနှင့် ၎င်းလမ်းပေါ်တွင် ၅ ပေ မြောင်းကူးတံတား ခြောက်စင်း တည်ဆောက်ခြင်းအား ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်တွင် ဆက်စပ်ဆောင်ရွက်ပေးခဲ့ပါသည်။

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ခြောက်ကြိမ်တိုင်တိုင် ဤလမ်းလုပ်ငန်းများ ပြီးစီးမှုအား မြေပြင်ကွင်းဆင်းစစ်ဆေးခဲ့ပါသည်။ ကွင်းဆင်းစစ်ဆေးသည့် ခရီးစဉ်၌ ဖောက်လုပ်ထားသည့်လမ်းများနှင့် လမ်းကြောင်းတစ်ခုတည်းဖြစ်သည့် ရှုခင်းသာ-ဟင်းခါးကုန်း- ဆင်တောင်- ခွေးရုပ်ကျေးရွာများ ဆက်သွယ်သည့်လမ်းအား ဆက်လက်အဆင့်မြှင့်တင်ပေးရန် စီစဉ်ခဲ့ပါသည်။

ထိုဟင်းခါးကုန်း - ဆင်တောင်- ခွေးရုပ်လမ်းသည် စုစုပေါင်း ၅ မိုင် အရှည်ရှိ၏။ ဟင်းခါးကုန်းကျေးရွာမှ ဆင်တောင်ကျေးရွာအထိ ၂ မိုင် ၂ ဖာလုံကွာဝေး၏။ ဆင်တောင်ကျေးရွာမှ ခွေးရုပ်ကျေးရွာအထိ ၂ မိုင် ၆ ဖာလုံကွာဝေး၏။ လမ်း၏အကျယ်မှာ ၈ ပေ၊ ၁၀ ပေခန့်သာရှိသော တစ်ကြောင်းထိုးမြေသားလမ်းသာဖြစ်ပြီး မိုးရွာသွန်းမှုများကြောင့် လမ်းသားများ ရေတိုက်စားပျက်စီးနေကြ၏။ ရေစီးကြောင်းမြောင်းများက လမ်းကို ကန့်လန့်ခံထားပြန်သည်။ အချို့နေရာများသည် တောင်ကမ်းပါးယံသားများပဲ့ကျပြီး လမ်းကြောင်းပေါ်သို့ ပြိုကျပိတ်ဆို့နေကြ၏။ မော်တော်ကားများ သွားလာခြင်းမပြုနိုင်။ ဆိုင်ကယ်နှင့် ခြေလျင်ဖြင့်သာ သွားလာအသုံးပြုနိုင်ကြောင်း စိစစ်တွေ့ရှိရပါသည်။ နယ်မြေအေးချမ်းတည်ငြိမ်သော်လည်း ဤတစ်ကြောင်းတည်းသော လမ်းကိုသာအားထား၍ ခက်ခက်ခဲခဲ သွားလာနေရ၏။ ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် ကျေးရွာနေပြည်သူများအနေဖြင့် မဖြစ်မနေ သွားလာအသုံးပြုနေကြရသည်။

ထို့ကြောင့် ၂၀၂၃ - ၂၀၂၄ ဘဏ္ဍာရေးနှစ်၌ ဟင်းခါးကုန်းမှ ဆင်တောင်- ခွေးရုပ်ဘူတာအထိ ၅ မိုင် မြေလမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို အကောင်အထည်ဖော်ပေးခဲ့ပါသည်။ မူလမြေလမ်း ၁၀ ပေ ကို လမ်းအကျယ် ၂၉ ပေအထိ လမ်းတာချဲ့ပေးခဲ့ခြင်းဖြစ်သည်။ လမ်းသားမပျက်စီးစေရန်၊ ရေစီးဆင်းမှု ကောင်းမွန်စေရန် လိုအပ်သောနေရာများတွင် ၅ ပေ မြောင်းကူးတံတား ကိုးစင်းကိုလည်း တည်ဆောက်ပေးခဲ့ပါသည်။

ယခု ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် ရွှေမင်းဖုန်း – တောင်ပဲ့လမ်း အဆင့်မြှင့်တင်ပေးရန် ကျောက်ခင်းလမ်း ၂ မိုင်နှင့် ကတ္တရာလမ်း ၄ ဖာလုံ တို့အား နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ ၄၁၀ ဒသမ ၆ သန်းဖြင့်လျာထားခဲ့ပြီး ထပ်မံဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

နိုင်ငံတော်အစိုးရသည် ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်မှ ၂၀၂၄- ၂၀၂၅ ဘဏ္ဍာရေးနှစ်အထိ လမ်းများလမ်းတာချဲ့ပေးခြင်း ၁၅ မိုင် ၅ ဖာလုံ၊ ကျောက်ခင်းလမ်း ၁၀ မိုင်၊ ကတ္တရာလမ်း ၄ ဖာလုံနှင့် မြောင်းကူးတံတား ၃၆ စင်းတို့ကို နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေနှင့် ရှမ်းပြည်နယ်အစိုးရပြည်နယ်ရန်ပုံငွေနှစ်ရပ် စုစုပေါင်းငွေကျပ် ၂၂၂ ဒသမ ၁၁၇ သန်းဖြင့် ဤဒေသ၏ လမ်းပန်းဆက်သွယ်မှုကဏ္ဍ ကောင်းမွန်ရေး ဆောင်ရွက်ပေးနိုင်ခဲ့လေပြီ။

ဤခရီး၊ ဤလမ်းများ ကောင်းမွန်စေရေး ဒေသခံများ မျှော်လင့်ခဲ့ရသည်မှာ ဆယ်စုနှစ်များစွာ ကြာခဲ့ပေပြီ။ နိုင်ငံတော်အကြီးအကဲများနှင့် မိမိတို့ဝန်ကြီးဌာနက ကွင်းဆင်းစိစစ်၍ လမ်းများအဆင့်မြှင့်တင်ပေးရန် လျာထားချိန်မှစ၍ ဒေသခံပြည်သူများ၏ ပျော်ရွှင်ဝမ်းမြောက်မှုများကား ဖော်ပြနိုင်စွမ်းမရှိခဲ့။ ယခုအခါ လမ်းများကောင်းမွန်သွားခဲ့ပေပြီ။ သူတို့ လိုလားတောင့်တခဲ့သည့် ဆန္ဒများ ပြည့်ဝခဲ့လေပြီ။ ကလောမြို့ဝန်းကျင် ပလောင်တောင်ဒေသ ကျေးရွာများ၏အိပ်မက်ကို နယ်စပ်ရေးရာဝန်ကြီးဌာနက အကောင်အထည်ဖော်ပေးနိုင်ခဲ့လေပြီ။

**ကိုယ်တိုင်မြင်တွေ့ခံစားကြည့်ပါ**

“**ဒေသတစ်ခုကို လမ်းပန်းဆက်သွယ်ရေးကောင်းအောင် အရင်ဆုံးလုပ်ပေးလိုက်ပါ။ ကျန်တာတွေက အလိုလိုမျက်စိပွင့်၊ နားပွင့်ဖြစ်သွားမှာပါ**” ဟု အကြီးအကဲတစ်ဦးက လမ်းညွှန်ခဲ့ဖူးပါသည်။

မြန်မာနိုင်ငံအနှံ့အပြား၌ ကားလမ်းမကြီးများ၊ ရထားလမ်းများဖြတ်သန်းရာ နံဘေးရှိ မြို့/ ကျေးရွာများသည် ပိုမိုဖွံ့ဖြိုးတိုးတက်ကြကုန်၏။ သို့သော် လမ်းမကြီးများနှင့် အလှမ်းဝေးရာ၊ ခရီးဆက်သွယ်သွားဖို့ခက်ခဲရာ၊ အရောက်အပေါက်နည်းပါးရာ ဒေသများရှိ ကျေးရွာများကား ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်ချက်အများအပြား ရှိနေဆဲပင်။ ထိုဒေသတို့သည် ဖွံ့ဖြိုးရေးကို အထူးငံ့လင့်ကုန်ကြ၏။ နယ်စပ်ဒေသများမှပင်မဟုတ်။ မြို့ကြီး၊ မြို့ငယ်များဘေးတွင် ရှိနေစေကာမူ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှု မရှိခြင်းကြောင့် တိုးတက်သင့်သလောက် မတိုးတက်၊ ဖွံ့ဖြိုးသင့်သလောက် မဖွံ့ဖြိုးသောဒေသများလည်း အများအပြား ရှိနေဆဲပင်။

စိမ်းညို့သောတောင်တန်းများ၊ မြင့်မားသော ထင်းရှူးတောများ တည်ရှိရာ “ကလော”နှင့် ပတ်ဝန်းကျင်အရပ်ဒေသများသည်ကား-

မြင်သမျှတို့ လှပအေးချမ်း၏။

ကြားသမျှတို့ သာယာချိုမြိန်၏။

စိတ်ကူးထင်သမျှတို့ ကြည်နူးပီတိဖြစ်ရ၏။

သို့သော် တချို့အလှတရား၊ အမှန်တရားတို့သည် စာဖြင့်ဖော်ပြ၍မရ။

ဓာတ်ပုံနှင့်ရိုက်ပြ၍လည်း သေချာမမြင်နိုင်။

ပစ္စက္ခအခြေအနေကို ကိုယ်တိုင်မြင်တွေ့ ခံစားကြည့်မှသာ ပြီးပြည့်စုံပါလိမ့်မည်။ ။



ကလောဈေးနေ့။

# ကရင်ပြည်နယ်ဝန်ကြီးချုပ်ဖလား အသက်(၂၅)နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ ကျင်းပ

**ဘားအံ ဇွန် ၁၈**

၂၀၂၄ ခုနှစ် ကရင်ပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်ဖလား အသက်(၂၅) နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဇွန် ၁၇ ရက် မွန်းလွဲ ၃ နာရီက ဘားအံမြို့ လှာကမြင်ကွက်သစ်ရှိ ဖွဲကပင်အားကစားကွင်း၌ ကျင်းပသည်။

ဖွင့်ပွဲတွင် ပြိုင်ပွဲဝင်အားကစားသမားများက ကွင်းအတွင်းနေရာယူကြပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ယနေ့ကျင်းပသည့်ပြိုင်ပွဲသည် ဇူလိုင် ၁ ရက်မှ ၁၅ ရက်အထိ နေပြည်တော်တွင် ကျင်းပပြုလုပ်မည့် ပြည်နယ်နှင့် တိုင်းဒေသကြီး အသက်(၂၅)နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်ရန်နှင့် အောင်မြင်မှုရရှိရန် ရည်ရွယ်ကျင်းပသည့် ပြိုင်ပွဲဖြစ်ကြောင်း၊ ပြိုင်ပွဲဝင်အားကစားသမားများအနေဖြင့် သတ်မှတ်ထားသောဘောလုံးစည်းမျဉ်း၊ စည်းကမ်းဥပဒေဘောင်အတွင်းမှ မိမိတို့အသင်းအနိုင်ရအောင် ကြိုးစားယှဉ်ပြိုင်ကြစေလိုပြီး ဘောလုံးအားကစားနည်းဖြင့် မိမိတို့၏ မြို့နယ်၊ ပြည်နယ်၊ နိုင်ငံ့ဂုဏ်ကို မြှင့်တင်ဂုဏ်ဆောင်ပေးနိုင်ကြသူများဖြစ်အောင် ကြိုးစားကြစေလိုကြောင်း ပြောကြား၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန်ရွတ်ဆိုကြပြီး ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများသည် ပြိုင်ပွဲဝင်အားစကားသမားများအား လိုက်လံနှုတ်ဆက်၍ အားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်ကာ(**ယာပုံ**) ဘင်ခရာ၊ ပန်းဖွားအဖွဲ့များအား အမှတ်တရ ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဘောလုံးအားကစားဝါသနာရှင်များက အဖွင့်ပွဲစဉ်အဖြစ် ဘားအံမြို့နယ် ဘောလုံးအသင်းနှင့် ကြာအင်းဆိပ်ကြီးမြို့နယ် ဘောလုံးအသင်းတို့ယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးကြပြီး အဆိုပါပွဲစဉ်တွင် ဘားအံမြို့နယ် အမျိုးသမီးဘောလုံးအသင်းက ၁၄ ဂိုး- ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြောင်းနှင့် အဆိုပါပြိုင်ပွဲကို ပြည်နယ်အတွင်းရှိမြို့နယ်များမှ ပြိုင်ပွဲဝင်အသင်း ခုနစ်သင်း အားကစားသမား ၁၄၀ တို့သည် ဇွန် ၁၇ ရက်မှ ဇူလိုင် ၂၆ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။



**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ကချင်ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့က မြစ်ကြီးနားမြို့ အခြေခံပညာမူလတန်းကျောင်း သုံးကျောင်းရှိ ကျောင်းသား ကျောင်းသူ ၄၂၁ ဦးတို့အတွက် ကျောင်းသုံးဗလာစာအုပ်နှင့် စာရေးကိရိယာပစ္စည်းများ ပေးအပ်လှူဒါန်း

**မြစ်ကြီးနား ဇွန် ၁၈**

ကချင်ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဝင်များက မြစ်ကြီးနားမြို့ပေါ်ရှိ အခြေခံပညာ မူလတန်းကျောင်းများရှိ မူလတန်းကလေးများအတွက် ကျောင်းသုံးဗလာစာအုပ်များနှင့်ကျောင်းသုံးစာရေးကိရိယာပစ္စည်းများကို ဇွန် ၁၇ ရက် နံနက် ၁၀ နာရီက သွားရောက်လှူဒါန်းကြသည်။ (**အောက်ဝဲပုံ**)



**ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်**

ထိုသို့ သွားရောက်လှူဒါန်းရာတွင် ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးကြီးကြပ်မှုစောင့်ရှောက်ရေးအဖွဲ့ နာယက၊ ဒေါ်လဖိုင်နန်ဆိုင်း၊ နာယကအဖွဲ့ဝင်များသည် ပြည်နယ်မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်လွင်လွင်မော်နှင့် အဖွဲ့ဝင်များနှင့်အတူ ပမ္မတီးရပ်ကွက် အမှတ်(၅) အခြေခံပညာမူလတန်းကျောင်းသို့ သွားရောက်ပြီး ကျောင်းအုပ်၊ ဆရာ ဆရာမများ၊ ပညာသင်ကြားလျက်ရှိသော ကျောင်းသားများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက် တွေ့ဆုံကာ ကျောင်းသား ကျောင်းသူ ၁၂၉ ဦးတို့အတွက် ကျောင်းသုံးဗလာစာအုပ်နှင့် စာရေးကိရိယာများ ပေးအပ်လှူဒါန်းကြသည်။

**ပေးအပ်လှူဒါန်း**

ထို့အတူ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေး စောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့နာယကနှင့် အဖွဲ့ဝင်များသည် မြစ်ကြီးနားမြို့ အမှတ်(၂၁) ခြေလျင်တပ်ရင်း မူလတန်းလွန်ကျောင်းရှိ ကျောင်းသား ကျောင်းသူ ၁၄၇ ဦးတို့အတွက် လည်းကောင်း၊ ထိုမှတစ်ဆင့် အောင်နန်းရိပ်သာရပ်ကွက် အမှတ်(၁၅) အခြေခံပညာမူလတန်းကျောင်းရှိ ကျောင်းသား ကျောင်းသူ ၁၄၅ ဦးတို့အတွက်လည်းကောင်း ကျောင်းသုံးဗလာစာအုပ် ၂၁၁ ဒါဇင်နှင့် ခဲတံ ၁၆၁ ဒါဇင်၊ ဘောပင်ဒါဇင် ၅၀၊ ခဲဖျက်နှင့် ပေတံ ၄၂၁ ချောင်း တို့ကို လိုက်လံပေးအပ် လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**ပြည်နယ် (ပြန်/ဆက်)**

# ဖျာပုံမြို့၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**ဖျာပုံ ဇွန် ၁၈**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်၌ မြို့နယ်သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိနှင့် ဝန်ထမ်းများ ဦးဆောင်၍ "ကမ္ဘာ့သဲကန္တာရဖြစ်ထွန်းမှု တိုက်ဖျက်ရေးနေ့" မိုးရာသီသစ်ပင် စိုက်ပျိုးပွဲကို ဇွန် ၁၇ ရက်က ဖျာပုံမြို့ အထက (၁) ကျောင်းဘောလုံးကွင်းအတွင်း၌ ပြုလုပ်သည်။




အဆိုပါမိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတွင် ဖျာပုံခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင်လင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသက်ထားမောင် တို့ထံ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်ဇံရွှေက ပျိုးပင်များကို ပေးအပ်သည်။

ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများနှင့် ကျောင်းသား ကျောင်းသူများက မန်ကျည်းရှား၊ ပျဉ်းကတိုး၊ မဲဇလီ၊ ယမနေ၊ စိန်ပန်း၊ ခရေ၊ မဟော်ဂနီ စုစုပေါင်း ပျိုးပင် ၅၀၀ ကို စုပေါင်းစိုက်ပျိုးပေးခဲ့ကြောင်း သိရသည်။

**အောင်ဝင်းနိုင် (ပြန်/ဆက်)**



တောင်တွင်းကြီးမြို့နယ် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး အသိပညာပေးဆိုင်းဘုတ်စိုက်ထူခြင်း အခမ်းအနားကို ဇွန် ၁၇ ရက်က တောင်တွင်း- မကွေး၊ တောင်တွင်း- မြို့သစ်လမ်းစုံ ပုဏ္ဏာဝတီလမ်းမကြီး၌ ကျင်းပရာ မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ဦးကျော်ဇင်ဦး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် (၁) ဗိုလ်မှူး ကံလင်းနှင့် တာဝန်ရှိသူများက အဆိုပါအသိပညာပေးဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ ရန်နောင်စိုး(ပြန်/ဆက်)

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် အောက်ပိုင်းဘောလုံးကွင်းအနီး တတိယလမ်းမပေါ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း လူထုအသိပညာပေး ဆိုင်းဘုတ်စိုက်ထူခြင်း အခမ်းအနားကို ဇွန် ၁၆ ရက်က ကျင်းပစဉ်။ (အဆိုပါ အသိပညာပေး ဆိုင်းဘုတ်ကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကံဝင်းနှင့်အဖွဲ့ဝင်များ တက်ရောက်၍ ဖွင့်လှစ်ပေးခဲ့သည်။) မိုးစက်(ဘိုကလေး)



မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်၌ ၂၀၂၄ ခုနှစ် မိုးရာသီခရိုင်အဆင့် သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ဇွန် ၁၇ ရက်က ရပ်ကွက်ကြီး (၂၁) တောင်ပြို၌ ကျင်းပရာ ပြင်ဦးလွင်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန့်ဇော်ဦး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများ တက်ရောက်၍ စုစုပေါင်းပျိုးပင် ၆၀၀ ကို စုပေါင်းစိုက်ပျိုးကြစဉ်။

ခရိုင်(ပြန်/ဆက်)



## လှိုင်ကော်မြို့၌ ဒေသဖွံ့ဖြိုးရေးပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် သူနာပြုသားဖွားသင်တန်းကျောင်း(လှိုင်ကော်)ပြန်လည်ဖွင့်လှစ်နိုင်ရေးဆောင်ရွက်နေမှုများအား ကြည့်ရှုစစ်ဆေး

လှိုင်ကော် ဇွန် ၁၈

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများသည် ယနေ့ နံနက်ပိုင်းက ပြန်လည်တည်ငြိမ်အေးချမ်းမှုရရှိလာပြီဖြစ်သော လှိုင်ကော်မြို့ပေါ်ရပ်ကွက်များ ပြန်လည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေရရှိရေး၊ လျှပ်စစ်မီးရရှိရေးဆောင်ရွက်နေမှုနှင့် သူနာပြုသားဖွားသင်တန်းကျောင်း (လှိုင်ကော်) ပြန်လည်ဖွင့်လှစ်နိုင်ရေးဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေး၍ နေရပ်ပြန်ဝန်ထမ်းများအား သွားရောက်တွေ့ဆုံ အားပေးစကားပြောကြားသည်။



ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများသည် လှိုင်ကော်မြို့လယ် ကန္တရဝတီလမ်းမကြီး၊ လောပိတလမ်းမကြီးတစ်လျှောက်နှင့် ရှမ်းပိုင်းရပ်ကွက်၊ မင်းစုရပ်ကွက်၊ ဒေါ်နီးကူးရပ်ကွက်များ၌ လျှပ်စစ်မီးပြန်လည်ရရှိရေးအတွက် လျှပ်စစ်ဝန်ထမ်းများက ဓာတ်အားလိုင်းများ ပြင်ဆင်ဆောင်ရွက်ပေးနေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး (ယာပုံ) လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ မြို့တွင်းသို့ လျှပ်စစ်မီးဖြန့်ခွဲပေးလျက်ရှိသော အောင်သီဟရပ်ကွက်ရှိ (၃၃/၁၁)ကေဗွီ (၁၀)အမ်ဗွီအေ ဧကေ ၅၀၀ ဓာတ်အားခွဲရုံသို့ သွားရောက်ကာ ရပ်ကွက်/ကျေးရွာများကို လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနေမှုနှင့် အကြမ်းဖက်သောင်းကျန်းသူများနှောင့်ယှက်ဖျက်ဆီးမှုကြောင့် ပျက်စီးသွားသော မိန်းထရန်စဖော်မာ၊ PT၊ CT နှင့် ဓာတ်အားခွဲရုံဆက်စပ်ပစ္စည်းများ ပြုပြင်ဆောင်ရွက်ပြီးစီးမှု၊ ဓာတ်အားခွဲရုံ လုံခြုံရေးအတွက် အုတ်တံတိုင်းကာရံခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် လျှပ်စစ်ဝန်ထမ်းအိမ်ရာသို့သွားရောက်၍ ယခုဘဏ္ဍာနှစ်အတွင်း ဝန်ထမ်းအိမ်ရာများပြန်လည်ပြုပြင်တည်ဆောက်နေမှု၊ ဂါလန် ၁၆၀၀ ဆံ့ရေစင်နှင့် ရေသိုလှောင်ကန်တည်ဆောက်နေမှုအခြေအနေများ၊ ပြန်လည်ထူထောင်ရေးအတွက် စုစည်းထားရှိသော ၁၂ မီတာ ကွန်ကရစ် လမ်းမီးတိုင်များကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားခဲ့ပြီး ဝန်ထမ်းများအား အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် သူနာပြုသားဖွားသင်တန်းကျောင်း (လှိုင်ကော်)သို့ သွားရောက်၍ သင်တန်းကျောင်းပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ကျောင်းရုံး၊ စာကြည့်တိုက်၊ လက်တွေ့ခန်း၊ သင်ကြားရေးဆောင်များ၊ သင်တန်းသား ၊ သင်တန်းသူအိပ်ဆောင်များ၊ စားရိပ်သာနှင့် သူနာပြုသားဖွားသင်တန်းကျောင်းဝင်းအတွင်း ဌာနဆိုင်ရာဝန်ထမ်းများမှ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ပေးနေမှုများကို ကြည့်ရှုစစ်ဆေး၍ ပြန်လည် တာဝန်ထမ်းဆောင်ရန် ရောက်ရှိလာသော ဝန်ထမ်းများအားသွားရောက် တွေ့ဆုံအားပေးစကားပြောကြားပြီး ဝန်ထမ်းများနေရာချထားမှုနှင့် လိုအပ်သည့် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များအား ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ကယားပြည်နယ်အစိုးရအဖွဲ့မှ နေရပ်ပြန်ပြည်သူများ အဆင်ပြေအေးချမ်းစွာ နေထိုင်နိုင်ရေးအတွက် ရေ၊ မီးရရှိရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအား ဆောင်ရွက်ပေးလျက်ရှိကာ ယခုအခါမြို့ပေါ်(၉)ရပ်ကွက်တွင် လမ်းမီးနှင့်လျှပ်စစ်မီးအသုံးပြုနိုင်ရေး ဆောင်ရွက်ပေးထားပြီးဖြစ်ကြောင်းနှင့်ကျန်ရှိသည့်ရပ်ကွက်များ၌ လျှပ်စစ်မီးများ အမြန်ဆုံးပြန်လည်ရရှိရေး ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

## ၂၀၂၄ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သော မွန်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်း သားသမီးများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းနှင့် ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ငွေနှင့် ဗလာစာအုပ်များ ပေးအပ်ပွဲအခမ်းအနားကျင်းပ

မော်လမြိုင် ဇွန် ၁၈

၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သော ဝန်ထမ်း သားသမီးများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းနှင့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ငွေနှင့် ဗလာစာအုပ်များ ပေးအပ်ပွဲအခမ်းအနားကို ဇွန် ၁၈ရက် နံနက်ပိုင်းက မော်လမြိုင်မြို့ ပြည်နယ်အစိုးရအဖွဲ့ရုံး ရာမညခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက မွန်ပြည်နယ်သည် ပညာရေးတွင် အစဉ်အလာကောင်းသည့်ပြည်နယ်တစ်ခုဖြစ်ပြီး ၂၀၁၀ - ၂၀၁၁ ပညာသင်နှစ်မှစ၍ မြန်မာတစ်ပြည်လုံး တက္ကသိုလ်ဝင်တန်း အောင်မြင်မှုအောင်ချက်အများဆုံး ပထမ(၈)ကြိမ်၊ ဒုတိယ(၁)ကြိမ်၊ တတိယ(၂)ကြိမ်တို့ရရှိခဲ့ပြီး ၂၀၂၃ - ၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင်ပြည်နယ်/တိုင်းဒေသကြီးအလိုက် အဆင့်သတ်မှတ်မှုဖော်ပြခဲ့ခြင်း မရှိခဲ့သော်လည်း ဘာသာစုံဂုဏ်ထူးရှင် ၄၆ ဦးနှင့် ဝိပ္ပံတွဲတွင် မြန်မာပြည် တစ်ပြည်လုံး Top Ten နှစ်ဦး၊ ဝိဇ္ဇာတွဲတွင် တစ်ဦးရရှိခဲ့ပြီး တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက် ရာခိုင်နှုန်းသည် (၅၉ ဒသမ ၀၈ ရာခိုင်နှုန်း) ရရှိခဲ့ကြောင်း၊ ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးအဆင့်ဆင့်တွင် တာဝန်ထမ်းဆောင်လျက်ရှိကြတဲ့ ဝန်ထမ်းသား/ သမီး ၁၇ ဦးမှ တက္ကသိုလ်ဝင်စာမေးပွဲကို ဝင်ရောက်ဖြေဆိုခဲ့ရာ တစ်ဘာသာဂုဏ်ထူးရှင်နှစ်ဦး၊ ရိုးရိုးအောင်မြင်သူ ၁၀ ဦး၊ စုစုပေါင်း ၁၂ ဦး အောင်မြင်ခဲ့ပြီး ရာခိုင်နှုန်း အနေဖြင့် (၇၀ ဒသမ ၅၉ ရာခိုင်နှုန်း) ရရှိခဲ့သည့်အတွက် ဌာနကိုယ်စား ဝမ်းမြောက်ဂုဏ်ယူကြောင်း ပြောကြားသည်။

ထို့နောက် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သူ သားသမီးများနှင့် ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ်တွင် တက္ကသိုလ်အဆင့် / အခြေခံပညာအထက်တန်း/ အလယ်တန်း/ မူလတန်းတို့၌ ပညာသင်ကြားနေသော သားသမီးများအား မွန်ပြည်နယ်အစိုးရအဖွဲ့မှ ထောက်ပံ့ပေးအပ်သော ပညာသင်ထောက်ပံ့ငွေကျပ် ၄၅ သိန်းအား လည်းကောင်း၊ မော်လမြိုင်ခရိုင်၊ သထုံခရိုင်၊ ကျိုက်ထိုခရိုင်နှင့် ရေးခရိုင်အတွင်းရှိ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများမှ တက္ကသိုလ်အဆင့် / အခြေခံပညာအထက်တန်း/အလယ်တန်း/မူလတန်းတို့၌ ပညာသင်ကြားနေသော သားသမီးများအတွက် မွန်ပြည်နယ်အစိုးရအဖွဲ့မှ ထောက်ပံ့ပေးအပ်သော ပညာသင်ထောက်ပံ့ငွေကျပ် ၁၄ သိန်းကို လည်းကောင်း ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက ပေးအပ်ခဲ့ရာ ပြည်နယ်အုပ်ချုပ်ရေးမှူးနှင့် ခရိုင်အုပ်ချုပ်ရေးမှူးများက လက်ခံယူသည်။

ယင်းနောက် ၂၀၂၃ - ၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် တစ်ဘာသာဂုဏ်ထူးနှင့် ရိုးရိုးအောက်မြင်ခဲ့သော ကျောင်းသား ကျောင်းသူများနှင့် တက္ကသိုလ်အဆင့်/ အခြေခံပညာအထက်တန်း / အလယ်တန်း/ မူလတန်းတို့၌ ပညာသင်ကြားနေသော သားငယ် သမီးငယ်များအား ပြည်နယ်ဝန်ကြီးများက ပညာသင်ထောက်ပံ့ ငွေ၊ ထီးနှင့် ဗလာစာအုပ်များအား ပေးအပ်ချီးမြှင့်ခဲ့ပြီး တစ်ဘာသာဂုဏ်ထူးရှင် ကျောင်းသူတစ်ဦးမှ ကျေးဇူးတင်စကား ပြန်လည်ပြောကြား၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

စည်သူ(ပြန်/ဆက်)

**နေ့အပူချိန်မြင့်မားခဲ့သောစခန်းများ၏**
**၁၈-၆-၂၀၂၄ ရက်နေ့ အမြင့်ဆုံးနေ့အပူချိန်များ**

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြို့များ | အမြင့်ဆုံး အပူချိန် ဒီဂရီဆဲလ်စီးယပ် | အမြင့်ဆုံး အပူချိန် ဒီဂရီဖာရင်ဟိုက် |
|---|---|---|---|
| ၁။ | ချောက် | ၄၀.၃ | ၁၀၄.၅ |
| ၂။ | ညောင်ဦး | ၃၉.၀ | ၁၀၂.၂ |
| ၃။ | မြင်းမူ | ၃၈.၄ | ၁၀၁.၁ |
| ၄။ | ရွှေဘို | ၃၈.၀ | ၁၀၀.၄ |
| ၅။ | မုံရွာ | ၃၈.၀ | ၁၀၀.၄ |
| ၆။ | ကျောက်ဆည်(လွန်ကျော်) | ၃၈.၀ | ၁၀၀.၄ |

## ဗဟန်းမြို့နယ်၌ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ဝန်ထမ်းသားသမီးများအား ပညာသင်စရိတ်ထောက်ပံ့

ရန်ကုန် ဇွန် ၁၈

ဗဟန်းမြို့နယ်၌ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ဝန်ထမ်းသားသမီးများအား ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် ပညာသင်စရိတ်ထောက်ပံ့ပေးအပ်ပွဲကိုယမန်နေ့က ဗဟန်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးအောင်ကိုလတ်က ပညာသင်စရိတ်ထောက်ပံ့ပေးအပ်ခြင်းရည်ရွယ်ချက်ကိုပြောကြားပြီး ဝန်ထမ်းများ၏ သားသမီးများအား ပညာသင်စရိတ်ထောက်ပံ့ငွေနှင့် စာရေးကိရိယာများ ပေးအပ်သည်။

ဆက်လက်၍ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့တို့မှ တာဝန်ရှိသူများက အသင်းဝင်များ၏ သားသမီးများကို ပညာသင်စရိတ်ထောက်ပံ့ငွေနှင့် စာရေးကိရိယာများအား ပေးအပ်ခဲ့ကြသည်။



ထို့နောက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အုပ်ချုပ်ရေးမှူးကဝန်ထမ်းများအတွက် အခြေခံစားသုံးကုန်ပစ္စည်းများဖြစ်သော ဆန်၊ ဆီ၊ ကြက်ဥတို့ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

အောင်မြင့်(ပြန်/ဆက်)

# မြန်မာနိုင်ငံ ရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာနနှင့် သင်တန်းကျောင်း (နေပြည်တော်)

ဒေါက်တာသံလွင်ထွန်း (ကျန်းမာရေးဝန်ကြီးဌာန)

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးတည်ချက်(၉)ရပ်အနက်မှ လူမှုရေးဦးတည်ချက်တစ်ရပ်ဖြစ်သော "တစ်မျိုးသားလုံး သက်ရှည် ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး" ကို ဦးတည်ချက် ချမှတ်လမ်းညွှန်ထားပြီး ကျန်းမာရေးဝန်ကြီးဌာန၏ ရည်မှန်းချက်မှာ (က)လူတိုင်းသက်တမ်းစေ့ အသက်ရှည်စွာနေနိုင်ရေး၊ (ခ)လူတိုင်း ရောဂါဘယကင်းရှင်းရေးဟူ၍ ဖြစ်ပါသည်။**

ကျန်းမာရေးဝန်ကြီးဌာန၏ ရည်မှန်းချက်များကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် မြန်မာနိုင်ငံ ရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာနနှင့် သင်တန်းကျောင်း (နေပြည်တော်) သည် အရေးပါသော အခန်းကဏ္ဍတွင် ပါဝင်ပါသည်။ အဆိုပါ မြန်မာနိုင်ငံ ရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာနနှင့် သင်တန်းကျောင်း (နေပြည်တော်) တည်ထောင်ခြင်းသည် မြန်မာနိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှု ဖွံ့ဖြိုးတိုးတက်မှုတွင် အရေးပါသော မှတ်တိုင်တစ်ခုဖြစ်ပါသည်။ ဤဌာနသည် မြန်မာနိုင်ငံတွင် ရောဂါများကို ကာကွယ်ရန်နှင့် စီမံခန့်ခွဲရန်၊ ပြည်သူ့ကျန်းမာရေးဆိုင်ရာ အခြေခံအဆောက်အအုံများ မြှင့်တင်ရန်နှင့် ခေတ်မီဆေးဘက်ဆိုင်ရာ သင်တန်းများ ပို့ချရန်အတွက် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်မည်ဖြစ်ပါသည်။

**ပြည်သူ့ကျန်းမာရေးအရေးပေါ်ကိစ္စရပ်များနှင့် ဦးစားပေး ပြည်သူ့ကျန်းမာရေးပြဿနာများကို ဖြေရှင်းပံ့ပိုးပေးနိုင်**

မြန်မာနိုင်ငံ ရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာနနှင့် သင်တန်းကျောင်း ဖွင့်ပွဲအခမ်းအနားကို ၁၃-၆-၂၀၂၄ ရက်နေ့ နံနက် ၉ နာရီတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ အဆိုပါ ဗဟိုဌာနနှင့် သင်တန်းကျောင်းအဆောက်အအုံ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်စား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး တက်ရောက်ဖွင့်လှစ်ပေးခဲ့ပါသည်။ အဆိုပါဖွင့်ပွဲအခမ်းအနားမိန့်ခွန်းတွင် ကမ္ဘာ့နိုင်ငံများတွင် သဘာဝဘေးအန္တရာယ်များ၊ ကပ်အသွင်ဖြစ်ပွားသည့် ကူးစက်ရောဂါများကြောင့် ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေများကို ရင်ဆိုင်ကြုံတွေ့ရသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း ၂၀၁၉ ခုနှစ် ဒီဇင်ဘာလမှစတင်ခဲ့သည့် ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားမှု၊ ၂၀၂၃ ခုနှစ် မေလတွင် တိုက်ခတ်ခဲ့သည့် ဆိုက်ကလုန်းမုန်တိုင်း (မိုခါ) ကဲ့သို့ သဘာဝဘေးအန္တရာယ်များ ကြုံတွေ့ခဲ့ရကြောင်း၊ ထိုသို့ကြုံတွေ့ရာတွင် ကြိုတင်ပြင်ဆင်ခြင်းနှင့် အချိန်နှင့်တစ်ပြေးညီ တုံ့ပြန်ဆောင်ရွက်ခြင်းများကို နိုင်ငံတော်အစိုးရ၏ ဦးဆောင်စီမံခန့်ခွဲမှု၊ ကျန်းမာရေးဝန်ကြီးဌာနအပါအဝင် ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုတို့ဖြင့် ဟန်ချက်ညီညီ အောင်မြင်စွာ စီမံထိန်းချုပ်ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များ၊ လူများရွှေ့ပြောင်းသွားလာနေထိုင်မှုနှင့် ပြောင်းလဲလာသည့် လူနေမှုဘဝပုံစံကြောင့် ကမ္ဘာတစ်ဝန်းတွင် တိရစ္ဆာန်များမှတစ်ဆင့် စတင်ကူးစက်ဖြစ်ပွားသည့် ကူးစက်ရောဂါများ အပါအဝင် ကူးစက်ရောဂါသစ်များဖြစ်ပွားခြင်း၊ ယခင်ကတည်းက ရှိနေသည့် ကူးစက်ရောဂါများ ပြန်လည်ခေါင်းထောင်ပြီး ဖြစ်ပွားခြင်းများလည်း ရင်ဆိုင်ကြုံတွေ့နေရကြောင်း၊ ယင်းကဲ့သို့ပြဿနာများကို ရင်ဆိုင်ကျော်လွှားနိုင်ရန် ကြိုတင်ဆောင်ရွက်ထားရမည်ဖြစ်ကြောင်း၊ ကျန်းမာရေးပြဿနာများကို ကြိုတင်ကာကွယ်ရေး၊ တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကျန်းမာရေးဝန်ထမ်းများအနေဖြင့် စွမ်းဆောင်ရည်မြှင့်မားရန်နှင့် ဆန်းသစ်သည့်နည်းပညာများကို ကျွမ်းကျင်ပိုင်နိုင်စွာ အသုံးပြုနိုင်ရန်လိုအပ်ကြောင်း၊ ပြည်သူ့ကျန်းမာရေးလုံခြုံမှုနှင့် ပြည်သူ့ကျန်းမာရေးအရေးပေါ်အခြေအနေများကို ပိုမိုထိရောက်စွာ စီမံခန့်ခွဲကိုင်တွယ်ဖြေရှင်းနိုင်ရန် ကမ္ဘာ့နိုင်ငံများအနေဖြင့် အားကောင်းခိုင်မာပြီး အရည်အသွေးပြည့်ဝသည့် ကျန်းမာရေးအဖွဲ့အစည်းများရှိရန် အရေးကြီးသည်ကို သတိပြုခဲ့မိကြကြောင်း၊ ထို့ကြောင့် ကျန်းမာရေးအဖွဲ့အစည်းများကို ပိုမိုထိရောက်စွာ ပံ့ပိုးကူညီနိုင်ရန်အတွက် ကမ္ဘာ့နိုင်ငံများတွင် ရောဂါထိန်းချုပ်ရေးဗဟိုဌာနများ ဖွင့်လှစ်တည်ထောင်ကြပြီး ရောဂါနှိမ်နင်းရေးလုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်လာကြကြောင်း၊ မိမိတို့မြန်မာနိုင်ငံတွင် နိုင်ငံတကာအဆင့်မီ ရောဂါကာကွယ်ထိန်းချုပ်ရေး၊ သုတေသနပြုလုပ်ရေးနှင့် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးရေးဗဟိုဌာနတစ်ခုထူထောင်နိုင်ရန်အတွက် မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့၏ နှစ်နိုင်ငံချစ်ကြည်ရေး သင်္ကေတအဖြစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရက ကူညီတည်ဆောက်ထူထောင်ပေးခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံ ရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာနနှင့် သင်တန်းကျောင်းစီမံကိန်းကို တရုတ်ယွမ်ငွေသန်း ၃၃၀ ခန့်ဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်တွင် ယခုကဲ့သို့ အကောင်အထည်ဖော်တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံ ရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာနနှင့် သင်တန်းကျောင်း(နေပြည်တော်) ထူထောင်နိုင်ခြင်းဖြင့် မြန်မာနိုင်ငံ၏ ကျန်းမာရေးအဆင့်အတန်းကို နိုင်ငံတကာနှင့်ရင်ပေါင်တန်းပြီး တိုးတက်အောင်ဆောင်ရွက်သွားနိုင်တော့မည်ဖြစ်ပြီး အပြည်ပြည်ဆိုင်ရာ ကျန်းမာရေးပြဋ္ဌာန်းချက်နှင့် ကမ္ဘာလုံးဆိုင်ရာ ကျန်းမာရေးလုံခြုံမှုဆိုင်ရာအစီအမံများကိုလည်း ပိုမိုထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း၊ ယခုဌာနကြီးကို ဗဟိုပြု၍ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဖြစ်ပွားလာနိုင်သည့် သဘာဝဘေးအန္တရာယ်အမျိုးမျိုးနှင့် ပြည်သူ့ကျန်းမာရေးအရေးပေါ်အခြေအနေများကို ကြိုတင်ကာကွယ်ခြင်းနှင့် တုံ့ပြန်ထိန်းချုပ်နိုင်ခြင်း၊ ကျန်းမာရေးဆိုင်ရာ သုတေသနလုပ်ငန်းများကို လုပ်ဆောင်နိုင်ခြင်း၊ ကူးစက်ရောဂါများအတွက် မရှိမဖြစ်လိုအပ်သည့် ဓာတ်ခွဲခန်းဝန်ဆောင်မှုများကို ပိုမိုဆောင်ရွက်လာနိုင်ခြင်း၊ ပြည်သူ့ကျန်းမာရေးအရေးပေါ်ကိစ္စရပ်များနှင့် ဦးစားပေးပြည်သူ့ကျန်းမာရေးပြဿနာများကို ဖြေရှင်းရာတွင် ပံ့ပိုးပေးနိုင်ခြင်း စသည်တို့ကို ပိုမိုထိရောက်စွာ ဆောင်ရွက်လာနိုင်မည်ဖြစ်ကြောင်း၊ ကူးစက်ရောဂါများဖြစ်ပွားလာပါကလည်း ရောဂါပိုးမွှားများ၏ မျိုးရိုးဗီဇနှင့် သဘောသဘာဝကို မိမိတို့နိုင်ငံအတွင်း၌ ဓာတ်ခွဲစမ်းသပ်ဖော်ထုတ်နိုင်မည်ဖြစ်၍ ယင်းကူးစက်ရောဂါကို အချိန်တိုအတွင်း ထိရောက်စွာ ကာကွယ်ထိန်းချုပ်တုံ့ပြန်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။ *စာမျက်နှာ ၁၁ သို့*



မြန်မာနိုင်ငံ ရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာနနှင့် သင်တန်းကျောင်း (နေပြည်တော်)။



အရေးပေါ်အခြေအနေစီမံခန့်ခွဲမှုဗဟိုဌာန(ရုံးခန်း)။



ပြည်သူ့ကျန်းမာရေးပြတိုက်။

စာမျက်နှာ ၁၀ မှ

အဆိုပါဌာနသည် ပြည်သူ့ကျန်းမာရေးနယ်ပယ်အတွင်း ရောဂါကာကွယ်ထိန်းချုပ်ရေးနှင့် သင်တန်းပို့ချမှုလုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် ရည်ရွယ်ပြီး ဖွဲ့စည်းတည်ထောင်ထားခြင်းဖြစ်ပါသည်။ ၎င်းအပြင် ရောဂါစောင့်ကြည့်ခြင်းသာမက ရောဂါဖြစ်ပွားမှုတုံ့ပြန်ခြင်းနှင့် ကြိုတင်ပြင်ဆင်ခြင်း၊ ပြည်သူ့ကျန်းမာရေးသုတေသန၊ လေ့ကျင့်ရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ခြင်းလုပ်ငန်းများကိုပါ ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

**အိမ်နီးချင်းနိုင်ငံများနှင့် ကျန်းမာရေးပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရန်နှင့် ဒေသတွင်း ကျန်းမာရေးလုံခြုံရေးအတွက် အထောက်အကူဖြစ်**

မြန်မာနိုင်ငံ ရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာနနှင့် သင်တန်းကျောင်း (နေပြည်တော်) ဖြစ်မြောက်ရေးအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ပံ့ပိုးကူညီမှုသည် မြန်မာနိုင်ငံ၏ ပြည်သူ့ကျန်းမာရေး အခြေခံအဆောက်အအုံများ အားကောင်းလာစေရန်နှင့် ကူးစက်ရောဂါများကို စီမံခန့်ခွဲနိုင်မှုစွမ်းရည်ကို မြှင့်တင်ရာတွင် လိုအပ်ပါသည်။ အဆိုပါ ပံ့ပိုးကူညီမှုသည် မြန်မာနိုင်ငံအနေဖြင့် အိမ်နီးချင်းနိုင်ငံများနှင့် ကျန်းမာရေးပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ရန်နှင့် ဒေသတွင်း ကျန်းမာရေးလုံခြုံရေးအတွက် အထောက်အကူဖြစ်စေပါသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် မြန်မာနိုင်ငံရှိ ကျန်းမာရေးစောင့်ရှောက်မှု ကျွမ်းကျင်ပညာရှင်များအတွက် အထူးပြုသင်တန်းများ ပေးထားပြီး ဤအစီအစဉ်များသည် ရောဂါစောင့်ကြည့်မှု၊ ရောဂါဖြစ်ပွားမှုတုံ့ပြန်မှု၊ ဓာတ်ခွဲခန်းနည်းပညာများနှင့် ပြည်သူ့ကျန်းမာရေးစီမံခန့်ခွဲမှုတို့ကို အဓိကပံ့ပိုးပါသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ကျန်းမာရေးပညာရှင်များသည် ၎င်းတို့၏ အသိပညာနှင့် ကျွမ်းကျင်မှုများကို မျှဝေရန် မြန်မာနိုင်ငံသို့ လာရောက်ခဲ့ကြပြီး အဆိုပါဖလှယ်မှုများသည် ဒေသတွင်း စွမ်းဆောင်ရည်များ တည်ဆောက်ခြင်းနှင့် နှစ်နိုင်ငံကျန်းမာရေးကဏ္ဍများအကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရာတွင် အထောက်အကူဖြစ်စေပါသည်။



မြန်မာနိုင်ငံ ရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာနနှင့် သင်တန်းကျောင်း (နေပြည်တော်)ရှိ ဓာတ်ခွဲခန်း။

ဤဌာနသည် ကူးစက်ရောဂါများကို တိုက်ဖျက်ရန်နှင့် ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေများကို တုံ့ပြန်ရန် နိုင်ငံ၏ကြိုးပမ်းအားထုတ်မှုဖြစ်ပြီး ပိုမိုကောင်းမွန်သော စောင့်ကြည့်ခြင်း၊ သုတေသနနှင့် တုံ့ပြန်မှုယန္တရားများကို အသုံးပြုနိုင်မည်ဖြစ်သကဲ့သို့ ရောဂါဖြစ်ပွားမှုများကို လျင်မြန်စွာ ဖော်ထုတ်ထိန်းချုပ်နိုင်စေရန် ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါသည်။ ဤဌာနတည်ထောင်မှုသည် နိုင်ငံတော်၏ ကျန်းမာရေးလုံခြုံမှုကို အားကောင်းလာစေရန်နှင့် နိုင်ငံသားများအားလုံးကို ကျန်းမာရေးခြိမ်းခြောက်မှုမှ ကာကွယ်ရန် အဓိကထား ဆောင်ရွက်သွားနိုင်မည် ဖြစ်ပါသည်။ ၎င်းအပြင် ပြည်သူများအားလုံးသိရှိနိုင်ရန်အတွက် ပြည်သူ့ကျန်းမာရေးပြတိုက်ကိုပါ ထည့်သွင်းထားရှိဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ နောက်ဆုံးပေါ် အသိပညာနှင့်နည်းပညာများဖြင့် လေ့ကျင့်သင်ကြားနိုင်မည်**

ဤသင်တန်းကျောင်းသည် ကျွမ်းကျင်သော ကျန်းမာရေးစောင့်ရှောက်မှုလုပ်သားအင်အားကို တည်ဆောက်ရာတွင် အဓိကကျပြီး အထူးပြုလေ့ကျင့်မှုနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကို ပေးဆောင်မည်ဖြစ်ပါသည်။ ဤဌာနသည် ကျန်းမာရေးစောင့်ရှောက်မှုကျွမ်းကျင်မှုတွင် ကွာဟချက်ကို ပေါင်းကူးပေးမည်ဖြစ်ပြီး ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များသည် နောက်ဆုံးပေါ် အသိပညာနှင့် နည်းပညာများဖြင့် လေ့ကျင့်သင်ကြားနိုင်မည်ဖြစ်ပြီး ရောဂါကာကွယ်ထိန်းချုပ်မှုကို တိုးတက်စေရုံသာမက မြန်မာနိုင်ငံရှိ ကျန်းမာရေးစောင့်ရှောက်မှုစနစ် အလုံးစုံတိုးတက်မှုကိုလည်း အထောက်အကူပြုမည် ဖြစ်ပါသည်။

ဤဌာနသည် လက်ရှိနှင့် အနာဂတ်ကျန်းမာရေးဆိုင်ရာ စိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းနိုင်သည့် ပိုမိုခိုင်မာသော ပြည်သူ့ကျန်းမာရေး အခြေခံအဆောက်အအုံကို ဖော်ဆောင်ပေးမည်ဖြစ်ပြီး ကြိုတင်ကာကွယ်မှု၊ ကြိုတင်ပြင်ဆင်မှုနှင့် ပညာရေးတို့ကို ဦးစားပေးသည့် ကျန်းမာရေးစောင့်ရှောက်မှုအတွက် အလေးပေးသောချဉ်းကပ်မှုကို ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။ ဤရင်းနှီးမြှုပ်နှံမှုသည် မြန်မာနိုင်ငံသူနိုင်ငံသားများ၏ ရောဂါကာကွယ်ထိန်းချုပ်ရေးကို ဦးစားပေးပြီး ကျန်းမာသော အနာဂတ်အတွက် အခြေခံအုတ်မြစ်ချပေးမည်ဖြစ်ပါသည်။

အနှစ်ချုပ်အနေဖြင့် မြန်မာနိုင်ငံ ရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာနနှင့် သင်တန်းကျောင်း (နေပြည်တော်) တည်ထောင်ခြင်းသည် နိုင်ငံ၏ ပြည်သူ့ကျန်းမာရေးတိုးတက်မှုကို သိသာထင်ရှားစွာ မြှင့်တင်ပေးမည့် အထိမ်းအမှတ်သင်္ကေတဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ပါသည်။ ။

- **မြန်မာနိုင်ငံ ရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာနနှင့် သင်တန်းကျောင်း(နေပြည်တော်) ထူထောင်နိုင်ခြင်းဖြင့် မြန်မာနိုင်ငံ၏ ကျန်းမာရေးအဆင့်အတန်းကို နိုင်ငံတကာနှင့်ရင်ပေါင်တန်းပြီး တိုးတက်အောင်ဆောင်ရွက်သွားနိုင်တော့မည်ဖြစ်ပြီး အပြည်ပြည်ဆိုင်ရာ ကျန်းမာရေးပြဋ္ဌာန်းချက်နှင့် ကမ္ဘာလုံးဆိုင်ရာ ကျန်းမာရေးလုံခြုံမှုဆိုင်ရာအစီအမံများကိုလည်း ပိုမိုထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်မည်**
- **ဤဌာနတည်ထောင်မှုသည် နိုင်ငံတော်၏ ကျန်းမာရေးလုံခြုံမှုကို အားကောင်းလာစေရန်နှင့် နိုင်ငံသားများအားလုံးကို ကျန်းမာရေးခြိမ်းခြောက်မှုမှကာကွယ်ရန် အဓိကထားဆောင်ရွက်သွားနိုင်မည်ဖြစ်ပါသည်။ ၎င်းအပြင် ပြည်သူများအားလုံး သိရှိနိုင်ရန်အတွက် ပြည်သူ့ကျန်းမာရေးပြတိုက်ကိုပါ ထည့်သွင်းထားရှိ ဆောင်ရွက်သွားမည်**

# ရန်ကုန်တိုင်းဒေသကြီးအတွင်း မိုးစပါး ၁၁၄၈၂၂ ဧက လျာထားစိုက်ပျိုး

**ရန်ကုန် ဇွန် ၁၈**

နိုင်ငံတော်မှ စိုက်ပျိုးရေးကဏ္ဍကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ ယခုနှစ် မိုးရာသီ၌ ရန်ကုန်တိုင်းဒေသကြီးအတွင်း မိုးစပါး ၁၁၄၈၂၂ ဧက စိုက်ပျိုးရန် လျာထားဆောင်ရွက်ထားကြောင်း တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

၂၀၂၃-၂၀၂၄ ခုနှစ်တွင် မိုးစပါး ဧက ၁၁၄၅၀၀၀ လျာထားမှုအပေါ် ခရိုင်ပေါင်း ကိုးခရိုင်အတွင်းရှိ မြို့နယ်ပေါင်း ၁၈ မြို့နယ်၌ မိုးစပါး ၁၁၄၈၂၂ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ၂၀၂၄ - ၂၀၂၅ ခုနှစ်တွင် မိုးစပါး ၁၁၄၈၂၂ ဧကစိုက်ပျိုးရန် လျာထားဆောင်ရွက်ထားရာ သုံးခွမြို့နယ်၌ ၁၅၃၆၆၇ ဧက၊ တိုက်ကြီးမြို့နယ်၌ ၁၂၇၈၉၃ ဧကနှင့် ခရမ်းမြို့နယ်၌ ၁၁၀၆၉၃ ဧကဖြင့် အများဆုံးစိုက်ပျိုးလျက်ရှိကြောင်း သိရသည်။



တိုင်းဒေသကြီးအတွင်း ပေါ်ဆန်း၊ ငစိန်၊ ငကျွဲ၊ ရွှေဝါထွန်း၊ ဆင်းသုခ၊ ရက် ၉၀၊ ရာကျော်၊ မှော်ဘီ-၃၊ မှော်ဘီ-၂၊ မြီးတုံး စသည့်မျိုးစပါးများကို စိုက်ပျိုးပြီး ထိုမျိုးအုပ်စုတို့တွင် အထွက်ကောင်းမျိုး၊ အရည်အသွေးကောင်းမျိုးနှင့် ဒေသမျိုးဟူ၍ အုပ်စုသုံးခုကို ဒေသနှင့် လိုက်လျောညီထွေသော မြေအမျိုးအစားတို့တွင် စိုက်ပျိုးလျက်ရှိကာ အများအားဖြင့် သက်တမ်းတို အထွက်ကောင်းမျိုးစပါးများကို အများဆုံး စိုက်ပျိုးလျက်ရှိသည်။

မိုးစပါးရာသီတွင် နိုင်ငံ့စီးပွား မြှင့်တင်ရေးရန်ပုံငွေဖြင့် ခရိုင်ငါးခရိုင်ရှိ မြို့နယ်ပေါင်း ၁၂ မြို့နယ်တွင် ကုမ္ပဏီ ၃၀၊ သမအသင်းခုနစ်ခုနှင့် ဆန်စက်တစ်ခုက ၉၁၀၅၆ ဧကကို စိုက်ပျိုးဆောင်ရွက်ရန် အဆိုပြုတင်ပြထားရာ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိပြီး လယ်ယာသုံးစက်ကိရိယာများကို အသုံးပြုနိုင်ရန် တိုင်းဒေသကြီးအစိုးရရန်ပုံငွေဖြင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်၌ မျိုးစေ့ချကိရိယာ အလက် ၂၅၀၀ ကိုလည်း စက်မှုလယ်ယာဦးစီးဌာနမှ မှာယူ၍ ဖြန့်ဖြူးပေးသွား မည်ဖြစ်ကြောင်း သိရသည်။

"ယခင်နှစ်လိုပဲတောင်သူတွေကို မိုးစပါးစိုက်ပျိုးရာမှာ အဆင်ပြေအောင် ပံ့ပိုးမှုတွေ ဆောင်ရွက်ပေးနေပါတယ်။ မနှစ်က မိုးစပါးဆိုရင် သဘာဝဓာတ်မြေဩဇာနဲ့ ဓာတ်မြေဩဇာ တွဲဖက်အသုံးပြုတတ်အောင် နည်းပညာပေးရာမှာ တောင်သူတွေလိုက်နာတဲ့အတွက် တစ်ဧကကို ၁ ဒသမ ၈ တင်းကျော် အထွက်တိုးခဲ့ပါတယ်။ ဒီနှစ်မိုးစပါးကိုလည်း လျာထားချက်ပြည့်မီပြီး ပိုပြီး ထွက်နှုန်းကောင်းလာအောင် ဆောင်ရွက်နေပါတယ်" ဟု ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှကြည်က ပြောသည်။

မိုးစပါးကို မေလနှင့်ဇွန်လတွင် စတင်စိုက်ပျိုးလေ့ရှိပြီး စပါးသက်တမ်းပေါ်မူတည်၍ အောက်တိုဘာလတွင် စတင်ရိတ်သိမ်းလေ့ရှိကာ ဇန်နဝါရီလဆန်းတွင် နောက်ဆုံးရိတ်သိမ်းလေ့ရှိသည်။

**ညိမ်းသူ(သတင်းစဉ်)၊ ဓာတ်ပုံ - ကနူး**

# ထားဝယ်မြို့၌ အခြေခံစာကြည့်တိုက်ပညာသင်တန်းအမှတ်စဉ်(၁/၂၀၂၄)ဖွင့်ပွဲကျင်းပ



**ထားဝယ် ဇွန် ၁၈**

တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဦးဆောင်စီမံမှုဖြင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် တနင်္သာရီတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်သည့် အခြေခံစာကြည့်တိုက်ပညာသင်တန်း အမှတ်စဉ် (၁/၂၀၂၄) ဖွင့်ပွဲအခမ်းအနားကို ဇွန် ၁၇ ရက်က ထားဝယ်မြို့ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်ခိုင်က ကျောင်းစာကြည့်တိုက် ဖွံ့ဖြိုးတိုးတက်စေရန်၊ စာကြည့်တိုက်လုပ်ငန်း ရေရှည်တည်တံ့ခိုင်မြဲစေရန်နှင့် စာကြည့်တိုက်လုပ်ငန်းဆောင်ရွက်မှုများ တတ်ကျွမ်းနားလည်ကြစေရန်၊ ကျောင်းသားကျောင်းသူများ အသိဉာဏ်ပညာပြန့်ပွားအောင်ပြုလုပ်ရန် စာကြည့်တိုက်သည် အင်အားတစ်ခုဖြစ်သောကြောင့် စာကြည့်တိုက်ကို တိုးတက်စေပြီး စာကြည့်တိုက်ပညာကို တတ်ကျွမ်းနားလည်ထားမှသာ ထိုအင်အားကို ရရှိနိုင်မည်ဖြစ်ကြောင်း၊ သင်တန်းသားသင်တန်းသူ ဆရာ ဆရာမများအား စာတွေ့လက်တွေ့များ လေ့လာဆည်းပူးပြီး ကျောင်းစာကြည့်တိုက်များ၊ ရုံးစာကြည့်တိုက်များကိုစနစ်တကျဆောင်ရွက်နိုင်ရန်ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

သင်တန်းတွင် ညွှန်ကြားရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူးနှင့် လက်ထောက်ညွှန်ကြားရေးမှူးတို့က အခြေခံစာကြည့်တိုက်ပညာသင်တန်း ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များ၊ ကျောင်း/ရုံး စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မည့်လုပ်ငန်းများနှင့် စာကြည့်တိုက်ရှိ စာအုပ်များ မျိုးတူစုခွဲခြင်းလုပ်ငန်းများ၊ အခြေခံစာကြည့်တိုက်ပညာရပ်များ၊ စာစုစာပြုလုပ်ငန်းများ၊ စာကြည့်တိုက်ရှင်သန်ခိုင်မာရေးလုပ်ငန်းများ၊ စာပေပစ္စည်းပြုပြင်ထိန်းသိမ်းရေး ဘာသာရပ်များကို ရှင်းလင်းဆွေးနွေး ပို့ချပေးသွားမည်ဖြစ်သည်။

အခြေခံစာကြည့်တိုက်ပညာသင်တန်းတွင် အခြေခံပညာကျောင်းပေါင်းစုံမှ စာကြည့်တိုက်တာဝန်ခံဆရာ ဆရာမများ၊ အမျိုးသမီးရေးရာအဖွဲ့၊ ဝန်ထမ်းများ စုစုပေါင်း ၂၅ ဦးကို ဇွန် ၁၉ ရက်အထိ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ပဲခူးမြို့နယ်၌ အခွန်ကောက်ခံမှုဆိုင်ရာများ အသိပညာပေးဆွေးနွေးပွဲ ကျင်းပ

**ပဲခူး ဇွန် ၁၈**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် အခွန်ဦးစီးဌာနရုံးအနေဖြင့် မြို့နယ်အတွင်းရှိ လုပ်ငန်းရှင်များအား ပြေစာများပေါ်တွင် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် အခွန်ပညာပေးဆွေးနွေးပွဲကို ယမန်နေ့ နံနက် ၉ နာရီခွဲက မြို့နယ်အခွန်ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးမှ ဦးစီးအရာရှိ ဒေါ်နီလာထွန်းက အခွန်ပေးဆောင်ခြင်းနှင့် ပတ်သက်သည်များကို ရှင်းလင်းဆွေးနွေးပြီး မြို့နယ်အခွန်ဦးစီးဌာနမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးတင့်ထူးက ပြေစာများပေါ်တွင် အခွန်အမှတ်တံဆိပ်များကပ်နှိပ်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များကို ရှင်းလင်းဆွေးနွေးသည်။ ယင်းနောက် တက်ရောက်လာသည့် အခွန်ထမ်းလုပ်ငန်းရှင်များက သိရှိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားဆွေးနွေးသည်။



ယင်းနောက် ဆွေးနွေးပွဲသို့ တက်ရောက်ကြသည့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် အခွန်ထမ်းလုပ်ငန်းရှင်များအား ပြေစာများပေါ်တွင် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ သိကောင်းစရာ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်တွင် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရန်အတွက် လူထုအသိပညာပေး ဆိုင်းဘုတ်စိုက်ထူပွဲကို အမှတ် (၃) လမ်းမကြီးနှင့် ခရေပင်လမ်းဆုံ မီးပွိုင့်အနီး၌ ဇွန် ၁၆ ရက်က ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထူးကျော်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

မင်းသိန်းထွန်း

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်ခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ် သပြေကုန်းရပ်ကွက် ဗညားဒလလမ်း အ-ထ-က-၁ ကျောင်းရှေ့တွင် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး အသိပညာပေး ဆိုင်းဘုတ်တင်ပွဲ အခမ်းအနားကို ဇွန် ၁၇ ရက်က ပြုလုပ်ရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြသိန်းထွန်းနှင့် အဖွဲ့ဝင်များက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)



❖ *ကျောဖုံးမှ*

အောင်ကျော်ဆန်း၊ ထက်လင်းစိုးနှင့် စိုးလင်းအောင်တို့ ၁၀ ဦးအား ဒေသကာလ တန်ဖိုးငွေကျပ် ၁ ဒသမ ၇၄ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၁ ဒသမ ၆ သိန်းနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများအား ပန်းတောင်းမြို့နယ်မှ ရခိုင်ပြည်နယ် အမ်းမြို့နယ်သို့ဆက်လက်သယ်ဆောင်မည်ဖြစ်ကြောင်း သိရှိရသဖြင့် စိတ်ကြွရူးသွပ် ဆေးပြားများ သယ်ဆောင်ခိုင်းသူ မြတ်သူဝင်း (ခ)နောင်နောင်နှင့် သိန်းစိုးတို့ အပါအဝင် ၁၂ ဦးအား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှု ကျူးလွန်သူများအား ဆက်လက်စစ်ဆေး ဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❊ *ကျောဖုံးမှ*

အာဆီယံ ယူ-၁၆ ပြိုင်ပွဲတွင် အာဆီယံဘောလုံးအဖွဲ့ချုပ် အဖွဲ့ဝင် ၁၂ နိုင်ငံစလုံး ယှဉ်ပြိုင်မည်ဖြစ်ပြီး လေးသင်း သုံးအုပ်စုခွဲ၍ ကျင်းပမည်ဖြစ်သည်။ အုပ်စုခွဲဝေထားမှုအရ အုပ်စု (က) တွင် အိမ်ရှင်အင်ဒိုနီးရှား၊ လာအို၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ အုပ်စု (ခ) တွင် ဗီယက်နမ်၊ မြန်မာ၊ ကမ္ဘောဒီးယား၊ ဘရူနိုင်း၊ အုပ်စု (ဂ) တွင် ထိုင်း၊ မလေးရှား၊ တီမောနှင့် သြစတြေးလျအသင်းတို့ ပါဝင်သည်။ မြန်မာအသင်းသည် အုပ်စုပွဲများအဖြစ် ဇွန် ၂၂ ရက်တွင် ကမ္ဘောဒီးယား၊ ဇွန် ၂၅ ရက်တွင် ဘရူနိုင်းအသင်း၊ ဇွန် ၂၈ ရက်တွင် ဗီယက်နမ်အသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ပြိုင်ပွဲကျင်းပသည့်ပုံစံအရ အုပ်စုတစ်ခုစီမှ ထိပ်ဆုံးတစ်သင်းစီနှင့် ဒုတိယနေရာရအသင်းများအနက် အကောင်းဆုံးတစ်သင်း စုစုပေါင်း လေးသင်း ဆီမီးဖိုင်နယ် တက်ရောက်ခွင့်ရမည်ဖြစ်သည်။

ပြိုင်ပွဲဝင်မည့် မြန်မာ ယူ-၁၆ အသင်းတွင် အုပ်ချုပ်သူ- ဦးစိုးမြတ်မင်း၊ နည်းပြချုပ်- မီတမီချီတာယု (ဂျပန်)၊ လက်ထောက်နည်းပြ- ဦးအောင်ဇော်မျိုး၊ ဦးမြတ်မင်းသူ၊ ဂိုးနည်းပြ- ဦးမြတ်ကိုမင်း၊ ဆရာဝန်- ဒေါက်တာ ကျော်သန့်ဇင်၊ မီဒီယာ- ဦးဝင်းကိုကို၊ အကြောကျွမ်းကျင်- ဦးအောင်အောင်၊ ကစားသမားများအဖြစ် ဂိုးသမား- ထက်ဝေယံဇော် (မန္တလေး အကယ်ဒမီ/နေပြည်တော် ယူ-၁၇)၊ ရှိုင်းထက်ကျော် (ရာမညယူ-၁၅)၊ ထက်ဝေယံ (Yangon Focus U-15 FC/ အား/ကာသိပ္ပံ)၊ နောက်တန်း- အောင်သီဟ (ရခိုင်ယူနိုက်တက် ယူ-၁၇)၊ မြတ်မင်းကျော်၊ စိုင်းမောဝ်ဟန်၊ မျိုးခန့်ကျော် (မန္တလေး အကယ်ဒမီ)၊ အောင်သော်ခန့် (မန္တလေးအကယ်ဒမီ/ နေပြည်တော် ယူ-၁၇)၊ သီဟအောင် (Soccer Care U-15 FC/ အား/ကာသိပ္ပံ-မန္တလေး)၊ ကောင်းခန့်သူ (စစ်ကိုင်းယူနိုက်တက် ယူ-၁၅)၊ ဉာဏ်အောင် (ရှမ်း ယူ-၁၇)၊ အလယ်တန်း- သော်ဇင်ကို (ရန်ကုန် အကယ်ဒမီ/ Su Latt Myint Mo U-17 FC)၊ ကျော်သီဟ၊ ဘေလားဖုန်ရမ်၊ ကျော်ညီညီ (မန္တလေး အကယ်ဒမီ)၊ စိုင်းစွမ်ဆိုင်၊ ခွန်မောင်လုံး၊ ခွန်အောင်ဆန်း (ရှမ်း ယူ-၁၇)၊ စွမ်းဇာနည် (ရခိုင်ယူနိုက်တက် ယူ-၁၇)၊ သူရမင်းသန့် (ရန်ကုန်အကယ်ဒမီ/နေပြည်တော် ယူ-၁၇)၊ ရှေ့တန်း- ခန့်ဝင်းအောင် (မန္တလေးအကယ်ဒမီ)၊ မျိုးနန္ဒအောင် (မန္တလေး အကယ်ဒမီ/ နေပြည်တော် ယူ-၁၇)နှင့် ညီညီသန့် (ရခိုင်ယူနိုက်တက် ယူ-၁၇) တို့ ပါဝင်ကြသည်။

**သတင်း-ရဲရင့်လွင်**

**ဓာတ်ပုံ-MFF**

❑ *ကျောဖုံးမှ*

တိုက်စစ်ပိုင်း သာလွန်မှုရှိသော်လည်း ပြိုင်ဘက်အသင်း၏ တံ့ပြန်ကစားပုံကောင်းမွန်မှုကြောင့် သွင်းဂိုးရရှိရေး အခက်တွေ့ခဲ့ရသည်။

ပွဲချိန် ၃၈ မိနစ်တွင် သြစတြီးယားအသင်းမှ ဝိုဘာ ကိုယ့်ဂိုးကိုယ်သွင်းယူမိခဲ့၍ ပြင်သစ်အသင်း သွင်းဂိုးရရှိခဲ့သည်။ နောက်ပိုင်းပွဲချိန်များတွင် သြစတြီးယားအသင်း ပြင်သစ်အသင်းဘက်သို့ ထိရောက်သည့် ဂိုးပေါက်ခြိမ်းခြောက်မှုများ ပြုလုပ်လာခဲ့သော်လည်း ချေပဂိုးသွင်းယူနိုင်သည်အထိ လုံလောက်မှု မရှိခဲ့ပေ။

ပြင်သစ်အသင်းမှ အားထားရသည့် တိုက်စစ်ကစားသမား အမ်ဘာပေသည် အဆိုပါ ပွဲစဉ်တွင် နှာခေါင်းရိုး ဒဏ်ရာရရှိခဲ့ကြောင်းနှင့် ချက်ချင်းခွဲစိတ်ကုသရန် မလိုအပ်ကြောင်း သိရသည်။ ဒတ်ဆဲလ်ဒေါ့ဖ်ဆေးရုံသို့ ၎င်းကို ခေါ်သွားပြီးနောက် နှာခေါင်းရိုးကျိုးမှုကို အတည်ပြုခဲ့ခြင်းဖြစ်သည်။ အမ်ဘာပေသည် ပြင်သစ်အသင်းအတွက် ပွဲ ၈၀ ပါဝင်ကစားထားပြီး ၄၇ ဂိုး သွင်းယူပေးထားနိုင်သူဖြစ်သည်။

**ယှဉ်ပြိုင်ကစားရမည်**

ပြင်သစ်အသင်းသည် လာမည့်ပွဲစဉ်တွင် အသင်းကြီး နယ်သာလန်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး ပြိုင်ဘက်သြစတြီးယားအသင်းက ပိုလန်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

**အောင်ဇော်**

**နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့**

## နေတိုးမဟာမိတ်အဖွဲ့ဝင်နိုင်ငံများ ကာကွယ်ရေးအသုံးစရိတ်တိုးမြှင့်

**ဝါရှင်တန် ဇွန် ၁၈**

နေတိုးမဟာမိတ်အဖွဲ့ဝင်နိုင်ငံများအနက် ၂၃ နိုင်ငံသည် ယခုနှစ်တွင် ၂ ရာခိုင်နှုန်း ကာကွယ်ရေးအသုံးစရိတ်ပြည့်မီမည်ဖြစ်ကြောင်း နေတိုးအကြီးအကဲက ပြောကြားလိုက်သည်။

နေတိုးမဟာမိတ်အဖွဲ့တွင် အဖွဲ့ဝင်နိုင်ငံပေါင်း ၃၂ နိုင်ငံရှိသည့်အနက် ၂၃ နိုင်ငံသည် ယခုနှစ်တွင် ဂျီဒီပီ၏ ၂ ရာခိုင်နှုန်းသုံးစွဲသွားမည်ဆိုသည့် ရည်မှန်းချက်ပြည့်မီမည်ဖြစ်ကြောင်း အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်နှင့် အိမ်ဖြူတော်၌ တွေ့ဆုံစဉ် နေတိုးအထွေထွေအတွင်းရေးမှူးချုပ် ဂျန်းစ်စတိုတန်ဘာ့ဂ်ျက ပြောကြားခဲ့သည်။

ဥရောပမဟာမိတ်နိုင်ငံများနှင့် ကနေဒါနိုင်ငံတို့သည် နေတိုးမဟာမိတ်အဖွဲ့ဝင်အားလုံးအား ကာကွယ်ရန် ၎င်းတို့၏ ဘုံတာဝန်ကို တိုးမြှင့်လုပ်ဆောင်နိုင်ရန် အမှန်တကယ်ကြိုးပမ်းဆောင်ရွက်နေခြင်းကို ပြသလိုက်ခြင်းပင်ဖြစ်ကြောင်း နေတိုးအကြီးအကဲက ပြောကြားလိုက်သည်။

ကာကွယ်ရေးအသုံးစရိတ် နှစ်ရာခိုင်နှုန်းပြည့်မီမည့် နေတိုးမဟာမိတ်အဖွဲ့ဝင် အရေအတွက်သည် မိမိ၏သမ္မတ တာဝန်စတင်ထမ်းဆောင်ချိန်ကထက် နှစ်ဆကျော်တိုးလာမည်ဟု ဘိုင်ဒင်က ပြောကြားခဲ့ပြီး နေတိုးအဖွဲ့၏တိုးတက်မှုအပေါ် ကြိုဆိုခဲ့သည်။

အိမ်ဖြူတော်ကို ပြန်လည်ရောက်ရှိရန် ရည်ရွယ်ထားသည့် အမေရိကန်သမ္မတဟောင်း ဒေါ်နယ်ထရမ့်ကလည်း နေတိုးမဟာမိတ်အဖွဲ့ဝင်နိုင်ငံများကို ကာကွယ်ရေးတွင် ငွေပိုမိုသုံးစွဲဖို့ တိုက်တွန်းပြောကြားခဲ့သည်။ **အင်န်အိတ်ချ်ကေ**




နေတိုးအထွေထွေအတွင်းရေးမှူးချုပ် ဂျန်းစ်စတိုတန်ဘာ့ဂ်ျနှင့် အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်တို့ အိမ်ဖြူတော်၌ တွေ့ဆုံဆွေးနွေးစဉ်။

## တရုတ်နိုင်ငံ အရှေ့ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လေးဦး သေဆုံး

**ဖူကျိ ဇွန် ၁၈**

တရုတ်နိုင်ငံ အရှေ့ပိုင်း ဖူကျန်းပြည်နယ် ရှန်းဟန်းဒေသတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် လေးဦးသေဆုံးကြောင်း ဒေသအာဏာပိုင်များက အင်္ဂါနေ့တွင် ပြောသည်။



တနင်္ဂနွေနေ့မှ တနင်္လာနေ့အထိ အဆိုပါ ဒေသရှိ မြို့ ၁၅ မြို့တွင် ၂၄ နာရီမိုးရွာသွန်းခဲ့မှုကြောင့် ဒေသန္တရ ရေကြီးရေလျှံမှုထိန်းချုပ်ရေးနှင့် မိုးခေါင်ရေရှားမှု လျှော့ပါးရေးဌာနချုပ်က ပြောသည်။ ပဏာမစာရင်းများအရ အင်္ဂါနေ့ ညနေ ၅ နာရီခွဲအထိ ဒေသရှိ လူပေါင်း ဖ၆၄၉၈ ဦး ရေဘေးသင့်မှုဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

ဘေးဒဏ်သင့်ဒေသများတွင် ဆက်သွယ်ရေးနှင့် လျှပ်စစ်ဓာတ်အား အခြေခံအဆောက်အအုံများမှာ ပုံမှန်အတိုင်း အလုံးစုံပြန်လည် မရရှိသေးကြောင်းနှင့် အချို့နေရာဒေသများတွင် ဒုတိယအကြိမ် မြေပြိုကျမှုအန္တရာယ်ရှိနေသေးကြောင်း သိရသည်။

ဒေသ အာဏာပိုင်များက အခြေခံ အဆောက်အအုံများ ပြန်လည်ပြုပြင်ရန် အရှိန်မြှင့်လုပ်ဆောင်လျက်ရှိသည်။ **ဆင်ဟွာ**

## အီရတ်နိုင်ငံ၌ အပူလှိုင်းဖြတ်သန်း အပူချိန် ၅၀ ဒီဂရီဆဲလ်စီးယပ်ထက်ကျော်လွန်

**ဘဂ္ဂဒက် ဇွန် ၁၈**

အီရတ်နိုင်ငံ၌ အပူလှိုင်းတစ်ခု ဖြတ်သန်းခဲ့သောကြောင့် များစွာသော ပြည်နယ်များ၌ အပူချိန် ၅၀ ဒီဂရီဆဲလ်စီးယပ်အထိ ဇွန် ၁၈ ရက်က ရောက်ရှိခဲ့ကြောင်း အီရတ်မိုးလေဝသနှင့် ငလျင်ဌာနက ထုတ်ပြန်ဖော်ပြခဲ့သည်။

ဒိုင်ကာပြည်နယ်တွင် အမြင့်ဆုံးအပူချိန် ၅၁ ဒီဂရီဆဲလ်စီးယပ်အထိရှိခဲ့ကြောင်း မှတ်တမ်းတင်ဖော်ပြခဲ့သည်။ တချို့ပြည်နယ်များဖြစ်သော မေဆန်၊ ဘာစရာနှင့် မူတာနာတို့တွင် အပူချိန် ၅၀ ဒီဂရီဆဲလ်စီးယပ်အထိရှိကြောင်း ထုတ်ပြန်ချက်တွင် ဆက်လက်ဖော်ပြထားသည်။

အီရတ်မိုးလေဝသနှင့်ငလျင်ဌာနက အစောပိုင်းတွင် လူမှုကွန်ရက်စာမျက်နှာတစ်ခု၌ နေရောင်ခြည်ကို တိုက်ရိုက်မထိတွေ့ရန်နှင့် အပူချိန်အမြင့်ဆုံးအချိန်များတွင် နေအိမ်များအတွင်း၌သာ နေထိုင်ကြရန် သတိပေးဖော်ပြထားသည်။

အီရတ်နိုင်ငံတွင် ပုံမှန်အားဖြင့် ပြင်းထန်သော နွေရာသီအပူချိန်ကို ကြုံတွေ့ရလေ့ရှိသည်။ **ဆင်ဟွာ**

## အီတလီနိုင်ငံ၌ သုံးနှစ်ဆက် အပူလှိုင်းဖြတ်မှုနှင့် ရင်ဆိုင်ရဖွယ်ရှိ

**ရောမ ဇွန် ၁၈**

အီတလီနိုင်ငံသည် နိုင်ငံဒေသအနှံ့အပြား၌ အပူချိန်မြင့်တက်လျက်ရှိသောကြောင့် ဇွန်လတွင် နောက်ထပ် အပူလှိုင်းဖြတ်မှုနှင့် သုံးနှစ်ဆက် ကြုံတွေ့ရဖွယ်ရှိကြောင်း သိရသည်။

မြောက်အာဖရိကမှ ပူပြင်းသောရာသီဥတုသည် မြောက်ဘက်သို့ ရွေ့လျားနေကြောင်း၊ တနင်္လာနေ့မှ စတင်ကာ အပူချိန်မြင့်မားလာကြောင်းနှင့် နိုင်ငံမြောက်ပိုင်း ဒေသများတွင် အပူချိန် ၃၄ ဒီဂရီဆဲလ်စီးယပ်ရှိကြောင်း အီတလီမိုးလေဝသစောင့်ကြည့်ရေးစခန်းက တနင်္လာနေ့တွင် ပြောသည်။



ယခုနှစ်အပူလှိုင်း၏ ပထမဆုံးအမြင့်ဆုံးအပူချိန်မှာ ဗုဒ္ဓဟူးနေ့နှင့်သောကြာနေ့ကြားတွင် ဖြစ်နိုင်ကြောင်း ခန့်မှန်းထားပြီး ရောမ၊ နေပယ်လ်နှင့် ဖလော်ရင့်စ်မြို့တို့တွင် အပူချိန် ၄၀ ဒီဂရီဆဲလ်စီးယပ်ရှိနိုင်ကြောင်း သိရသည်။ **ဆင်ဟွာ**

## ကနေဒါနိုင်ငံ၏အကြီးဆုံးမြို့တော် တိုရွန်တို၌ ပစ်ခတ်မှုဖြစ်ပွား၊ သုံးဦးသေဆုံး

**တိုရွန်တို ဇွန် ၁၈**

ကနေဒါနိုင်ငံ၏ အကြီးဆုံးမြို့တော် တိုရွန်တိုတွင် သေနတ်ပစ်ခတ်မှု ဖြစ်ပွားပြီးနောက် ပစ်ခတ်သူအပါအဝင် လူသုံးဦး ဇွန် ၁၆ ရက်က သေဆုံးခဲ့သည်။

ရဲတပ်ဖွဲ့ဝင်များသည် ဒေသစံတော်ချိန် ညနေ ၃ နာရီ ၂၅ မိနစ်တွင် သေနတ်ပစ်ခတ်မှုဖြစ်ပွားကြောင်း သတင်းပေးပို့ချက်ရရှိပြီးနောက် ဒွန်မေးလ်ဧရိယာရှိ ရုံးအဆောက်အအုံသို့ ရောက်ရှိလာခဲ့ကြောင်း ဒေသမီဒီယာများက ဖော်ပြသည်။

အခင်းဖြစ်ပွားရာနေရာတွင် အမျိုးသားနှစ်ဦးနှင့် အမျိုးသမီးတစ်ဦး သေဆုံးလျက်ရှိသည်ကို တွေ့ရှိခဲ့ရပြီး အမျိုးသားနှစ်ဦးအနက် တစ်ဦးမှာ သေနတ်သမားဖြစ်ကြောင်း ရဲတပ်ဖွဲ့က ခွဲခြားအတည်ပြုခဲ့သည်။

ထို့ပြင် သေနတ်ပစ်ခတ်မှုမဖြ အငြင်းပွားမှု ဖြစ်ပွားခဲ့ရမည်ဟု ရဲတပ်ဖွဲ့က ယုံကြည်သည်။

ရဲတပ်ဖွဲ့က ပစ်ခတ်မှုကို စုံစမ်းစစ်ဆေးနေချိန်တွင် အခင်းဖြစ်ပွားရာနေရာအနီးရှိ နေ့ကလေးထိန်းကျောင်းနှင့် မူလတန်းကျောင်းကို ပိတ်ထားခဲ့သည်။

ဒေသစံတော်ချိန် ညနေ ၆ နာရီခွဲတွင် ကလေးများအားလုံး မိဘများထံ ပြန်သွားကြသည်ဟု စီဘီစီသတင်းတွင် ဖော်ပြထားသည်။ **ဆင်ဟွာ**



## ကင်ညာနိုင်ငံ၌ လူပေါင်း ၁ ဒသမ ၉ သန်း စားရေရိက္ခာမလုံလောက်မှုနှင့် ကြုံတွေ့နေရ

**နိုင်ရိုဘီ ဇွန် ၁၈**

ကင်ညာနိုင်ငံ၌ စားရေရိက္ခာအကူအညီလိုအပ်သူ ၁ ဒသမ ၉ သန်းခန့်ရှိကြောင်းနှင့် ဇွန်လနှင့် ဩဂုတ်လအတွင်း စားရေရိက္ခာမလုံလောက်မှုအခြေအနေမှာ ပိုမိုဆိုးရွားလာဖွယ်ရှိပြီး အမျိုးသား မိုးခေါင်ရေရှားမှုစီမံခန့်ခွဲရေး အာဏာပိုင်အဖွဲ့က အင်္ဂါနေ့တွင် ပြောသည်။ စားရေရိက္ခာမလုံလောက်မှု အခြေအနေမှာ မိုးနည်းရေရှားအရပ်ဒေသများ၌ ဇွန်-ဇူလိုင်-ဩဂုတ်လများအတွင်း ပိုမိုဆိုးရွားလာဖွယ်ရှိကြောင်း အဆိုပါ အာဏာပိုင်အဖွဲ့က ပြောသည်။

အသက် ခြောက်လမှ ၅၉ လရှိ ကလေးငယ် ၈၄၇၉၃၂ ဦးနှင့် ကိုယ်ဝန်ဆောင်မိခင်နှင့် နို့တိုက်မိခင် ၁၂၄၃၅၉ ဦးမှာ လတ်တလောတွင် အာဟာရချို့တဲ့မှု ကြုံတွေ့နေရပြီး ဆေးဝါးကုသမှုခံယူရန် လိုအပ်ကြောင်း သိရသည်။ ထို့ပြင် အာဖရိကဦးချိုဒေသတစ်ဝန်းတွင် လူပေါင်း ၇၄ ဒသမ ၉ သန်းခန့်မှာ စားရေရိက္ခာ မလုံလောက်မှုနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီ အရေးတကြီးလိုအပ်လျက်ရှိကြောင်း ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့က ပြောသည်။ **ဆင်ဟွာ**

# ရေဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ မြန်မာနိုင်ငံ၌ နှစ်စဉ် ဇူလိုင်၊ ဩဂုတ်လများတွင် ရေဘေးအန္တရာယ်နှင့် ကြုံတွေ့ရလေ့ရှိပြီး မိုးရွာသွန်းမှု၊ မြစ်ရေကြီးမှုအခြေအနေများအရ ပုံမှန်ရေကြီးရေလျှံမှုများအပြင် အချိန်တိုအတွင်း မိုးရေချိန် များပြားစွာရွာသွန်းမှုကြောင့် လျှပ်တပြက်ရေကြီးခြင်းများ၊ တောင်ပြို၊ မြေပြိုခြင်းများကိုလည်း ကြုံတွေ့ရနိုင်ပါသည်။

၂။ ယခုနောက်ပိုင်းတွင် ရေဘေးသည် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ရေဘေးဖြစ်ပွားမှုအကြိမ်ရေ(၁၄၄) ကြိမ် ဖြစ်ပွားခဲ့ပြီး နေအိမ်အဆောက်အဦပေါင်း (၂၇၉)လုံး ထိခိုက်ပျက်စီးခဲ့သည့်အပြင် လူနှင့်တိရစ္ဆာန်သေဆုံး၊ ထိခိုက်/ဒဏ်ရာရရှိမှု များပြားလှသည့် ဘေးအန္တရာယ်တစ်ခု ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် ရေဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ လျော့နည်းသက်သာစေရန်အတွက် ရေဘေးမဖြစ်ပွားမီ အောက်ပါကြိုတင်ပြင်ဆင်မှုများကို ပူးပေါင်းပါဝင်ဆောင်ရွက်ပေးနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) မိမိအိမ်ပတ်ဝန်းကျင်ရှိ ဘေးအန္တရာယ်ဖြစ်နိုင်ခြေများနှင့် အိမ်၏ကြံ့ခိုင်မှုကို စစ်ဆေးပါ၊

(ခ) မိသားစုများအရေးပေါ်ပြောင်းရွှေ့နိုင်ရန်နေရာ၊ လမ်းကြောင်းများနှင့် မိသားစုဆုံရပ်ကို ကြိုတင်သတ်မှတ်ထားပါ၊

(ဂ) ရေစိုပျက်စီးနိုင်သော ပစ္စည်းများကို ခြောက်သွေ့၍ မြင့်သောနေရာတွင် ထားရှိပါ၊

(ဃ) မိမိပတ်ဝန်းကျင်ရှိ မြစ်ချောင်းများ၏ အန္တရာယ်ရှိနိုင်သော ရေကြီးမှု အမြင့်ပေများကို သိရှိမှတ်သားထားပါ၊

(င) သောက်သုံးရေများ ကြိုတင်စုဆောင်းထားပါ၊

(စ) မြေနိမ့်ဒေသ၊ ချိုင့်၊ ရေနုတ်မြောင်းအစရှိသည့် ရေလွှမ်းမိုးပါက အန္တရာယ်ဖြစ်နိုင်သောနေရာများကို မြင်သာသော အမှတ်အသားထားရှိပါ၊

(ဆ) အရေးပေါ်သုံးပစ္စည်းများနှင့် အရေးပေါ်အသက်ကယ်ပစ္စည်းများကို ကြိုတင်ပြင်ဆင်ထားပါ။

၄။ ရေကြီးခြင်း သတိပေးချက်ရလျှင် ပြည်သူများအနေဖြင့် အောက်ပါတို့ကို သတိပြုလိုက်နာဆောင်ရွက်ကြရန် လိုအပ်ပါသည်-

(က) သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော မိုးလေဝသသတင်းများကို စဉ်ဆက်မပြတ် နားထောင်ပြီး အကြံပြုချက်ကို လိုက်နာပါ။ အခြားသူများကိုလည်း မျှဝေပါ၊

(ခ) တောင်ပေါ်ဒေသများ ချောင်းဖျား၊ မြစ်ဖျားများတွင် မိုးကြီးပါက မြစ်ဝှမ်းတစ်လျှောက်တွင် လျှပ်တစ်ပြက်ရေကြီးခြင်းများ ဖြစ်နိုင်ကြောင်းသတိပြုကြပါ၊

(ဂ) အရေးပေါ်သုံးပစ္စည်းများ၊ စားရေရိက္ခာနှင့် အရေးကြီးစာရွက်စာတမ်းများကို မိမိနှင့်အတူထားရှိပါ၊

(ဃ) မိသားစုဝင်များ ကွဲကွာသွားပါက ပြန်လည်ဆက်သွယ်ရန် ဖုန်းနံပါတ်၊ အမည်၊ ရပ်ကွက်၊ ကျေးရွာ၊ မြို့ ဆက်သွယ်ရမည့်သူ စသည်တို့အား ရေးသားပြီး မိသားစုဝင်တိုင်း ယူဆောင်ထားပါ၊

(င) သက်ဆိုင်ရာအစိုးရဌာန၏ ညွှန်ကြားချက်ရရှိပါက ရွေးချယ်ထားသော ဘေးလွတ်ရာနေရာသို့ပြောင်းရွှေ့ခိုလှုံပါ။

၅။ ရေကြီးခြင်း ဖြစ်ပေါ်နေချိန်တွင် ပြည်သူများအနေဖြင့် အောက်ဖော်ပြပါ သတိပြုလိုက်နာရန် အချက်များနှင့် ရှောင်ရှားသင့်သည့်အချက်များအား အသိပေးနှိုးဆော်အပ်ပါသည်-

(က) သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော မိုးလေဝသသတင်းများကို စဉ်ဆက်မပြတ် နားထောင်ပြီး အကြံပြုချက်များကို လိုက်နာပါ၊

(ခ) အိမ်သုံးလျှပ်စစ်ပစ္စည်းများ၊ မိန်းခလုတ်များကို ပိတ်ထားပါ၊

(ဂ) သောက်သုံးရေသန့်(သို့) ကျိုချက်ထားသော ရေ(သို့) ရေသန့်ဆေးခတ်ထားသော ရေကိုသာ အမြဲသောက်သုံးပါ၊

(ဃ) အဆိပ်ရှိသော တိရစ္ဆာန်များ၊ အိမ်၊ ခြံအတွင်း၌ ရှိ မရှိ စစ်ဆေးပါ၊

(င) တိရစ္ဆာန်များကို မလိုအပ်ဘဲ ချည်နှောင်ထားခြင်း မပြုလုပ်ပါနှင့်၊

(စ) ရေကြီးသော ဒေသများတွင် မြစ်၊ ချောင်းကမ်းပါးတိုက်စားပြီး ပြိုကျတတ်သောကြောင့် မြစ်၊ ချောင်းကမ်းပါးများအနီးသို့ မသွားပါနှင့်၊

(ဆ) ရေထဲတွင် ရေကူးခြင်း၊ လမ်းလျှောက်ခြင်းများ မပြုလုပ်ပါနှင့်၊

(ဇ) ရေစိုနေသော လျှပ်စစ်ပစ္စည်းများကို အသုံးမပြုပါနှင့်။

၆။ ရေကြီးခြင်းဖြစ်ပွားပြီးနောက် ပြည်သူများအနေဖြင့် အောက်ဖော်ပြပါအချက်များအား သတိပြုလိုက်နာဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) မိသားစုဝင်များ ပျောက်ဆုံး၊ ကွဲကွာပါက သက်ဆိုင်ရာသို့ အကြောင်းကြားပါ၊

(ခ) အမှိုက်များအား စနစ်တကျရှင်းလင်းခြင်း၊ တိရစ္ဆာန်အသေကောင်များအား စနစ်တကျမီးရှို့ခြင်း(သို့) မြေမြှုပ်ခြင်းများ ပြုလုပ်ပါ၊

(ဂ) အန္တရာယ်ရှိနိုင်သော ဓာတ်ကြိုးများ၊ ဓာတ်တိုင်၊ သစ်ပင်သစ်ကိုင်းများကို သတိပြုရှောင်ရှားပါ။ သက်ဆိုင်ရာသို့ အကြောင်းကြားပြီး ကူညီရှင်းလင်းပါ၊

(ဃ) ရေကြီးခြင်း၏ နောက်ဆက်တွဲအနေဖြင့် ဖြစ်ပေါ်နိုင်သော ဘေးအန္တရာယ်များနှင့် ကူးစက်ရောဂါများကို ဂရုပြုပါ၊

(င) ကယ်ဆယ်ရေးနှင့် အရေးပေါ်ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် ပူးပေါင်းလုပ်ဆောင်ပါ။

(စ) သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာခြင်း မဟုတ်သည့် ကောလာဟလသတင်းများကို မယုံပါနှင့်၊

(ဆ) မသန့်ရှင်းသော ရေအရင်းအမြစ်များကို မသုံးစွဲပါနှင့်၊

(ဇ) ရေစိုပြီး အနံ့အသက်မကောင်းသော အစားအစာများ မစားပါနှင့်၊

(ဈ) ရေထဲတွင် ဖိနပ်မပါဘဲ လမ်းမလျှောက်ပါနှင့်။

၇။ သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄)နာရီ ဖွင့်လှစ်ထားရှိသည့် Hot-Line ဖုန်းများဖြစ်သော ၀၆၇-၃၄၀၄၆၆၆၊ ၀၆၇-၃၄၀၄၇၇၇ တို့သို့ ဆက်သွယ်၍ အကူအညီတောင်းခံနိုင်ပါကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက အသိပေးကြေညာအပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်**
**ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

# ၂၀၂၄ ခုနှစ်၊ ဇွန်လ (ဒုတိယ)ဆယ်ရက်ပတ်အတွက် စိုက်ပျိုးရေးမိုးလေဝသခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ် ဖြစ်ပေါ်နိုင်ပါသည်။ အနောက်တောင်မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားအသင့်အတင့်မှ အားကောင်းနိုင်ပါသည်။

**မိုးရွာသွန်းနိုင်မှုအခြေအနေ**

ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် ရွာသွန်းမြဲအောက် လျော့နည်းနိုင်ကာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်တောင်ပိုင်း)၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်ပါသည်။

**အမြင့်ဆုံးအပူချိန်အခြေအနေ**

ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်တောင်ပိုင်း)၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၇၈ ဒီဂရီဖာရင်ဟိုက်မှ ၈၉ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) နှင့် ရခိုင်ပြည်နယ်တို့တွင် ၉၀ ဒီဂရီဖာရင်ဟိုက်မှ ၁၀၀ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်ပါသည်။

**အနိမ့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်တွင် ၅၄ ဒီဂရီဖာရင်ဟိုက်ခန့်၊ ပဲခူးတိုင်းဒေသကြီး (အရှေ့ပိုင်းနှင့်တောင်ပိုင်း)၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ၆၅ ဒီဂရီဖာရင်ဟိုက်မှ ၇၄ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၇၅ ဒီဂရီဖာရင်ဟိုက်မှ ၈၄ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်ပါသည်။

**လေထုစိုထိုင်းဆအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် ၇၁ ရာခိုင်နှုန်းမှ ၈၀ ရာခိုင်နှုန်းအတွင်း၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး (အရှေ့ပိုင်းနှင့်အနောက်ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်တောင်ပိုင်း)နှင့် ရခိုင်ပြည်နယ်တို့တွင် ၈၁ ရာခိုင်နှုန်းမှ ၉၀ ရာခိုင်နှုန်းအတွင်းနှင့် ပဲခူးတိုင်းဒေသကြီး(တောင်ပိုင်း)၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၉၁ ရာခိုင်နှုန်းမှ ၁၀၀ ရာခိုင်နှုန်းအတွင်း အသီးသီးရှိနိုင်ပါသည်။

**ပင်ငွေ့ရေငွေ့ပြန်နှုန်းအခြေအနေ**

တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် ၁၀ မီလီမီတာမှ ၂၁ မီလီမီတာအတွင်း၊ ပဲခူးတိုင်းဒေသကြီး(တောင်ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း) နှင့် ကရင်ပြည်နယ်တို့တွင် ၂၂ မီလီမီတာမှ ၃၁ မီလီမီတာအတွင်း၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး (အရှေ့ပိုင်းနှင့်အနောက်ပိုင်း)၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ၃၂ မီလီမီတာမှ ၄၁ မီလီမီတာအတွင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် ၄၂ မီလီမီတာမှ ၅၂ မီလီမီတာအတွင်း အသီးသီးရှိနိုင်ပါသည်။

**မြေဆီလွှာအောင်းရေအခြေအနေ**

နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (အရှေ့ပိုင်းနှင့် တောင်ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် (ပြည့်ဝ)အခြေအနေ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် (စိုစွတ်) အခြေအနေနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတွင် (ခြောက်သွေ့) အခြေအနေ အသီးသီးရှိနိုင်ပါသည်။

**မိုး/ဇလ**

# အိန္ဒိယနိုင်ငံ၏ သမဝါယမစနစ် ဆောင်ရွက်ချက်များအား လေ့လာခြင်း

*ခန့်ဇော်(ကျေးလက်)*

**အိမ်နီးချင်းနိုင်ငံများ၏ သမဝါယမစနစ်ဖြစ်ထွန်းမှု၊ ဆောင်ရွက်မှုပုံစံ၊ အားသာချက်၊ အားနည်းချက်များအား လက်လှမ်းမီသမျှ လိုက်လံလေ့လာရင်းဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ သမဝါယမစနစ်အကြောင်းကို ဦးစွာရေးသားဖြစ်ခဲ့သည်။ ယခုတစ်ဖန် အိန္ဒိယနိုင်ငံ၏ သမဝါယမစနစ် ဆောင်ရွက်ချက်များအား လေ့လာသုံးသပ်မိသမျှ ပြန်လည်မျှဝေချင်မိရပြန်သည်။ မိမိတို့နိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်နေသော အိမ်နီးချင်းနိုင်ငံများ၏ အောင်မြင်သောသမဝါယမစနစ်၊ ဆောင်ရွက်ချက်များအား လေ့လာရင်း သုံးသပ်ရင်းဖြင့် မိမိနိုင်ငံ၏သမဝါယမကဏ္ဍ ဖွံ့ဖြိုးမှုအနေအထားနှင့် ချိန်ထိုးနှိုင်းဆအဖြေရှာကြည့်ရင်း တကယ်လုပ်ရင် တကယ်အောင်မြင်မည်ဖြစ်၍ သမဝါယမအသင်းများသို့ တွန်းအားပေးဆောင်ရွက်ရန် တွေးမိလာရသည်။**

**အိန္ဒိယနိုင်ငံ၏သမဝါယမစနစ်**

အိန္ဒိယနိုင်ငံ၏သမဝါယမစနစ် ဆောင်ရွက်ချက်များကို ရှာဖွေဖတ်မှတ်ရင်းမှ ဦးစွာသတိပြုမိသည်က သမဝါယမအသင်းများသည် အိန္ဒိယနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် အဓိကကျသော အခန်းကဏ္ဍမှ ပါဝင်သည့်အပြင် အိန္ဒိယနိုင်ငံ ကျေးလက်ဒေသ၏ ၉၈ ရာခိုင်နှုန်းခန့်အထိ လွှမ်းခြုံမှုရှိပြီး ကျေးလက်စီးပွားဖွံ့ဖြိုးမှု၏ အဓိကမောင်းနှင်အားဖြစ်သည့်အချက်ပင် ဖြစ်သည်။

အိန္ဒိယနိုင်ငံတွင် သမဝါယမစနစ်သည် ၁၉၀၃ ခုနှစ်ဝန်းကျင်၊ ဗြိတိသျှကိုလိုနီ လက်အောက်ခံကာလကတည်းက စတင်ခဲ့ခြင်းဖြစ်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံထက် ၁၀ စုနှစ် နှစ်ခုနီးပါး ဆောလျင်ခဲ့သည်ကို တွေ့ရသည်။ ထို့အပြင် အပြည်ပြည်ဆိုင်ရာသမဝါယမ မဟာမိတ်အသင်း (International Cooperatives Alliance–ICA) ၏ ပထမဆုံး အာရှ–ပစိဖိတ်ဒေသဆိုင်ရာရုံးကို ၁၉၆၀ ပြည့်နှစ်ကတည်းကပင် နယူးဒေလီတွင် ဖွင့်လှစ်ထားရှိခဲ့ပြီး အိန္ဒိယနိုင်ငံ၏ အမျိုးသားသမဝါယမအသင်းများသမဂ္ဂ (National Cooperative Union of India–NCUI)နှင့် အမျိုးသားအဆင့်စိုက်ပျိုးရေးဆိုင်ရာ ဈေးကွက်ရှာဖွေရေးသမဝါယမအဖွဲ့ချုပ် (National Agricultural Cooperative Marketing Federation–NAFED)တို့သည် ဒေသတွင်းမှ ICA သို့ ဝင်ရောက်ခဲ့သည့် ပထမဆုံးသောသမဝါယမအသင်းများဖြစ်ကြသည်။ အိန္ဒိယနိုင်ငံ၏သမဝါယမသက်တမ်းသည် နှစ်ပေါင်း ၁၂၀ ကျော်ပြီဖြစ်ရာ လေ့လာမှတ်သားစရာများ အမြောက်အမြား တွေ့ရှိရသည်။

ပထမဆုံးသော ချေးငွေသမဝါယမအသင်းကို ၁၉၀၃ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး သမဝါယမချေးငွေအသင်းများ အက်ဥပဒေ (Co-operative Credit Societies)ကို ၁၉၀၄ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ခြင်းဖြစ်၍ သမဝါယမအသင်းအဖွဲ့များ၏ တည်ရှိမှုကို ဥပဒေအရ ခိုင်မာမှုရှိအောင် အချိန်တိုအတွင်း ဖန်တီးပေးနိုင်ခဲ့ကြောင်း တွေ့ရသည်။ ၁၉၂၉ ခုနှစ်၌ နောင်တွင် အမျိုးသားသမဝါယမအသင်းများသမဂ္ဂ (National Cooperative Union of India– NCUI) ဟုခေါ်တွင်မည့် အိန္ဒိယသမဝါယမအသင်းချုပ် (All India Cooperative Institutes Association)ကို ဖွဲ့စည်းခဲ့သည်။ ဒုတိယကမ္ဘာစစ် ဖြစ်ပွားလျက်ရှိသည့် ၁၉၃၉–၁၉၄၅ ကာလတစ်လျှောက်တွင် အခြေခံလူသုံးကုန်ပစ္စည်းများ၏ ကုန်ဈေးနှုန်းမြင့်တက်မှုများကို ဖြေရှင်းနိုင်ရန် စားသုံးသူရေးရာ



Amul Dairy Cooperative သို့ နွားနို့ လာရောက်ရောင်းချသူများ။ (ဓာတ်ပုံ– Website)

သမဝါယမအသင်းများ ပိုမိုအားကောင်းလာခဲ့ပြီး တစ်ချိန်တည်း၌ပင် ပြည်သူအများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန် စက်မှုသမဝါယမအသင်းများ တိုးမြှင့်ဖွဲ့စည်းခဲ့ကြောင်း တွေ့ရသည်။ စားသုံးသူသမဝါယမအသင်းများသည် ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာ အရောင်းအဝယ်ပြုလုပ်နိုင်စေရန် ဆောင်ရွက်ပေးခြင်းဖြင့် စားသုံးသူအားလုံး၏ အကျိုးစီးပွားကို ကာကွယ်ရန် ဖွဲ့စည်းထားခြင်းဖြစ်ပြီး လုပ်ငန်းသဘာဝအလိုက် သမဝါယမအသင်းများအား ယေဘုယျအားဖြင့် အောက်ပါအတိုင်း အမျိုးအစား ခွဲခြားနိုင်ပါသည်–

(၁) စားသုံးသူသမဝါယမအသင်းများ၊
(၂) ဈေးကွက်ဖော်ဆောင်ရေး သမဝါယမအသင်းများ၊
(၃) တောင်သူလယ်သမား သမဝါယမအသင်းများ၊
(၄) ကုန်ထုတ်လုပ်မှုသမဝါယမအသင်းများ၊
(၅) အိမ်ရာသမဝါယမအသင်းများ၊
(၆) ငွေချေးသမဝါယမအသင်းများ။

၁၉၁၂ ခုနှစ်တွင် အစောပိုင်းဥပဒေ၏ အားနည်းချက်အချို့ကို ပြင်ဆင်သည့် သမဝါယမအသင်းများ အက်ဥပဒေကို အတည်ပြုပြဋ္ဌာန်းခဲ့ပါသည်။ ထို့နောက် ဌာနပေါင်းစုံ သမဝါယမအသင်းများ အက်ဥပဒေကို ၁၉၄၂ ခုနှစ်တွင် ဗြိတိသျှအိန္ဒိယအစိုးရက အတည်ပြုပြဋ္ဌာန်းခဲ့ပါသည်။ ၁၉၄၇ ခုနှစ် လွတ်လပ်ရေးရပြီးနောက်ပိုင်း၌ ပေါင်းစပ်စီးပွားရေး

**※ အူလွန်ဂါလ် အလုပ်သမားစာချုပ်စာတမ်း သမဝါယမအသင်းလီမိတက် (ULCCS)သည် အိန္ဒိယ၏ အမျိုးဇာတ်ခွဲခြားမှုကြောင့် အလုပ်အကိုင်မရရှိသည့် ဇာတ်နိမ့်ဆင်းရဲနွမ်းပါးသူများအတွက် တည်ထောင်ခဲ့ခြင်းဖြစ်ပြီး အစောပိုင်းနှစ်များတွင် လမ်းသွယ်၊ လမ်းငယ်ကလေးများ ဖောက်လုပ်သည့် လုပ်ငန်းကို လုပ်ကိုင်ခဲ့ရာမှ ကီရာလာပြည်နယ်အတွင်း လမ်းပေါင်း ၇၁၅၀၀၀၊ တံတား/မိုးပျံတံတားပေါင်း ၅၇၇ စင်းနှင့် အဆောက်အဦ ၂၄၀၀၀ လုံး တည်ဆောက်နိုင်ခဲ့ပြီး ကျေးလက်ဒေသမှ အလုပ်သမား ၂၀၀၀ ကျော်ခန့်အား အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးနိုင်ခဲ့**

ပုံစံနှင့် ငါးနှစ်စီမံကိန်းများ (Mixed–Economy Model and Five–Year Plans)တွင် သမဝါယမအသင်းများအား ဒီမိုကရက်တစ် စီးပွားရေးစီမံကိန်းရေးဆွဲခြင်းဆိုင်ရာကိစ္စရပ်များအတွက် ကိုယ်စားလှယ်အဖွဲ့အစည်း (Principal Agency) အဖြစ် အသိအမှတ်ပြုထားရှိသည်ကို တွေ့ရသည်။

**အသင်းအဖွဲ့များ ဖွဲ့စည်းမှုနှင့် အောင်မြင်မှု**

အမျိုးသားသမဝါယမအသင်းများသမဂ္ဂ (NCUI) သည် အိန္ဒိယနိုင်ငံ၏ သမဝါယမလှုပ်ရှားမှုများအားလုံးကို ကိုယ်စားပြုသည့် အမြင့်ဆုံးအဖွဲ့အစည်းတစ်ခုဖြစ်ပြီး စိုက်ပျိုးရေးနှင့် တောင်သူလယ်သမားများ သက်သာချောင်ချိရေး ဝန်ကြီးဌာနအောက်တွင် အမျိုးသားအဆင့် သမဝါယမအသင်းများ ဖွံ့ဖြိုးတိုးတက်ရေးကောင်စီ(National Cooperative Development Corporation–NCDC)ကို တရားဝင်အဖွဲ့အစည်းထားရှိသည်။ ပြည်နယ်ပေါင်းစုံ သမဝါယမအသင်းများ ဖွံ့ဖြိုးလာစေရေးအတွက် ဥပဒေ၊ မူဝါဒ၊ မူဘောင်များ ချမှတ်ဆောင်ရွက်နိုင်ရန်နှင့် သီးခြားအုပ်ချုပ်မှုပံ့ပိုးပေးနိုင်ရန် သမဝါယမဝန်ကြီးဌာနကို ၂၀၂၂ ခုနှစ်တွင် ဖွဲ့စည်းခဲ့ကြောင်း တွေ့ရသည်။ လွှတ်တော်က ပြည်နယ်ပေါင်းစုံ သမဝါယမအသင်းများနှင့် သက်ဆိုင်သည့်ဥပဒေများကို ပြဋ္ဌာန်းပေးပြီး ပြည်နယ်အဆင့် သမဝါယမအသင်းများသည် ပြည်နယ်အစိုးရများ၏ စီမံပိုင်ခွင့်အောက်တွင် ရှိသည်။

အာရှ၏ပထမဆုံးနှင့် ရှေးအကျဆုံးသောအိမ်ရာသမဝါယမအသင်းဖြစ်သော ဆာရာဆွပ် အိမ်ရာသမဝါယမအသင်း (Saraswat Cooperative Housing Society) ကို ၁၉၁၅ ခုနှစ်တွင် တည်ထောင်ခဲ့ပြီး ယနေ့ထက်တိုင် ရပ်တည်နိုင်ဆဲဖြစ်သည်ကို တွေ့ရှိရသည်။ ၂၀၂၀ ပြည့်နှစ် ကမ္ဘာ့သမဝါယမစောင့်ကြည့်စစ်ဆေးမှုမှတ်တမ်းအရ ဂူဂျာရက်နို့ဈေးကွက်ရှာဖွေရေး သမဝါယမအသင်းချုပ် (Gujarat Cooperative Milk Marketing Federation Ltd. – GCMMF)၊ အိန္ဒိယလယ်သမားများ မြေသြဇာသမဝါယမအသင်းလီမိတက် (Indian Farmers Fertilizer Cooperative Ltd.– IFFCO)၊ အူလွန်ဂါလ်အလုပ်သမားစာချုပ်စာတမ်းသမဝါယမအသင်းလီမိတက် (Uralungal Labor Contract Cooperative Society Ltd.–ULCCS)၊ ခရက်ရှက်ဘာရတီ သမဝါယမအသင်းလီမိတက် (Krishak Bharati Cooperative Ltd.– KRIBHCO)နှင့် ဆာရာဆွပ်သမဝါယမဘဏ် (Saraswat Cooperative Bank)တို့သည် ကမ္ဘာ့ထိပ်တန်းအကြီးဆုံးသမဝါယမအသင်းအဖွဲ့ ၃၀၀ စာရင်းတွင် ပါဝင်ခဲ့ကြောင်း သိရှိရသည်။

**ဆာရာဆွပ်သမဝါယမဘဏ်**
**(Saraswat Cooperative Bank)**

၎င်းတို့အနက် ဆာရာဆွပ် သမဝါယမဘဏ်သည် ၁၉၁၈ ခုနှစ်တွင် တည်ထောင်ခဲ့ခြင်းဖြစ်ပြီး ဖို့ဘ်စစ်တမ်း(Forbes Survey)အရ အိန္ဒိယနိုင်ငံ၏ အကြီးဆုံးမြို့ပြ သမဝါယမဘဏ်ဖြစ်သည်သာမက ကမ္ဘာ့အကောင်းဆုံးဘဏ်စာရင်းတွင်လည်း အမြင့်ဆုံးအဆင့်မှ ပါဝင်သည်ကို တွေ့ရပါသည်။ ၂၀၂၀ ပြည့်နှစ် ဖို့ဘ်စစ်တမ်းအရ အိန္ဒိယ၏ထိပ်တန်းဘဏ် ၁၀ ခုစာရင်းတွင် ဒုတိယ၊ ကမ္ဘာ့အဆင့် (၉)တွင် ရပ်တည်လျက်ရှိပြီး ပြည်နယ် ခြောက်ခုတွင် ဘဏ်ခွဲပေါင်း ၂၈၀ ဖြင့် လုပ်ငန်းလည်ပတ်လျက်ရှိပါသည်။

ဆာရာဆွပ်သမဝါယမဘဏ်ကဲ့သို့ပင် ကမ္ဘာ့အဆင့်အထိ လှမ်းတက်နိုင်ခဲ့သော သမဝါယမအသင်းများအနက်တွင် ၁၉၂၅ ခုနှစ်၌ အလုပ်သမား ၁၄ ဦးဖြင့် စတင်ဖွဲ့စည်းခဲ့သည့် အူလွန်ဂါလ် အလုပ်သမားစာချုပ်စာတမ်း သမဝါယမအသင်းလီမိတက် (ULCCS)သည်လည်း တစ်ခုအပါအဝင်ဖြစ်ပြီး ကမ္ဘာ့ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ် (United Nations Development Programme – UNDP)မှ အသိအမှတ်ပြုရသည့်အဖွဲ့အစည်းတစ်ခုအဖြစ် ရပ်တည်နိုင်လျက်ရှိသည်ကို တွေ့ရှိရသည်။

**အူလွန်ဂါလ်အလုပ်သမားစာချုပ်စာတမ်း**
**သမဝါယမအသင်းလီမိတက် (ULCCS)**

အူလွန်ဂါလ် အလုပ်သမားစာချုပ်စာတမ်း သမဝါယမအသင်းလီမိတက် (ULCCS)သည် အိန္ဒိယ၏ အမျိုးဇာတ်ခွဲခြားမှုကြောင့် အလုပ်အကိုင်မရရှိသည့် ဇာတ်နိမ့်ဆင်းရဲနွမ်းပါးသူများအတွက် တည်ထောင်ခဲ့ခြင်းဖြစ်ပြီး အစောပိုင်းနှစ်များတွင် လမ်းသွယ်၊ လမ်းငယ်ကလေးများ ဖောက်လုပ်သည့် လုပ်ငန်းကို လုပ်ကိုင်ခဲ့ရာမှ ကီရာလာပြည်နယ်အတွင်း လမ်းပေါင်း ၇၁၅၀၀၀၊ တံတား/ မိုးပျံတံတားပေါင်း ၅၇၇ စင်းနှင့် အဆောက်အဦ ၂၄၀၀၀ တည်ဆောက်နိုင်ခဲ့ပြီး ကျေးလက်ဒေသမှ အလုပ်သမား ၂၀၀၀ ကျော်ခန့်အား အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးနိုင်ခဲ့ပါသည်။ ထို့ပြင် ULCCS မှ တည်ထောင်ခဲ့သည့် UL Cyber Parkသည် ကိုရှက်ကို့ဒီ (Kozhikode) ဒေသရှိ ပထမဆုံးသတင်းအချက်အလက်နည်းပညာ အဆောက်အဦဖြစ်ပြီး ကုမ္ပဏီရုံးခွဲပေါင်း ၄၄ ခုရှိသည်။ မကြာသေးမီနှစ်များကလည်း ULCCS သည် အုပ်ချုပ်မှုနှင့် စီမံခန့်ခွဲမှုဆိုင်ရာ သမဝါယမသင်တန်းများ ပံ့ပိုးပေးနိုင်ရန်အတွက် ပြည်နယ်အဆင့် အလုပ်သမားရေးရာဦးစီးဌာနအောက်ရှိ အိန္ဒိယအခြေခံအဆောက်အဦနှင့် ဆောက်လုပ်ရေးသင်တန်းကျောင်း – ကီရာလာအကယ်ဒမီ(Kerala Academy)၏ မိတ်ဖက်ဖြစ်သော စကော့တလန်နိုင်ငံရှိ ဒန်ဒီတက္ကသိုလ် (University of Dundee) နှင့် ပူးပေါင်းခဲ့သည်။ အလုပ်သမားများအတွက် အလုပ်အကိုင်ဖန်တီးပေးရန် စတင်ခဲ့ရာမှသည် ကျွမ်းကျင်လုပ်သား (Skillful Workers) များ မွေးထုတ်လာနိုင်သည့်အပြင် အုပ်ချုပ်မှုနှင့် စီမံခန့်ခွဲမှုအဆင့်အထိပါ ချဲ့ထွင်တက်လှမ်းလာနိုင်သည်ကို အားရဖွယ် တွေ့မြင်ရသည်။

*စာမျက်နှာ ၁၇ သို့*

*စာမျက်နှာ ၁၆ မှ*

**ဂူဂျာရက် နို့ဈေးကွက်ရှာဖွေရေး သမဝါယမအသင်းချုပ်(GCMMF)**

ဂူဂျာရက်နို့ဈေးကွက်ရှာဖွေရေး သမဝါယမအသင်းချုပ်အောက်ရှိ Amul သည် ပထမဆုံးသော နို့ထုတ်လုပ်သူသမဝါယမအသင်းဖြစ်ပြီး "အိန္ဒိယ၏ အရသာဟု လူသိများကျော်ကြားသည့် "Amul" ဟူသော အိမ်သုံးအမှတ်တံဆိပ်လေးသည် အိန္ဒိယနိုင်ငံကို ကမ္ဘာပေါ်တွင် နို့ထွက်ပစ္စည်း အများဆုံးထုတ်လုပ်သည့်နိုင်ငံအဖြစ် ရပ်တည်နိုင်စေခဲ့သည်။ ဆင်းရဲနွမ်းပါး နို့စားနွားမွေးမြူသူ တောင်သူများဖြင့် ၁၉၇၃ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့သည့် Amul သည် ဂူဂျာရတ်ရှိ နို့ထုတ်လုပ်သူ ၃ ဒသမ ၆ သန်းဖြင့် လုပ်ငန်းလည်ပတ်လျက်ရှိရာ ဂူဂျာရက် နို့ဈေးကွက်ရှာဖွေရေး သမဝါယမအသင်းချုပ်သည် အိန္ဒိယနိုင်ငံ၏ အကြီးဆုံး နို့နှင့်နို့ထွက်ပစ္စည်း ပြည်ပတင်ပို့သူ၊ အကြီးဆုံးလက်လီလက်ကား နို့ရောင်းဝယ်ရေးကွန်ရက်ကို တည်ထောင်ထားနိုင်သည့်အသင်းဖြစ်ပြီး လက်လီအရောင်းသမား တစ်သန်း၊ လက်ကားအရောင်းသမား ၁၀၀၀၀ ခန့်ဖြင့် အရောင်းဆိုင်ရုံးခွဲပေါင်း ၆၁ ခုအထိ ဖြန့်ကြက်ထားနိုင်သည်ကို တွေ့ရပါသည်။

**အိန္ဒိယလယ်သမားများ မြေဩဇာ သမဝါယမအသင်းလီမိတက် (IFFCO)**

အိန္ဒိယလယ်သမားများ မြေဩဇာသမဝါယမအသင်းကို မြေဩဇာထုတ်လုပ်မှုအတွက် အစိုးရ၊ အိန္ဒိယသမဝါယမအသင်းများ၊ အမေရိကသမဝါယမအသင်းများ(National Cooperative Business Association CLUSA International – NCBA CLUSA)တို့၏အထောက်အပံ့ဖြင့် ၁၉၆၇ ခုနှစ်တွင် တည်ထောင်ခဲ့ခြင်းဖြစ်ပြီး ယခုအခါ တောင်သူ ၅၅သန်းကျော် ပါဝင်သောကွန်ရက်တွင် အဖွဲ့ဝင်ပေါင်း ၃၆၀၀၀ ကျော် ရှိနေပြီဖြစ်သည်။ အစပိုင်းတွင် မြေဩဇာများ ထုတ်လုပ်ရောင်းချရန်အတွက် ဖွဲ့စည်းခဲ့ခြင်းဖြစ်သော်လည်း နောက်ပိုင်းတွင် အထွေထွေအာမခံလုပ်ငန်းနှင့် ကျေးလက်ဒေသရှိ ဆက်သွယ်ရေးလုပ်ငန်း (Telecom) များအထိပါ တိုးချဲ့လုပ်ကိုင်လာနိုင်ခဲ့သည့်အပြင် အိုမန်၊ ဂျော်ဒန်၊ ဒူဘိုင်း၊ ဆီနီဂေါ၊ ကနေဒါ စသည့်နိုင်ငံများအထိပါ ပူးပေါင်းဆောင်ရွက်မှုများ တိုးချဲ့လာနိုင်ခဲ့သည်။ ကမ္ဘာ့ပထမဆုံးသော နာနိုနည်းပညာသုံးယူရီးယားအရည်ကို စတင်ထုတ်လုပ်နိုင်ခဲ့ပြီး နာနိုနည်းပညာသုံး ယူရီးယားဓာတ်မြေဩဇာ ထုတ်လုပ်သည့်စက်ရုံ တည်ထောင်နိုင်ရန် အာဂျင်တီးနား၊ ဘရာဇီးတို့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။ အာရှနှင့် အာဖရိကရှိ တောင်သူများကို လေ့ကျင့်သင်ကြားပေးရေးနှင့် သမဝါယမအသင်းများကြား ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်နိုင်ရန် ၂၀၁၉ ခုနှစ်တွင် ICA Africa နှင့် ပူးပေါင်းခဲ့သည်ကို တွေ့ရသည်။

၂၀၁၈ ခုနှစ် စာရင်းအရ အိန္ဒိယနိုင်ငံတွင် သမဝါယမအသင်းအဖွဲ့ပေါင်း ၈၅၄၃၅၅ ခန့်ရှိပြီး လူဦးရေ၏ ၂၁ ဒသမ ၇ ရာခိုင်နှုန်း(၂၉၀ ဒသမ ၀၆ သန်း)ခန့် အဖွဲ့ဝင်အဖြစ် ပါဝင်သည်ကို တွေ့ရသည်။ သမဝါယမအသင်းများမှ တိုက်ရိုက်အလုပ်အကိုင်ဖန်တီးပေးနိုင်မှု ၁၃ ဒသမ ၃ ရာခိုင်နှုန်းခန့်ရှိပြီး ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်နိုင်စေရန် ဖန်တီးပေးနိုင်မှု ၁၀ ဒသမ ၉၁ ရာခိုင်နှုန်းခန့်နှင့် ကျေးလက်ဒေသ၏ ၉၈ ရာခိုင်နှုန်းခန့် လွှမ်းခြုံနိုင်မှုရှိသည်ကို အားရဖွယ် တွေ့ရှိရပါသည်။ အသင်းအဖွဲ့အင်အား ကြီးမားသည်နှင့်အမျှ လွှမ်းခြုံနိုင်မှုပမာဏသည်လည်း ကြီးမားကျယ်ပြန့်ပြီး ထိရောက်မှု အားကောင်းသည်ကို အတုယူဖွယ် တွေ့မြင်ရပါသည်။

**မူဝါဒ၊ ဥပဒေများဖြင့် အထောက်အပံ့ပြုမှု**

၁၉၄၂ ခုနှစ်က ပြဋ္ဌာန်းခဲ့သည့် ပြည်နယ်ပေါင်းစုံ သမဝါယမအသင်းအဖွဲ့များအက်ဥပဒေကို ၁၉၈၄ ခုနှစ်တွင် အသစ်ပြန်လည်ပြဋ္ဌာန်းခဲ့ပြီး ၂၀၀၂ ခုနှစ်တွင် ထပ်မံပြင်ဆင်ဖြည့်စွက်ခဲ့သည်။ ၂၀၀၂ ခုနှစ်တွင်ပင် ဗဟိုအစိုးရသည် သမဝါယမကဏ္ဍစုံ ဖွံ့ဖြိုးရေးရည်မှန်းချက်ဖြင့် အမျိုးသားအဆင့် သမဝါယမမူဝါဒကို ထုတ်ပြန်ခဲ့ပြီး ယင်းမူဝါဒကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် လုပ်ငန်းအဖွဲ့ (Task Force)များ ဖွဲ့စည်းဆောင်ရွက်ခဲ့သည်။ ထို့ပြင် အမျိုးသားအဆင့် သမဝါယမအသင်းများ ဖွံ့ဖြိုးတိုးတက်ရေးကောင်စီ(NCDC)အက်ဥပဒေကိုလည်း ၂၀၀၂ ခုနှစ်တွင် တစ်ပြိုင်တည်း ပြင်ဆင်ပြဋ္ဌာန်းခဲ့ပြီး သမဝါယမစီးပွားရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် လူငယ်များ ပါဝင်လာစေရေး တွန်းအားပေးနိုင်ရန်အတွက် "Yuva Sahakar – Cooperative Enterprise Support and Innovation Scheme"ကို စတင်မိတ်ဆက်ခဲ့သည်။ ထို့ပြင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်၌ NCDC သည် "၂၀၂၂ ခုနှစ်တွင် တောင်သူများ၏ ဝင်ငွေနှစ်ဆတိုးပွားစေရန်"ဟူသည့် ရည်မှန်းချက်ဖြင့် "Mission Sahakar 22"ကို စတင်ခဲ့သည်။ Sahakar 22 တွင် အောက်ဖော်ပြပါလုပ်ငန်းစဉ်များ ပါဝင်သည်ကို တွေ့ရသည်-

- NCDC ၏ အကူအညီဖြင့် ခရိုင် ၂၂၂ ခုရှိ သမဝါယမအသင်းများကို အစုအဖွဲ့အခြေပြု ချဉ်းကပ်မှုနည်းလမ်း (Cluster Based Approach)ကျင့်သုံး၍ ပေါင်းစည်းခြင်း)၊
- အခြေခံစိုက်ပျိုးရေး ချေးငွေအသင်းနှင့် APNA KISAN အရင်းအမြစ်စင်တာများကဲ့သို့ သမဝါယမအသင်းများအား ပြုပြင်ပြောင်းလဲခြင်း၊
- အိန္ဒိယ၏အရှေ့နှင့် အရှေ့မြောက်ဒေသရှိ သမဝါယမအသင်းများကို အခြားသော လယ်ယာဗဟိုပြု အစီအစဉ်များနှင့် ပေါင်းစည်းခြင်း၊
- သမဝါယမအသင်းများမှ တစ်ဆင့် ဈေးကွက်ချိတ်ဆက်ပေးမည့် အဆင့်မီစင်တာများ (Centers of Excellence) တည်ထောင်ပေးခြင်း၊
- သမဝါယမဆိုင်ရာသုတေသနနှင့် ဖွံ့ဖြိုးရေးအတွက် ဖွင့်လှစ်ထားရှိသော Laxmanrao Inamdar National Academyမှတစ်ဆင့် စွမ်းဆောင်ရည်မြှင့်တင်ရေး ဆောင်ရွက်ပေးခြင်း၊

**အိန္ဒိယနိုင်ငံရှိ သမဝါယမအသင်းများ ဆောင်ရွက်မှုပုံစံ**

အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍအနေဖြင့် များများစားစား မပံ့ပိုးပေးနိုင်သည့် စိုက်ပျိုးရေးချေးငွေနှင့် ရန်ပုံငွေများကို သမဝါယမအသင်းများက ထောက်ပံ့ပေးသည်။ စိုက်ပျိုးရေးကဏ္ဍအတွက် မဟာဗျူဟာမြောက် သွင်းအားစုများ ပံ့ပိုးပေးခြင်း၊ စားသုံးသူလူ့အဖွဲ့အစည်းများအား စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းများကို သက်သာသည့်နှုန်းထားဖြင့် ရောင်းချပေးခြင်းတို့ကို ဆောင်ရွက်ပေးသည်။ ကုန်စည်ထုတ်လုပ်သူဒိုင်များထံမှ တိုက်ရိုက်ဝယ်ယူခြင်းဖြစ်၍ ကြားခံပွဲစားများ မပါဝင်သည့်အတွက် ကုန်ပစ္စည်းများကို စားသုံးသူများထံ ကုန်ကျစရိတ်သက်သာစွာဖြင့် ပို့ဆောင်ရောင်းချပေးနိုင်သည်။ ထွက်ကုန်များကို စီမံထုတ်လုပ်လိုသည့် တောင်သူလယ်သမားများအတွက်လည်း ၎င်းတို့၏ ကုန်ထုတ်အရင်းအမြစ်များကို ပေါင်းစပ်အသုံးပြု၍ နို့နှင့်နို့ထွက်ပစ္စည်း၊ သကြားစက်များ၊ ချည်မျှင်စက်များစသည့်လုပ်ငန်းအမျိုးအစားအလိုက် သမဝါယမအသင်းများ ဖွဲ့စည်းပေးသည်။ စာရင်းများအရ နို့ထွက်ပစ္စည်းသမဝါယမအသင်း ၁၉၄၁၉၅ သင်းနှင့် သမဝါယမသကြားစက်လုပ်ငန်း ၃၃၀ ရှိကြောင်း သိရှိရပါသည်။

ခြုံငုံ၍ဆိုရလျှင် နည်းပညာ၊ ကုန်ကြမ်း၊ စက်ကိရိယာ၊ ယန္တရား၊ ငွေကြေး၊ ဈေးကွက်... ဘာပဲလိုလို ထောက်ပံ့ဖြည့်ဆည်းပေးမည့်ကဏ္ဍအလိုက် သမဝါယမအသင်းများ စုံစုံစေ့စေ့ရှိခြင်းသည်ပင် အိန္ဒိယနိုင်ငံတွင် သမဝါယမစနစ် ဖြစ်ထွန်းအောင်မြင်ရခြင်း၏ အဓိကအချက်ဟု သုံးသပ်မိရပါသည်။ သို့သော် အောင်မြင်သူတို့ သွားရာလမ်းတွင်လည်း အတားအဆီးနှင့် စိန်ခေါ်မှုများ ရှိသည်ပင်။

**သမဝါယမအသင်းများ ရင်ဆိုင်ကြုံတွေ့ရသည့် စိန်ခေါ်မှုများ**

အိန္ဒိယနိုင်ငံရှိ သမဝါယမအသင်း အများစု ရင်ဆိုင်ရတတ်သည့် စိန်ခေါ်မှုများကို လေ့လာခဲ့ရာတွင် ယေဘုယျအားဖြင့် တွေ့ရှိရသည့်အချက်များမှာ-

- ဒေသတွင်း နိုင်ငံရေးသမားများ၏လွှမ်းမိုးချုပ်ကိုင်မှုကို ခံရလေ့ရှိခြင်း၊
- ရန်ပုံငွေပြတ်လပ်မှု ကြုံတွေ့ရခြင်း၊ အစိုးရ၏အကူအညီ လုံလောက်စွာမရရှိခြင်း၊ အစိုးရ၏အကူအညီနှင့် ထောက်ပံ့မှုများအပေါ်တွင် မှီခိုနေရသည်များရှိခြင်း၊
- အဖွဲ့ဝင်များ၏ စီမံခန့်ခွဲမှုစွမ်းရည် အားနည်းခြင်း၊
- အတ္တပဋိပက္ခများ၊ ကိုယ်ရည်ကိုယ်သွေးဆိုင်ရာပဋိပက္ခများ စသည်တို့ကြောင့် အဖွဲ့ဝင်များအကြား မကြာခဏပဋိပက္ခများစွာ ဖြစ်ပွားလေ့ရှိခြင်း စသည်တို့ဖြစ်သည်။

**ရှေ့ဆက်ဆောင်ရွက်သင့်သည့်နည်းလမ်းများ**

စိန်ခေါ်မှုနှင့် အတားအဆီးများကို ကျော်လွှားနိုင်ရန် အောက်ပါအချက်များကို ဆောင်ရွက်သင့်ကြောင်း အဆိုပြုထားသည်ကို လေ့လာတွေ့ရှိရပါသည်-

- သမဝါယမအသင်းများ ထူထောင်ရာတွင် ဒေသပတ်ဝန်းကျင်အခြေအနေကို ထည့်သွင်း စဉ်းစားသင့်ခြင်း၊ စိုက်ပျိုးရေးနှင့် ဈေးကွက်ရှာဖွေရေးသမဝါယမအသင်းများသည် ပတ်ဝန်းကျင်ရှိ အရင်းအမြစ်များကို အတတ်နိုင်ဆုံးအသုံးချသင့်ခြင်း၊
- ထိရောက်မှုအားနည်းသော သမဝါယမအသင်းများကို ဖျက်သိမ်းခြင်း/ အားကောင်းသည့်အသင်းများနှင့် ပေါင်းစည်းသင့်ခြင်း၊
- ဘက်စုံဖွံ့ဖြိုးရေးရည်မှန်းချက်ထားရှိသည့် သမဝါယမအသင်းများဖြစ်သင့်ခြင်း၊
- မြေယာမဲ့အလုပ်သမားများ၊ လက်မှုပညာသမားများ၊ အိမ်ငှားနှင့် သီးနှံစိုက်တောင်သူများအတွက် ချေးငွေ သီးသန့်ထားရှိသင့်ခြင်း၊
- ချေးငွေ(ခရက်ဒစ်) ဝန်ဆောင်မှုပေးသူများသည် လုံခြုံရေးအရ တင်းကျပ်မှုများကို ဖြေလျှော့ပေးခြင်းနှင့် အတိုးနှုန်းလျှော့ချသင့်ခြင်း၊
- ကြိုးနီစနစ်၊ နိုင်ငံရေး စွက်ဖက်မှု၊ အုပ်ချုပ်ရေးဆိုင်ရာ ပိတ်ဆို့မှုများ စသည်တို့ကို ဖယ်ရှားသင့်ခြင်း၊
- ကျန်းမာရေးနှင့် မိသားစုသက်သာချောင်ချိရေး၊ အထူးသဖြင့် ကလေးသူငယ်များ သက်သာချောင်ချိရေး၊ မိခင်များအတွက် မျှတသော အစားအစာအာဟာရရရှိရေး စသည်တို့နှင့် စပ်လျဉ်းသည့် အစီအစဉ်များကို တိုးမြှင့်လုပ်ဆောင်ပေးသင့်ခြင်း၊
- အရွယ်ရောက်သူ ပညာရေးနှင့် စာတတ်မြောက်ရေးအစီအစဉ်များကို ကျေးလက်ဒေသ သမဝါယမအသင်းများတွင် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သင့်ခြင်း။

**အောင်မြင်သည့်သမဝါယမစနစ်ဖြစ်ထွန်းဖို့ ဘာတွေဆောင်ရွက်သင့်သလဲ**

သမဝါယမအသင်းများသည် စုပေါင်းအင်အားဖြင့် ဆောင်ရွက်ရခြင်းဖြစ်၍ ဒီမိုကရေစီ နည်းလမ်းကျကျ ပွင့်လင်းမြင်သာမှုရှိရှိ ဆောင်ရွက်ရန်လိုအပ်ပြီး အသင်းအဖွဲ့တွင် ပါဝင်သူများအချင်းချင်း ညီညွတ်ကြရန်နှင့် တစ်ဦးနှင့်တစ်ဦး ဝိဝါဒကွဲပြားမှုမရှိစေရေးအတွက် တူညီသော ရည်မှန်းချက်ရှိရန် လိုသည်။ ကဏ္ဍအလိုက်၊ ဒေသအလိုက် လိုအပ်ချက်နှင့် လိုက်လျောညီထွေရှိသည့် အသင်းအဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်နိုင်မှသာလျှင် ထိရောက်မှုမြန်ဆန်မည်ဖြစ်ပြီး ရပ်တည်ချက်ခိုင်မာမှုရှိစေရေးအတွက် ကျောထောက်နောက်ခံပြုစရာ ဥပဒေများကို သက်ဆိုင်ရာကဏ္ဍအလိုက် (ဥပမာ-အိန္ဒိယရှိ ပြည်နယ်ပေါင်းစုံ သမဝါယမအသင်းအဖွဲ့များအက်ဥပဒေ၊ အမျိုးသားအဆင့်သမဝါယမအသင်းများ ဖွံ့ဖြိုးတိုးတက်ရေးကောင်စီအက်ဥပဒေ၊ ဘဏ်လုပ်ငန်းဆိုင်ရာ လုပ်ထုံးလုပ်နည်း ပြင်ဆင်ချက် စသည်...) ချမှတ်ထားရှိရန်လည်း လိုအပ်ပါသည်။

ဒေသတစ်ခုနှင့်တစ်ခု ချိတ်ဆက်ထားခြင်း၊ ကဏ္ဍတစ်ခုနှင့်တစ်ခု လုပ်ငန်းကွင်းဆက်များ ချိတ်ဆက်ဖော်ဆောင်နိုင်ခြင်းသည် သမဝါယမအသင်းများ ရေရှည်ရပ်တည်နိုင်ပြီး စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုကြီးထွားလာစေခြင်း၏ အဓိကအကြောင်းရင်းခံဟု သုံးသပ်မိရပါသည်။ Nokia ကုမ္ပဏီသည် အမှားများ မလုပ်ခဲ့သော်လည်း လုပ်သင့်လုပ်ထိုက်သည့် အပြောင်းအလဲကို ခေတ်နှင့်အညီ မဖန်တီးနိုင်လိုက်သည့်အတွက် နောက်ကျကျန်ရစ်ခဲ့သည်ကို သင်ခန်းစာယူဖွယ်ရာ သိမှတ်ခဲ့ရဖူးပါသည်။

စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုဖြင့် ရေရှည်ရပ်တည်နိုင်ရန်အတွက်ဆိုလျှင် ကာလံ၊ ဒေသံကိုလိုက်၍ မြေပြင်လိုအပ်ချက်နှင့်အညီ လိုက်လျောညီထွေပြုပြင်ပြောင်းလဲမှုကို အချိန်နှင့်တစ်ပြေးညီ ဖန်တီးနိုင်ရန် အလွန်အရေးကြီးပါသည်။ ကိုယ့်အခြေအနေ ကိုယ်သိအောင် လုပ်ခြင်း၊ အမှားကို မှားမှန်းသိခြင်းနှင့် ပြန်လည်ပြုပြင်ခြင်းသည် အဓိကကျသည့် "အား" ဖြစ်ခြင်းကြောင့် တကယ်လုပ်/ မလုပ်၊ တိုးတက်မှု၊ အောင်မြင်မှု ရှိ/ မရှိကို ပုံမှန် စောင့်ကြည့်သုံးသပ်ရန် လိုအပ်ပါသည်။ သမဝါယမလုပ်ငန်းများ စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးအတွက်ဆိုပါလျှင် မြေပြင်ပကတိအခြေအနေအရ လိုအပ်ချက်များအပေါ် မူတည်၍ ပြုပြင်ပြောင်းလဲသင့်သည်များကို ပြုပြင်ပြောင်းလဲဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း အကြံပြုတင်ပြအပ်ပါသည်။ ။

**ကိုးကား**


- SAHKAR-22_NCDC-Mission-2022 (Business Plan)
- 2021 India County Snapshot (http://icaap.coop/sites/ica-ap.coop/files/2021)
- History of Cooperatives Movement


❖ ၂၀၁၈ ခုနှစ်စာရင်းအရ အိန္ဒိယနိုင်ငံတွင် သမဝါယမအသင်းအဖွဲ့ပေါင်း ၈၅၄၃၅၅ ခန့်ရှိပြီး လူဦးရေ၏ ၂၁ ဒသမ ၇ ရာခိုင်နှုန်း (၂၉၀ ဒသမ ၀၆ သန်း)ခန့် အဖွဲ့ဝင်အဖြစ်ပါဝင်သည်ကို တွေ့ရသည်။ သမဝါယမအသင်းများမှ တိုက်ရိုက်အလုပ်အကိုင်ဖန်တီးပေးနိုင်မှု ၁၃ ဒသမ ၃ ရာခိုင်နှုန်းခန့်ရှိပြီး ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်နိုင်စေရန် ဖန်တီးပေးနိုင်မှု ၁၀ ဒသမ ၉၁ ရာခိုင်နှုန်းခန့်နှင့် ကျေးလက်ဒေသ၏ ၉၈ ရာခိုင်နှုန်းခန့် လွှမ်းခြုံနိုင်မှုရှိသည်ကို အားရဖွယ်တွေ့ရှိရပါသည်

## နေပြည်တော်ကောင်စီ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း(၃/၂၀၂၄-၂၀၂၅)

၁။ နေပြည်တော်ကောင်စီ၏၂၀၂၄-၂၀၂၅ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် ဆောက်လုပ်မည့် အမှုထမ်းအိမ်ရာ(၁၀)လုံး၊ အပျိုဆောင်(၃)လုံးနှင့် လူပျိုဆောင်(၁)လုံး တို့ကို ဘဏ္ဍာရေးနှစ်အတွင်း အပြီးသတ်ဆောက်လုပ်ရန်ရှိပါသဖြင့် စိတ်ပါဝင်စားသူ မြန်မာနိုင်ငံသား လုပ်ငန်းရှင်များမှ (မြန်မာကျပ်ငွေ) ဖြင့် တင်ဒါတင်သွင်းနိုင်ပါကြောင်း အသိပေးဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၂၅-၆-၂၀၂၄ရက်

၃။ **တင်ဒါပုံစံအရောင်းပိတ်မည့် ရက်/အချိန်** - ၁၀-၇-၂၀၂၄ရက်ညနေ ၄နာရီ

၄။ **အာမခံစပေါ်ငွေ(PO Cheque) တင်သွင်းရမည့်ရက်** - ၁၂-၇-၂၀၂၄ရက်

၅။ **တင်ဒါလျှောက်လွှာပုံစံလက်ခံမည့်နေ့ရက်နှင့်အချိန်** - ၁၅-၇-၂၀၂၄ရက် ညနေ ၃နာရီ နောက်ဆုံးထားတင်သွင်းရန်

၆။ တင်ဒါပုံစံများကို နေပြည်တော်ကောင်စီရုံးတွင် (၂၅-၆-၂၀၂၄)ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၅၅၀၀၁၃ သို့ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**တင်ဒါကော်မတီ**
**နေပြည်တော်ကောင်စီ**

## ကျောင်းအမည်နှင့် အမှတ်တံဆိပ် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ပဒေသာမြို့သစ်၊ ရပ်ကွက်ကြီး(၁၀)၊ နဝရတ်လမ်း၊ အမှတ် ff-၁၆ **"မော်ကွန်း ဘာသာရပ်သင်ကိုယ်ပိုင်သင်တန်းကျောင်း"**နေ ဒေါ်နွေးနွေးပြုံး ၁၂/မရက(နိုင်)၀၄၀၅၆၃ မှ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ ပဒေသာမြို့သစ်၊ ရပ်ကွက်ကြီး(၁၀)၊ နဝရတ်လမ်း၊ ff-၁၆ **"မော်ကွန်းဘာသာရပ်သင် ကိုယ်ပိုင်သင်တန်းကျောင်း"** ဖွင့်လှစ်ထားသော ဒေါ်နွေးနွေးပြုံး ၁၂/မရက(နိုင်)၀၄၀၅၆၃သည် အထက်ဖော်ပြပါကျောင်းအမည်နှင့် အမှတ်တံဆိပ်တို့ကို မှတ်ပုံတင်စာချုပ်စာတမ်းရုံးတွင် မှတ်ပုံတင်ကြေညာစာတမ်း ပြုလုပ်ချုပ်ဆိုပြီး ကိုယ်ပိုင်သုံးစွဲသွားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူရှိပါက ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်နွေးနွေးပြုံး ၁၂/မရက(နိုင်)၀၄၀၅၆၃**

## အမည်ပြောင်းလဲခေါ်ဆိုပါရန်

အင်္ဂပူမြို့နယ်၊ အလက(ခွဲ) ချောင်းခွ၊ Grade-4 တွင် ပညာသင်ကြားနေသော (ဘ)ဦးသန်းအောင်မိုး၏သမီးဖြစ်သူ မနွယ်သာဂီမိုးအား မနှင်းရတီအောင် ဟု ပြောင်းလဲခေါ်ပါရန်။

**မနှင်းရတီအောင်**

## ပတ်စ်ပို့ ပျောက်ဆုံးကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်နေ (ဘ) ဦးခင်မောင်တင်၏သမီး ဒေါ်သူဇာတင်၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၇၉၀၄၂၀၇**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်-၂ရပ်ကွက်၊ အကွက်အမှတ် ၄၁၃/၃၊ ဦးပိုင်အမှတ်( ၁၃/၁-ခ / ၇၈-က )၊ ၆၄လမ်း၊ ၃၅လမ်းထောင့်ရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်သီရိကျော် ၅/တမန(နိုင်)၀၃၆၉၃၄ က အမှုတွဲအမှတ် (၁၇၀၆/၂၀၂၄-၂၀၂၅)ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

စစ်ကိုင်းမြို့၊ ရွာထောင်ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၈၁၀/ရွှေသမား)၊ ဦးပိုင်အမှတ်(၁၃၇/င၊ ၁၄၀/ခ)၊ မြေဧရိယာ(၃.၅၄)ဧကရှိမြေသည် စစ်ကိုင်းတိုင်းအထွေထွေ စီးပွားရေးလုပ်ငန်းသမဝါယမအသင်းလီမိတက် အမည်ဖြင့် မြေငှားဂရန်အမှုတွဲအမှတ်၊ RP.No-၁၀၀ of 1992 မြေငှားဂရန်သက်တမ်းမှာ (၃-၂-၁၉၉၉) မှ (၂-၂-၂၀၂၉) ရက်နေ့ထိဖြစ်ကြောင်း၊ အဆိုပါမြေငှားဂရန်အနက် ဦးပိုင်အမှတ်(၁၄၀/ခ-၁)၊ မြေဧရိယာ(၀.၄၅)ဧကရှိမြေအား (၃-၁-၂၀၂၄) ရက်နေ့တွင် ဦးကံငွေး(ဘ) ဦးအောင်ထွန်း(၅/ခဥတ(နိုင်)၀၀၄၆၀၈) (ဥက္ကဋ္ဌ၊ စစ်ကိုင်းတိုင်းဒေသကြီးအထွေထွေစီးပွားရေးလုပ်ငန်း၊ သမဝါယမအသင်းလီမိတက်)မှ ဦးသီဟထွန်း (ဘ)ဦးတင်ရွှေ (၅/စကန(နိုင်)၀၈၈၁၆၁)သို့ တရားဝင်မြေကွက်အရောင်းအဝယ်စာချုပ်ချုပ်ဆို ရောင်းချခဲ့ပြီး စစ်ကိုင်းမြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်ထားရှိခဲ့ပါသည်။ ယခုအခါ မြေကွက်ဝယ်ယူပိုင်ဆိုင်သူ ဦးသီဟထွန်း အမည်ဖြင့် မြေငှားဂရန် ခွဲစိတ်/ အမည်ပြောင်းလျှောက်ထားဆောင်ရွက်သွားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူမည်သူမဆို ယင်းမြေကွက်နှင့်ပတ်သက်ပြီး ယနေ့မှစ၍(၁၅)ရက်အတွင်း စစ်ကိုင်းခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ (ရုံးချိန်အတွင်း) တရားဝင်ပိုင်ဆိုင်မှုအထောက်အထားများဖြင့် လာရောက်ကန့် ကွက်နိုင်ပါကြောင်း နှင့် သတ်မှတ်ရက်ကျော်လွန်ပြီးမှတင်ပြလာခြင်းကို လက်ခံစဉ်းစားမည်မဟုတ်ဘဲ တည်ဆဲမြေယာအက်ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**စစ်ကိုင်းခရိုင်၊ စစ်ကိုင်းမြို့**

## ပြည်ထဲရေးဝန်ကြီးဌာန
## တနင်္သာရီတိုင်းဒေသကြီးမီးသတ်ဦးစီးဌာန
## ထားဝယ်မြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ တနင်္သာရီတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနတွင် တည်ဆောက်ရေးလုပ်ငန်းနှင့် မီးသတ်စက်ယာဉ် ဝယ်ယူခြင်းအတွက် ပြည်တွင်းကုမ္ပဏီများတင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

**Lot(1) Mobile Firefighting Supporting Machine, LUF 60 ၁ စီး**

၂။ တင်ဒါများကို အောက်ပါအစီအစဉ်အတိုင်း တင်သွင်းရန်ဖြစ်ပါသည်-

(က) **တင်ဒါလျှောက်လွှာစတင်ဝယ်ယူရန်** - ( ၁၈-၆-၂၀၂၄)ရက်မှ (၂-၇-၂၀၂၄)ရက်အထိ

( ခ) **တင်ဒါတင်သွင်းရက်** - ( ၁၀-၇-၂၀၂၄)ရက်

( ဂ) **တင်ဒါဖွင့်မည့်ရက်** - ( ၁၇ - ၇-၂၀၂၄)ရက်

၃။ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း တိုင်းဒေသကြီးမီးသတ်ဦးစီးမှူးရုံး ဖုန်း(၀၅၉ ၂၃၈၇၁) သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ မိဂသီ ၁၈လမ်း၊ တိုက်အမှတ် ၉၀၀၊ အခန်းအမှတ်(၅/အေ)၊ ၂ခန်းတွဲ ၆ထပ်တိုက်၏ စတုတ္ထထပ်(၅)လွှာ၊ ခေါင်းရင်းဘက်ခြမ်း၊ အကျယ် ၁၉' X၅၄'ရှိ တိုက်ခန်း နှင့် တိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဝယ်ယူလက်ရှိထားပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း မြွက်ဟဝန်ခံသူ ဒေါ်ဝတ်ရည်ကျော် ၁၄/ဝခမ(နိုင်) ၁၅၀၈၅၆ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးရဲရင့်အောင် ၁၂/ မရက(နိုင်)၁၄၃၇၄၃ သည် အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေခဲ့ပြီးဖြစ်၍ မည်သူမဆို အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ကျွန်ုပ်ထံသို့ စာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်းကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးမျိုးသန့်(LL.B)(C.B.L)**
**အထက်တန်းရှေ့နေ(စဉ်-၄၅၇၀၅)**
**အမှတ် ၉၁၆/ခ၊ မာဃ ၁၂လမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၇၇၁၉၇၁၀၆၄၊၀၉-၄၅၃၄၃၆၆၀၈**

## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ နောင်လှိုင်ကျေးရွာအုပ်စု၊ ကွင်း/အကွက်နှင့်အမည်(၇၂၇/ကပြင်)၊ ဦးပိုင်အမှတ် (၂၀၀/၁)၊ မြေဧရိယာ(၃ဒသမ၀၀)ဧကထဲမှ မြေဧရိယာ(၁ဒသမ၅၀)ဧက(လက်ရှိ မြေပေါ်ရှိအတိုင်းအတာမြေနှင့်မြေပေါ်မြေအောက်အကျိုးခံစားခွင့်အရပ်ရပ် အားလုံးအား ဦးကျော်ရွှေ ၁၂/ကတန(နိုင်) ၀၄၇၈၀၁၊ ဦးအောင်ဟိန်း ၅/ခတန (နိုင်) ၀၂၆၅၈၀ တို့ထံမှ ဒေါ်ယဉ်ယဉ်ထွေး ၁၃/နဆန(နိုင်) ၀၀၀၃၃၇က(အရပ်ကတိစာချုပ်)ဖြင့် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေခဲ့ပြီးဝယ်ယူခဲ့ပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း (၃၀)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်ယဉ်ယဉ်ထွေး** | **ဦးနေမျိုးဇော်(LL.B,D.B.L)** |
| **၁၃/နဆန(နိုင်) ၀၀၀၃၃၇** | **တရားလွှတ်တော်ရှေ့နေ** |
| | **ရပ်ကွက်ကြီး(၁)၊ ယူဂိုစလပ်၊ ပြင်ဦးလွင်မြို့** |

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်-၂ရပ်ကွက်၊ အကွက်အမှတ် ၄၁၃/၃၊ ဦးပိုင်အမှတ်( ၁၃/၁-ဃ / ၇၈-က )၊ ၆၄x၆၅ လမ်းကြား၊ ၃၅x ၃၆လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ဖြိုးဝေကျော် ၅/တမန(နိုင်) ၀၄၃၂၈၁က အမှုတွဲအမှတ် (၁၇၀၄/၂၀၂၄-၂၀၂၅)ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3H/2644, Toyota Probox NCP50 S/W(4x2) ယာဉ်လက်ဝယ်ရှိသူ ဦးအေးကို ၁၂/သကတ(နိုင်)၀၃၆၇၆၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ရန်ကုန်တောင်ပိုင်း)သန်လျင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3C/3101 Mitsubishi Canter Van (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးမင်းနိုင် ၅/စကန(နိုင်)၁၅၁၇၀၄ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံးခွဲ**
**(ရွာသာကြီး)ရန်ကုန်မြို့**

## စစ်ကိုင်းမြို့၊ IBEC - ဆရာတော် (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ စတော့ဟုမ်းကမ္ဘာ့ငြိမ်းချမ်းရေးဆုရှင်) ဒေါက်တာအရှင်သောဘိတ ၏ သက်တော်(၅၄)နှစ်ပြည့် ဝိဇာတမွေးနေ့အထိမ်းအမှတ် ပညာသင်ဆုပေးအပ်ခြင်းအစီအစဉ်
## (၁၈-၆-၂၀၂၄)

| | | |
|---|---|---|
| ပညာရည်ထူးချွန်သူဦးရေ | = | ၇၁ ဦး ငွေကျပ်သိန်းပေါင်း(၃၆၃.၅)သိန်း |
| ဝန်ထမ်းများ၏ သား/သမီး ကျောင်းသား/ကျောင်းသူများဦးရေ | = | ၁၅ ဦး ငွေကျပ်သိန်းပေါင်း(၇၆.၈)သိန်း |
| ကိုရင်၊ သီလရှင်များ ပညာသင်စရိတ်တစ်ဝက် ရရှိသူဦးရေ | = | ၃၃၄ ပါး ငွေကျပ်သိန်းပေါင်း(၁၁၅၁.၅)သိန်း |
| စာပေ၊ ဂီတ၊ အနုပညာ ထူးချွန်သူပညာသင်စရိတ်တစ်ဝက်ရရှိသူဦးရေ | = | ၈၅ ဦးငွေကျပ်သိန်းပေါင်း(၂၀၄)သိန်း |
| တိုင်းခရိုင်အဆင့်အားကစားထူးချွန်သူ ပညာသင်စရိတ်တစ်ဝက်ရရှိသူဦးရေ | = | ၂၅ ဦး ငွေကျပ်သိန်းပေါင်း(၈၅.၅)သိန်း |
| ဘင်ခရာပါဝင်သူ ပညာသင်စရိတ်တစ်ဝက် ရရှိသူဦးရေ | = | ၁၁၅ ဦး ငွေကျပ်သိန်းပေါင်း(၃၃၈)သိန်း |
| ပန်းပွားပါဝင်သူ ပညာသင်စရိတ်တစ်ဝက် ရရှိသူဦးရေ | = | ၇၁ ဦး ငွေကျပ်သိန်းပေါင်း(၁၃၈) သိန်း |
| ဆင်းရဲနွမ်းပါးသူများ ပညာသင်ထောက်ပံ့ကြေးပေးအပ်ခံရသူဦးရေ | = | ၁၁၃ ဦး ငွေကျပ်သိန်းပေါင်း(၁၇၆.၈)သိန်း |

၈၂၉ ဦး ငွေကျပ်သိန်းပေါင်း (၂၅၃၄.၁)သိန်း

### Special Scholorship Lists

| စဉ် | အတန်း | အမည် | အဖအမည် |
|---|---|---|---|
| ၁ | Grade – 5 | မောင်ဘုန်းမင်းခန့်ကို | ဦးဘိုဘိုလင်း |
| ၂ | Grade – 1 | မမြတ်သော်တာခန့်ကို | ဦးဘိုဘိုလင်း |
| ၃ | KG | မသင်းပျံ့စန္ဒာဇော် | ဦးစိုးမိုးဇော် |
| ၄ | Grade – 7 | မောင်ကောင်းခန့်ဦး | ဦးရွှေခိုင်ဦး |
| ၅ | Grade – 3 | မသန္တာလင်း | ဦးနိုင်မျိုးလင်း |
| ၆ | Grade – 2 | မောင်ဇော်ဘုန်းမြတ်ထက် | ဦးသန့်စင်အောင် |
| ၇ | Grade –1 | မသွန်းသက်ထားစံ | ဦးသက်နိုင်ထွန်း |
| ၈ | Grade –1 | မမေမဒီသွင် | ဦးဇင်မျိုးချစ် |
| ၉ | Grade –11 | မသိဂ်အောင် | ဦးတင်မောင်လှ |
| ၁၀ | Grade –10 | မအေမီသန်း | ဦးထွန်းထွန်းဝင်း |
| ၁၁ | Grade –5 | မောင်ဘုန်းမြတ်မင်းသွေး | ဦးထွန်းထွန်းဝင်း |

### မူလတန်းဆင့်

| စဉ် | အတန်း | ဘွဲ့တော်/အမည် | အဖအမည် |
|---|---|---|---|
| ၁ | Grade – 1 | မောင်စောခုသုဖော | ဦးစောကျော်ဝင်း |
| ၂ | Grade – 1 | မောင်စောအောင်ဆန်းထူး | ဦးကပေါ်မှူး |
| ၃ | Grade – 1 | မသော်တာထွန်း | ဦးဝေလင်းထွန်း |
| ၄ | Grade – 1 | မနှင်းရတီမိုး | ဦးရဲ |
| ၅ | Grade – 1 | မသဇင်ဖြိုးဝေ | ဦးမျိုးဝင်း |
| ၆ | Grade – 2 | မောင်ဇော်ဘုန်းမြတ်ထက် | ဦးသန့်ဇင်အောင် |
| ၇ | Grade – 2 | မောင်ဟိန်းသန့်ကိုကို | ဦးနန်းဝင်းသန်း |
| ၈ | Grade – 2 | မချစ်စုဝေ | ဦးချစ်သဲမောင် |
| ၉ | Grade – 2 | မရွှန်းလဲ့လဲ့ဝေ | ဦးဖြိုးဝေမင်း |
| ၁၀ | Grade – 2 | မအေးအေးဖြိုး | ဦးခင်မောင်ဝေ |
| ၁၁ | Grade –3 | မောင်ရွှေဖြိုးအောင် | ဦးကျော်လွင် |
| ၁၂ | Grade –3 | မစံယွန်းမီမီ | ဦးမင်းစံ |
| ၁၃ | Grade –3 | မအေဇင်မီကျော် | ဦးအောင်ကျော်စိုး |
| ၁၄ | Grade –3 | မနွေးနွေးလှိုင် | ဦးအောင်ကိုမင်း |
| ၁၅ | Grade –3 | မအိမ့်မှူးကျော် | ဦးအောင်သူ |
| ၁၆ | Grade –4 | မောင်ခန့်ထည်ဝါ | ဦးစိုးဝင်း |
| ၁၇ | Grade –4 | မောင်ချမ်းမြေ့ကိုကို | ဦးချစ်ကိုကို |
| ၁၈ | Grade –4 | မသိမ့်ခြူးစံ | ဦးကျော်ကျော်ဆန်း |
| ၁၉ | Grade –4 | မခိုင်သဇင် | ဦးဆန်းမိုးနိုင် |
| ၂၀ | Grade –4 | မဟန်သော်တာဖြိုး | ဦးပေါက်ကျော် |
| ၂၁ | Grade –5 | မောင်ဝင်းထက်စံ | ဦးခင်ဇော် |
| ၂၂ | Grade –5 | မောင်ဉာဏ်လင်းထက် | ဦးကျော်သူမိုး |
| ၂၃ | Grade –5 | မချယ်ရီထွန်း | ဦးဉာဏ်ထွန်း |
| ၂၄ | Grade –5 | မသိမ့်သိမ့်သူ | ဦးသိန်းဇော် |
| ၂၅ | Grade –5 | မအိမြတ်မွန် | ဦးမောင်စိုး |

### အလယ်တန်းဆင့်

| စဉ် | အတန်း | ဘွဲ့တော်/အမည် | အဖအမည် |
|---|---|---|---|
| ၁ | Grade – 6 | မဟန်နီဖုန်းသော် | ဦးဖုန်းကျော်သူ |
| ၂ | Grade – 6 | မနှင်းပွင့်ခိုင် | ဦးမိုးခိုင် |
| ၃ | Grade – 6 | မသော်တာလင်း | ဦးငယ်ထွန်း |
| ၄ | Grade – 6 | မအိမ့်ရတနာမွန် | ဦးထွန်းညွန့် |
| ၅ | Grade – 6 | မရှင်းမွန်သန့် | ဦးထွန်းဦးလှိုင် |
| ၆ | Grade – 7 | မောင်သာထက်စံ | ဦးမင်းစံ |
| ၇ | Grade – 7 | မဖူးမြတ်နိုး(မဇဝနဉာဏီ) | ဦးသိန်းကြွယ် |
| ၈ | Grade – 7 | မပိုးပိုးချို | ဦးလင်းလင်းလှိုင် |
| ၉ | Grade – 7 | မမြတ်ဖူးသွင် | ဦးအောင်လင်း |
| ၁၀ | Grade – 7 | မအေးမြင့်(မအဂ္ဂဝတီ) | ဦးစောထွန်းကြည် |
| ၁၁ | Grade – 8 | မောင်ဇင်လင်းဖြိုး | ဦးထွန်းရီ |
| ၁၂ | Grade – 8 | မစုမြတ်ထက်(မဇယျဝတီ) | ဦးအောင်ကျော်ငြေး |
| ၁၃ | Grade – 8 | မနှင်းရတီခင် | ဦးကျော်ဆွေဝင်း |
| ၁၄ | Grade – 8 | မစိန်စီစီမြင့် | ဦးဟန်လွင် |
| ၁၅ | Grade – 8 | မစောပြည့်မွန် | ဦးဇော်ဇော်ထွန်း |
| ၁၆ | Grade – 9 | မောင်အုပ်စိုးခန့် | ဦးစိုးဝင်း |
| ၁၇ | Grade – 9 | မစုမွန်မြတ် | ဦးဇော်နိုင်လင်း |
| ၁၈ | Grade – 9 | မဝင့်ထည်ဝါ | ဦးမြင့်ကျော် |
| ၁၉ | Grade – 9 | မနန်းယုမိုး | ဦးတင့်လွင် |
| ၂၀ | Grade – 9 | မယွန်းဝတီလွင် | ဦးမျိုးလွင် |

### အထက်တန်းဆင့်

| စဉ် | အတန်း | ဘွဲ့တော်/အမည် | အဖအမည် |
|---|---|---|---|
| ၁ | Grade – 10 | မောင်ကျော်ဇင်သက် | ဦးဝင်းမင်းထွန်း |
| ၂ | Grade – 10 | မောင်အောင်ဇင်ဖြိုး | ဦးခိုင်ဝင်းစိုး |
| ၃ | Grade – 10 | မခင်မြတ်ဦး | ဦးမြသင်း |
| ၄ | Grade – 10 | မစုဝေခိုင် | ဦးမြမိုး |
| ၅ | Grade – 10 | မအေးမြနန္ဒာအောင် | ဦးစိုးဦး |
| ၆ | Grade – 11 | မမိုးပြည့်ပြည့်ခိုင်(မနန္ဒဝတီ) | ဦးကျော်မိုးခိုင် |
| ၇ | Grade – 11 | မဝေဝေခိုင်(မဝိလာသီ) | ဦးကြည်ထွန်းနိုင် |
| ၈ | Grade – 11 | မဇာဇာဝင်း(မဉာဏ်သီ) | ဦးဇော်မျိုးဝင်း |
| ၉ | Grade – 11 | မခိုင်ငြိမ်းသန့် | ဦးအေးဝင်း |
| ၁၀ | Grade – 11 | မမျိုးသွယ်နိုင် | ဦးငွေးနိုင် |
| ၁၁ | Grade – 12 | မယဉ်သူမို့(မဝဏ္ဏသိင်္ဂီ) | ဦးချစ်စရာ |
| ၁၂ | Grade – 12 | မမြတ်အိန္ဒြေကျော် | ဦးကျော်ဆွေဝင်း |
| ၁၃ | Grade – 12 | မရွှေစင်ငွေး(မဝဏ္ဏိတ) | ဦးကျော်အောင် |
| ၁၄ | Grade – 12 | မောင်ဟိန်းထက်စံ | ဦးတင်သိန်း |
| ၁၅ | Grade – 12 | မောင်ထွန်းထွန်း | ဦးသန်းထွေး |




## ပတ်စ်ပို့ပျောက်

ကျွန်မ နန့်ထီးမူခလိန် ၁၂/အစန(နိုင်)၁၉၄၅၀၆ ၏ ပတ်စ်ပို့စာအုပ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၉၈၀၅၅၀၉၉

## ဖခင်အမည်မှန်

တောင်ငူမြို့နယ်၊ ဒိုးသောင်ကျေးရွာအုပ်စု၊ ရှမ်းဝတီး အထကမှ Grade-4 ကျောင်းသူ မချစ်လွန်းမေ၏ ဖခင်အမည်မှန်မှာ ဦးဇင်မင်းထက် ၇/တငန(နိုင်)၁၈၂၃၆၂ ဖြစ်ပါကြောင်း။

ဦးဇင်မင်းထက်

## အမည်မှန်

ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင်၊ ရွှေကူမြို့၊ မြို့ကုန်းရပ်နေ ဦးတင်မောင်၏သမီးဖြစ်သူ ဒေါ်စမ်းစမ်းအေး ၁/ရကန(နိုင်)၀၀၆၀၉၄၏ အမည်မှန်မှာ ဒေါ်စန်းစန်းအေး ဖြစ်ပါကြောင်း။

ဒေါ်စန်းစန်းအေး

## အမည်မှန်

ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင်၊ မံစီမြို့နယ်၊ ကောင်ရာရပ်ကွက်နေ (ဘ)ဦးအောင်လွှမ်း ၁/မစန(နိုင်) ၀၂၇၆၈၄၏ သမီးဖြစ်သူ အမည်မှန်မှာ မဖရော်စောမ်ပန် ဖြစ်ပါကြောင်း။

မဖရော်စောမ်ပန်

## အများသိစေရန်ကြေညာခြင်း

မြန်မာ့အလင်းသတင်းစာ ကြော်ငြာကဏ္ဍတွင်(၆-၆-၂၀၂၄)ရက်နေ့က စာမျက်နှာ(၂၀)တွင်ဖော်ပြပါရှိသော ဒေါ်အုံးမြ(ဘ) ဦးထွန်းရွှေနှင့် အများသိစေရန်ကြေညာခြင်း ခေါင်းစဉ်ပါ စာပိုဒ်အား ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမြို့နယ်၊ သုံးဆယ်မြို့၊ ရန်ကုန်-ပြည်လမ်းနေ ဒေါ်အုံးမြ(ဘ)ဦးထွန်းရွှေ ၇/သဝတ(နိုင်) ၀၆၆၉၃၈ မှ ပြန်လည်ဖြေရှင်းကြေညာအပ်ပါသည်။

ဦးတင်အေးနှင့် ဒေါ်အုံးမြတို့သည်(၂၈-၅-၁၉၈၁)ရက်တွင် တရားဝင်လက်ထပ်ပေါင်းသင်းပြီးနောက်(၁၅)နှစ်ခန့်အကြာတွင် ယင်းကြော်ငြာပါမြေပေါ်၌ ဒေါ်အုံးမြမှ တိုက်အိမ်ဆောက်လုပ်ကာ ယခုအချိန်အထိ လက်ရှိထားအမည်ပေါက် ပိုင်ဆိုင်နေထိုင်လျက်ရှိပါသည်။ ဦးတင်အေးသည် (၂၂-၁-၂၀၂၂)ရက်တွင် ကွယ်လွန်ပြီးနောက် မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေ အရ ဖော်ပြပါမြေနှင့်အဆောက်အအုံအား ဒေါ်အုံးမြ တစ်ဦးတည်းသာ အမွေဆက်ခံခွင့်နှင့် စီမံပိုင်ခွင့်ရှိကြောင်း ဖြေရှင်းသိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်နှင့်အညီ ဖြစ်ပါကြောင်း
(ဒေါ်အုံးမြ)
လွှဲအပ်ညွှန်ကြားသူ

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးညွန့်စိန်(B.A Law,LL.B)
တရားလွှတ်တော်ရှေ့နေ
(စဉ်-၆၉၅၉/၂၀၀၁)
ရန်ကုန်-ပြည်လမ်း၊ အလယ်ကုန်းရပ်ကွက်၊
သုံးဆယ်မြို့၊ သာယာဝတီမြို့နယ်၊
ဖုန်း-၀၉-၇၇၈၆၃၉၉၇၂

## ဘိုးဘပိုင်မြေပိုင်အခွင့်အရေးရရှိထားသောမြေ အမည်ပြောင်းလျှောက်ထားကြောင်းကြေညာစာ

ရွှေဘိုမြို့၊ အမှတ်(၂)ရပ်ကွက်၊ အကွက်အမှတ်(၂)၊ အကွက်အမည်(ပြင်ဈေးတောင်ရပ်)၊ဦးပိုင်အမှတ်(၁၆၉/၃)၊ ဧရိယာ(၀ဒသမ၀၆၈)ဧကရှိ အောက်ဖော်ပြပါ အလားအလာရှိသည့်-

(က) အရှေ့လားသော် - ဦးပိုင်အမှတ်(၁၆၉/၇)
(ခ) အနောက်လားသော် - ဦးပိုင်အမှတ်(၁၆၉/၅)
(ဂ) တောင်လားသော် - ရွှေဘို-ကျောက်မြောင်းကားလမ်း
(ဃ) မြောက်လားသော် - အုတ်ရှစ်ကန်ကျောင်းတိုက်

အထက်ဖော်ပြပါမြေကို (ဘိုးဘပိုင်အမည်ပြောင်း)ပေးရန် ဦးမိုးလွင်၊ ဒေါ်မေသက်မွန်တို့မှ လျှောက်ထားလာသည့်အတွက် ယင်းတို့၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများ ရှိပါက ၂၀၂၄ခုနှစ်၊ဇူလိုင်လ ၁၃ရက်မတိုင်မီ ဆိုင်ရာစာရွက်စာတမ်းများနှင့်တကွ အောက်တွင် လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်းကြေညာလိုက်သည်။ သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့နယ်ဦးစီးဌာနမှူး
ရွှေဘိုမြို့နယ်မြေစာရင်းဦးစီးဌာန၊ ရွှေဘိုမြို့

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ပြည်ထောင်စုလမ်းမကြီး၊ မြေတိုင်းရပ်ကွက်အမှတ် ၄၅၊ မြေကွက် အမှတ်(ပ/၁၁၃)၊ ဧရိယာ ၀.၀၅၅ ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိထားပိုင်ဆိုင်ပြီးရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ငွန်လှိုယန်း ၄/ထတလ(နိုင်)၀၀၁၈၀၆ ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်အေးကျော့ဆွေ(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၉၇၉၇)
အမှတ်(၃၆)၊ မြေညီထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၉၉၉၃၄၃၅၃

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ် ၉၈-၉၊ ဦးပိုင်အမှတ် (၁၈-ခ)/၊ ၁၀၇x၁၀၈ ကြား၊ ၅၁x၅၂ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်လောက်ဖိန်း ၁၃/ကခန(နိုင်)၀၃၄၁၈၄ထံမှ မှတ်ပုံတင်အရောင်းအဝယ် စာချုပ်အမှတ် (၁၃၆၉/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဦးထွန်းထွန်းလင်း ၉/မရတ(နိုင်)၁၀၉၀၅၈က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်-၂ရပ်ကွက်၊ အကွက်အမှတ် ၄၁၃/၃၊ ဦးပိုင်အမှတ် ( $\frac{၁၃/၁က}{၇၈-က}$ )၊ ၃၅လမ်း မျက်နှာပြု၊ ၆၄x၆၅ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ဖြိုးဝေကျော် ၅/တမန(နိုင်)၀၄၃၂၈၁က အမှုတွဲအမှတ် (၁၇၀၃/၂၀၂၄-၂၀၂၅)ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်-၂ရပ်ကွက်၊ အကွက်အမှတ် ၄၁၃/၃၊ ဦးပိုင်အမှတ် ( $\frac{၁၃/၁.င}{၇၈-က}$ )၊ ၆၄လမ်း မျက်နှာပြု၊ ၃၅x၃၆ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်သီရိကျော် ၅/တမန(နိုင်) ၀၃၆၉၃၄က အမှုတွဲအမှတ် (၁၇၀၅/၂၀၂၄-၂၀၂၅)ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

စစ်ကိုင်းမြို့၊ ပန်းဘဲတန်းရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၈၀၀/ ညောင်ကုက္ကား)၊မြေကွက်အမှတ်(F-၂၅၄၊F-၂၅၅)၊မြေဧရိယာ(၀.၁၀၈)ဧကရှိ မြေသည် ဦးထွန်းလှိုင်-ဒေါ်ခင်မမ တို့အမည်ဖြင့် မြေငှားဂရန်အမှုတွဲအမှတ်၊ RP No. ၁၁၄ of 1996 (30 Years) မြေငှား ဂရန်သက်တမ်းမှာ (၁၈-၁၂-၁၉၉၆)မှ (၁၇-၁၂-၂၀၂၆) ရက်ထိဖြစ်ကြောင်း၊ ခင်ပွန်းဖြစ်သူ ဦးထွန်းလှိုင်သည် လွန်ခဲ့သော(၁၂)နှစ်ခန့်က ကွယ်လွန်သွားပြီး တရားဝင် တစ်ဦးတည်းသော ဇနီးဖြစ်သူ ဒေါ်ခင်မမမှ လက်ရှိထားစီမံအကျိုးခံစားနေသည်မှာ မှန်ကန်ပါကြောင်း (၂၂-၂-၂၀၂၄)ရက်တွင် စစ်ကိုင်းခရိုင်တရားရုံး၌ ကျမ်းကျိန်ဆိုခဲ့၍ အဆိုပါ ဂရန်မြေကွက်အား (၁၅-၃-၂၀၂၄) ရက်တွင် ဒေါ်ခင်မမ(ဘ)ဦးလေးဖေ (၅/စကန(နိုင်)၀၃၅၉၉၃) မှ ဦးကျော်ထက်(ဘ) ဦးကျော်လှိုင် (၅/စကန(နိုင်)၁၉၆၈၈၃)သို့ တရားဝင်မြေကွက်နှင့် အဆောက်အအုံ အရောင်းအဝယ် စာချုပ်ချုပ်ဆို၍ စာချုပ်များအား စစ်ကိုင်းမြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ မှတ်ပုံတင်ထားရှိခဲ့ပါသည်။ ယခုအခါ မြေကွက်ဝယ်ယူပိုင်ဆိုင်သူ ဦးကျော်ထက် အမည်ဖြင့် မြေငှားဂရန် အမည်ပြောင်း လျှောက်ထားဆောင်ရွက်သွားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူ မည်သူမဆို ယင်းမြေကွက်နှင့် ပတ်သက်ပြီး ယနေ့မှစ၍ (၁၅) ရက်အတွင်း စစ်ကိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ (ရုံးချိန်အတွင်း)တရားဝင် ပိုင်ဆိုင်မှု အထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးမှတင်ပြလာခြင်းကိုလက်ခံစဉ်းစားမည်မဟုတ်ဘဲ တည်ဆဲ မြေယာအက်ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ် နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊
စစ်ကိုင်းခရိုင်၊ စစ်ကိုင်းမြို့

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

စစ်ကိုင်းမြို့၊ မင်းလမ်းရပ်ကွက်၊ကွင်း/အကွက်အမှတ်နှင့်အမည် (၄/ခ၊ ဈေးကလေး)၊ ဦးပိုင်အမှတ်(၄၁/က)၊ မြေဧရိယာ(၀ဒသမ၀၃၀)ဧကရှိမြေ သည် ဒေါ်အေးကြည် အမည်ဖြင့် မြေငှားဂရန် အမှုတွဲအမှတ် RP No.၄၆ of 2018 - 2019(30 Years)မြေငှားဂရန်သက်တမ်းမှာ(၂၂-၁-၂၀၀၆)မှ (၂၁-၁-၂၀၃၆)ရက်ထိ ဖြစ်ကြောင်း၊ (၁-၁၁-၂၀၂၂)ရက်တွင် ဒေါ်အေးကြည်(ဘ)ဦးစံဘ ၅/စကန(နိုင်) ၀၀၇၈၁၆မှ ဒေါ်မီမီလှိုင်(ဘ)ဦးကျော်လှိုင် ၅/စကန(နိုင်)၀၂၆၅၅၈သို့ အထူးကိုယ်စားလှယ်လွှဲစာ လွှဲအပ်ခဲ့ပြီး (၁၅-၃-၂၀၂၄)ရက်တွင် ဒေါ်မီမီလှိုင်မှ ကိုယ်စားလှယ်လွှဲအပ်သည့်ရက်မှစ၍ ယနေ့အထိ အထူးကိုယ်စားလှယ်လွှဲစာရုပ်သိမ်းထားခြင်းမရှိသည်မှာ မှန်ကန်ပါကြောင်း စစ်ကိုင်းခရိုင်တရားရုံး၌ ကျမ်းကျိန်ဆိုခဲ့၍ အဆိုပါဂရန်မြေကွက်အား (၁၅-၃-၂၀၂၄)ရက်တွင် ဒေါ်အေးကြည် မှ (အထူးကိုယ်စားလှယ်လွှဲအပ်ထားသူ ဒေါ်မီမီလှိုင်မှ လက်မှတ်ရေးထိုးသည်) ဦးဟန်ဝင်းထွဋ်(ဘ)ဦးမောင်မောင်သိန်း ၅/စကန(နိုင်)၂၆၁၂၂၅သို့ မြေကွက်နှင့် အဆောက်အအုံ အရောင်းအဝယ်စာချုပ်ချုပ်ဆို၍ စစ်ကိုင်းမြို့နယ်စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၌ မှတ်ပုံတင်ထားရှိခဲ့ပါသည်။ယခုအခါ မြေကွက်ဝယ်ယူပိုင်ဆိုင်သူ ဦးဟန်ဝင်းထွဋ် အမည်ဖြင့် မြေငှားဂရန်အမည်ပြောင်း လျှောက် ထားဆောင်ရွက်သွားမည် ဖြစ်ပါ၍ ကန့်ကွက်လိုသူမည်သူမဆို ယင်းမြေကွက်နှင့် ပတ်သက်ပြီးယနေ့မှစ၍ ၁၅ရက်အတွင်း စစ်ကိုင်းခရိုင်အထွေထွေအုပ်ချုပ်ရေးဦး စီးဌာနသို့(ရုံးချိန်အတွင်း) တရားဝင်ပိုင်ဆိုင်မှု အထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးမှ တင်ပြလာခြင်း ကို လက်ခံစဉ်းစားမည်မဟုတ်ဘဲ တည်ဆဲမြေယာ အက်ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
စစ်ကိုင်းခရိုင်၊ စစ်ကိုင်းမြို့

## ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ (၅)ရပ်ကွက်၊ အနော်ရထာလမ်း၊ (၃၇)လမ်းနှင့် (၃၈)လမ်းကြား၊ တိုက်အမှတ် (၁၀၄/၁၁၂)တွင် တည်ဆောက်ထားသည့် တိုက်၏ အခန်းအမှတ် (၁၃)၊ ပထမထပ်၊ အကျယ်အဝန်း (၁၃'x၅၀')ရှိ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန စုပေါင်းပိုင်အဆောက်အအုံ တိုက်ခန်းနှင့်တကွ ယင်းတိုက်ခန်းနှင့် တွယ်ကပ်ဆက်စပ်လျက်ရှိသည့်ပစ္စည်းများနှင့် ရေမီးစုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ အများသိစေရန်ကြော်ငြာချက်

အထက်ဖော်ပြပါ တိုက်ခန်းနှင့်တကွ ယင်းတိုက်ခန်းနှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၏ စုပေါင်းပိုင်အဆောက်အအုံ၊ တိုက်ခန်းပိုင်ဆိုင်ခွင့်မှတ်ပုံတင်စာအုပ်တွင် ဦးမြင့်သန်းဦး (၉/ပမန(နိုင်)၀၅၄၅၀၇)အမည်ဖြင့် လူနေထိုင်ခွင့်ရရှိထားသည့် တိုက်ခန်းဖြစ်ပြီး အဆိုပါ တိုက်ခန်းအား ယခုရောင်းချသူဖြစ်သော ဒေါ်မူယာအောင် (၁၂/တမန (နိုင်) ၀၀၁၆၇၆)သည် အမည်ပေါက်ပိုင်ရှင်ခင်ပွန်းဖြစ်သူကွယ်လွန်သည့်အတွက် အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိသူ တစ်ဦးအဖြစ် ၎င်းမှ တရားဝင် ပိုင်ဆိုင် ရောင်းချ၊ စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်း၊ အခြားအရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံပြောဆို၍ ရောင်းချရန်ကမ်းလှမ်းလာသဖြင့် ၎င်းထံမှ အဆိုပါတိုက် ခန်းနှင့်တကွ ယင်းတိုက်ခန်းနှင့်ပတ်သက်သော အကျိုးခံစားခွင့် အရပ်ရပ်တို့အား ကျွန်ုပ်၏မိတ်ဆွေက ဥပဒေနှင့်အညီ တရားဝင် ဝယ်ယူရန်အတွက် ရောင်းဘိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။

အဆိုပါတိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသော စာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်၏ထံသို့ ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဤအရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်မွန်မွန်ဦး ( LL.B, LLM)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၈၃၆)

ဒေါ်ညိုမာ (LL.B)
အထက်တန်းရှေ့နေ(စဉ်-၃၅၇၇၆)
အခန်းအမှတ် (308)၊ Office Tower (3), Time City,
ကျွန်းတောလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း - ၀၉-၄၃၀၆၆၅၈၀၊ ၀၉-၉၆၀၇၂၀၃၇၄

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၀)၊ သီပေါလမ်း၊ မြေကွက်အမှတ် (၈၆၃)၊ အကျယ်အဝန်း (၄၀ပေ × ၆၀ပေ)ရှိ ဦးမြင့်အုန်း(KWA - ၀၁၆၆၈၅) အမည်ပေါက် နှစ်(၆၀)ဂရန် မြေကွက်အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော မြေကွက်အမှတ် (၈၆၂)နှင့် ကပ်လျက် (၂၀ပေ × ၆၀ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ရှင်ကွယ်လွန်၍ အမွေဆက်ခံပိုင်ခွင့်ရှိသူ ဒေါ်ကျင်လှိုင်(၇/ကဝန(နိုင်)၀၃၃၅၂၆)၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၁၆၁၄/၂၀၂၃)အရ ရောင်းချပိုင်ခွင့်ရှိသူ ဦးအောင်ဆွေဦး (၁၁/အမန(နိုင်)၀၃၂၁၄၈) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန် အတွက်စရန်ငွေ ပေးချေထားပြီးဖြစ်ပါ သည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက် ကျော်လွန်ပါက အရောင်းအဝယ် ကိစ္စကိုဥပဒေနှင့် အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ် ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးခင်မောင်ဦး
LL.B, D.B.L, D.I.L.,
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)

ဦးပြည့်ဖြိုးအောင်
LL.B,
အထက်တန်းရှေ့နေ(စဉ်-၄၅၅၃၀)

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၂၀ ၁၂၄၀၀၃

## အမည်မှန်

လက်ပံတန်းမြို့နယ်၊ အထက ဇီးဖြူကုန်း နဝမတန်း(က)ခန်းနေ ဦးလှိုင်ဝင်းထွန်း ၇/လပတ(နိုင်)၁၂၃၂၉၉ ၏သမီးအမည်မှန်မှာ မသင်းမြတ်မိုး ဖြစ်ပါကြောင်း။

မသင်းမြတ်မိုး

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ် ဘဘ-၁၁၊ ဦးပိုင်အမှတ် (၆)၊ ၁၁၄လမ်း၊ ၄၈x၄၉ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးကျော်စိန် ၁၃/နခန(နိုင်)၀၃၈၃၆၄က အမှုတွဲအမှတ် (၁၄၉၅/၂၀၂၄-၂၀၂၅)ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

## ကြော်ငြာစာ

မန္တလေးမြို့၊ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၁ရပ်ကွက်၊ အကွက်အမှတ် ဏ-၆၊ ဦးပိုင်အမှတ်(၂၂)၊၁၀၇လမ်း၊ ၅၂x၅၃လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးစိန်ဝင်း၏ (GP ရရှိသူ ဒေါ်တင်တင်အုန်း)ထံမှ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်အမှတ်(၃၂၁၇/၂၀၂၃)ဖြင့်ဝယ်ယူခဲ့သူ ဦးဇော်မြင့်နိုင် ၁၂/မရက(နိုင်)၀၃၀၉၃၁၏(GPရရှိသူ ဦးစိုးနိုင်အောင်)က အမှုတွဲအမှတ်(၁၄၉၂/၂၀၂၄ -၂၀၂၅)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

စစ်ကိုင်းမြို့၊ ရွာထောင်ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည်(၈၁၀/ ရွှေသမား)၊ ဦးပိုင်အမှတ် (၁၃၇/ဃ၊ ၁၄၀/က၊ F-၄၇၉/၅၃၆)၊ မြေဧရိယာ ၁.၀၈ဧကရှိမြေသည် ဥက္ကဋ္ဌ၊ မြို့နယ်သမဝါယမအသင်းစု အမည်ဖြင့် မြေငှားဂရန် အမှုတွဲ အမှတ် RP.No-၈၃ V of 2000 မြေငှားဂရန် သက်တမ်းမှာ (၂၇-၅-၁၉၉၉)မှ(၂၆-၅-၂၀၂၉)ရက်အထိ ဖြစ်ကြောင်း။ အဆိုပါမြေငှားဂရန်အနက် ဦးပိုင်အမှတ်(၁၄၀/က-၁)၊ မြေဧရိယာ၀.၅၅ဧကရှိ မြေအား (၃-၁-၂၀၂၄)ရက်တွင် ဦးကံဌေး (ဘ)ဦးအောင်ထွန်း ၅/ခဥတ(နိုင်)၀၀၄၆၀၈ (ဥက္ကဋ္ဌ၊ စစ်ကိုင်းတိုင်းဒေသကြီးအထွေထွေစီးပွားရေးလုပ်ငန်း၊ သမဝါယမအသင်းလီမိတက်)မှ ဦးသီဟထွန်း(ဘ)ဦးတင်ရွှေ ၅/စကန(နိုင်)၀၈၈၀၆၁သို့ တရားဝင်မြေကွက် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရောင်းချခဲ့ပြီး စစ်ကိုင်းမြို့နယ် စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်ထားရှိခဲ့ပါသည်။ ယခုအခါမြေကွက် ဝယ်ယူပိုင်ဆိုင်သူ ဦးသီဟထွန်း အမည်ဖြင့် မြေငှားဂရန်ခွဲစိတ်၊ အမည်ပြောင်းလျှောက်ထား ဆောင်ရွက်သွားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူမည်သူမဆို ယင်းမြေကွက်နှင့် ပတ်သက်ပြီး ယနေ့မှစ၍ ၁၅ ရက်အတွင်း စစ်ကိုင်းခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့(ရုံးချိန်အတွင်း) တရားဝင်ပိုင်ဆိုင်မှု အထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးမှ တင်ပြလာခြင်းကို လက်ခံစဉ်းစားမည်မဟုတ်ဘဲ တည်ဆဲမြေယာ အက်ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေး ကြော်ငြာအပ်ပါသည်။

ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
စစ်ကိုင်းခရိုင်၊ စစ်ကိုင်းမြို့

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

